Kaung Tan Mining Co.,Ltd.

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊
ပါမိုင်းဒေသ၊ ခနောက်စိမ်းသတ္တုအလတ်စားလုပ်ကွက်(၃) ဧရိယာ(၄၉.၅၀)ဧက

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ
(IEE)

အစီရင်ခံစာပြုစုရေးသားသူများ

ဦးဇော်ဝင်းသန်း၊ ဦးတင့်အောင်၊ ဦးကျော်နိုင်
ဦးခွန်ဆုဖွေ၊ ဦးဖေသန်းမောင်၊ ဦးကျော်မင်းဦး
ဒေါ်နှင်းနှင်းလတ်

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

အကြောင်းအရာ **စာမျက်နှာ**

အခန်း(၁)

၁.၀ အကျဉ်းချုပ်အစီရင်ခံစာ ၁-၂၀

အခန်း(၂)

၂.၀ စီမံကိန်းစီမံခန့်ခွဲမှု ၂၁

၂.၁ နိဒါန်း ၂၁

၂.၂ စီမံကိန်းနောက်ခံအကြောင်းအရာ ၂၁

၂.၃ စီမံကိန်းဆောင်ရွက်သူ ၂၂

၂.၄ စီမံကိန်းစီမံခန့်ခွဲမှု ၂၂

၂.၅ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာတာဝန်ရှိသူများ ၂၃

၂.၆ စီမံကိန်းလုပ်ငန်းအားအတည်ပြုဝန်ခံကြောင်းနှင့် ၂၃-၂၄
တာဝန်ယူကြောင်းကတိဝန်ခံချက်

၂.၇ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် ၂၅
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာနမှ
သတ်မှတ်လျော်ကြေးငွေများပေးသွင်းမည်ဖြစ်ကြောင်းဝန်ခံကတိပြုချက်

၂.၈ ကတိကဝတ် ၂၆

အခန်း(၃)

၃.၀ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင် ၂၇

၃.၁ စီမံကိန်းဆိုင်ရာမူဝါဒများ ၂၇

၃.၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ ၂၇

၃.၃ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၆) ၂၈

၃.၄ ဥပဒေနှင့်မူဘောင်များ ၂၈-၃၈

၃.၅ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ ၃၈

၃.၅.၁ ပတ်ဝန်းကျင်လေထုအရည်အသွေး ၃၈

၃.၅.၂ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ ၃၉

၃.၅.၃ သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ ၄၀

၃.၅.၄ ဆူညံသံ (Noise) ၄၁
၃.၅.၆ လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်မည့်အချက်များ ၄၁
၃.၅.၇ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ၄၂
စာချုပ်များနှင့် သဘောတူညီချက်များ

အခန်း(၄)

၄.၀ စီမံကိန်းကြောင်းအရာဖော်ပြချက် ၄၃
၄.၁ စီမံကိန်းအကြောင်းအရာ ၄၃
၄.၂ စီမံကိန်း၏ရည်ရွယ်ချက် ၄၃
၄.၃ စီမံကိန်းတည်နေရာနှင့် အရွယ်အစား ၄၄
တည်နေရာပြမြေပုံများ၊ ခွင့်ပြုမိန့်နှင့် မြေပုံစံ(၁၀၅) ၄၅-၅၄
၄.၄ အဆောက်အဦများ ၅၅
၄.၅ ဘူမိဆိုင်ရာအချက်အလက်များ ၅၆
၄.၆ ခနောက်စိမ်းသတ္တုဖြစ်ထွန်းမှု ၅၆-၆၀
Regional Geological Map
Geological Map
Composite Exploration plan map
၄.၇ အကြိုတည်ဆောက်ခြင်း
သတ္တုတွင်းတူးဖော်ထုတ်လုပ်ခြင်းအဆင့် ၆၁
တည်ဆောက်ခြင်း
၄.၈ တူးဖော်ထုတ်လုပ်မည့်နည်းလမ်း ၆၁-၆၂
၄.၉ သတ္တုရိုင်းဆင့်တက်ပြုပြင်ခြင်း၊ သန့်စင်ခြင်းနှင့်
အပြီးသတ်ထုတ်ကုန်များ ၆၃
၄.၁၀ဘေးထွက်ပစ္စည်းများနှင့် စွန့်ပစ်မြေစာများ ၆၃
၄.၁၁ သတ္တုသယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ရေးစနစ်များ ၆၄
၄.၁၂ သတ္တုတွင်းလျှပ်စစ်ဓာတ်အား ထောက်ပံ့ရေးနှင့်
အထောက်အကူပြုစနစ်များ ၆၄
၄.၁၃ သတ္တုတွင်းပိတ်သိမ်းခြင်း ၆၄
၄.၁၄ အလုပ်အကိုင်ခန့်ထားခြင်း၊ ဒေသခံများအား ငှားရမ်းခြင်း၊ ၆၅
ဒေသတွင်းမှ ပစ္စည်း ဝယ်ယူခြင်း

၄.၁၅ အသုံးပြုသည့်စက်ယန္တရားအင်အား ၆၅
၄.၁၆ အသုံးပြုသည့် ဝန်ထမ်းအင်အား ၆၅
၄.၁၇ တစ်ရက်အလုပ်လုပ်ချိန် ၆၅
၄.၁၈ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ် ၆၆
၄.၁၉ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက် ၆၆
၄.၂၀ သုံးစွဲသည့်ဓာတုပစ္စည်းများ ၆၆
၄.၂၁ စီမံကိန်းကာလ ၆၇
၄.၂၂ စွန့်ပစ်ပစ္စည်း(အစိုင်အခဲ/အရည်/အခိုးအငွေ့) အမျိုးအစားနှင့်ပမာဏ ၆၇
၄.၂၃ စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးအချိန်ဇယား ၆၈

အခန်း(၅)

၅.၁ အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ ၆၉

အခန်း(၆)

၆.၀ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာပတ်ဝန်းကျင်တို့အကြောင်း ရှင်းလင်းဖော်ပြချက် ၇၀
၆.၁ နည်းစနစ်(Secondary Data) စုဆောင်းခြင်း ၇၀
၆.၂ လေ့လာသည့် ဧရိယာ၏ အုပ်ချုပ်ရေး(ရှမ်းပြည်နယ်) ၇၀
၆.၃ မြေမျက်နှာသွင်ပြင် ၇၀
၆.၄ ရာသီဥတု ၇၀
၆.၅ မြေအသုံးချမှု ၇၀
၆.၆ လေထုအခြေအနေနှင့် ဆူညံမှု ၇၁-၇၅
၆.၇ ချောင်း၊ မြောင်းများ ၇၆
၆.၈ ဇီဝဆိုင်ရာ ၇၆
၆.၉ လူမှုဆိုင်ရာ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအိမ်ထောင်စု လူဦးရေအခြေအနေ ၇၆
၆.၁၀ အခြေချနေထိုင်မှု ၇၆
၆.၁၁ လူမျိုးစု ၇၇
၆.၁၂ ပညာရေးအဆင့်အတန်း ၇၇
၆.၁၃ အလုပ်အကိုင်နှင့် အသက်မွေးမှု အခြေအနေ ၇၇

၆.၁၄ စိုက်ပျိုးမွေးမြူရေးအခြေအနေ ၇၇
၆.၁၅ လူထုကျန်းမာရေး ၇၇
၆.၁၆ သယ်ယူပို့ဆောင်ရေးစနစ် ၇၇
၆.၁၇ လူထုဆက်သွယ်ရေး ၇၈
၆.၁၈ လျှပ်စစ်သုံးစွဲမှု ၇၈
၆.၁၉ သောက်သုံးရေရရှိမှု ၇၈
၆.၂၀ ရေအရည်အသွေး ၇၉
၆.၂၁ အနီးဝန်းကျင်ရှိရှုပဆိုင်ရာ ၇၉
၆.၂၂ စီမံကိန်းလုပ်ကွက်အနီးဝန်းကျင်ရှိ မြေဆီလွှာ ၈၀

အခန်း(၇)

၇.၀ ထိခိုက်မှုကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ ၈၁
၇.၁ ပတ်ဝန်းကျင်အခြေအနေအပေါ်ထိခိုက်မှုများ ၈၁
၇.၂ လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ ၈၁-၈၂
၇.၃ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကာလ ၈၂
၇.၃.၁ ဆူညံသံနှင့်တုန်ခါမှု ၈၂-၈၃
၇.၃.၂ စွန့်ပစ်ရေစီမံခန့်ခွဲမှု ၈၃-၈၄
၇.၃.၃ ပတ်ဝန်းကျင်လေထုစီမံခန့်ခွဲမှု ၈၄-၈၅
၇.၃.၄ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ၈၅-၈၆
၇.၃.၅ မြေထုညစ်ညမ်းမှု ၈၆-၈၇
၇.၃.၆ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ၈၇-၈၈
၇.၃.၇ ဂေဟစနစ်စီမံခန့်ခွဲမှု ၈၉-၉၀
၇.၃.၈ လူမှုဝန်းကျင်အပေါ်ထိခိုက်မှု ၉၀-၉၁
ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်
အစီအစဉ်များဇယား ၉၂-၉၄
ထိခိုက်မှုဖော်ထုတ်ခြင်းနှင့်လျော့ပါးစေရေးနည်းလမ်းများ
ဖော်ဆောင်ရေးအဖွဲ့ ၉၅
ထိခိုက်မှုဖော်ထုတ်ခြင်းနှင့် လျော့ပါးစေရေးအတွက်
ရံပုံငွေလျာထားချက် ၉၅

အခန်း(၈)

၈.၀ အန္တရာယ်ဖြစ်နိုင်ခြေကိုဆန်းစစ်ခြင်း ၉၆

၈.၁ အရေးအပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစီမံချက် ၉၇

၈.၂ အန္တရာယ်ရှိစေသော ပစ္စည်းများကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ ၉၇-၉၈

၈.၃ လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ခြင်း ဆောင်ရွက်မှုများ ၉၈

၈.၄ အရေးပေါ်အခြေအနေတစ်ခုအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနများ ၉၉

၈.၅ အရေးပေါ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့နှင့် စီမံခန့်ခွဲရေးရံပုံငွေ လျာထားချက် ၉၉

အခန်း(၉)

၉.၀ ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ခြင်း ၁၀၀

၉.၁ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း ၁၀၀

၉.၂ ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ရေးစီမံချက် ၁၀၀

ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများချိတ်ဆက် ဆောင်ရွက်မည့်အဖွဲ့ ၁၀၁

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရံပုံငွေလျာထားချက် ၁၀၁

ထောက်ခံချက် ၁၀၂-၁၀၆

အများပြည်သူများနှင့်ဆွေးနွေးညှိနှိုင်းမှုရလဒ်များ ၁၀၇

၉.၃ ဒေသဖွံ့ဖြိုးရေးစီမံချက် ၁၀၇

စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ဆောင်ရေး ၁၀၈

အခန်း(၁၀)

၁၀.၀ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ် ၁၀၉

၁၀.၁ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း ၁၀၉

၁၀.၂ ကုမ္ပဏီ၏ လူမှုဆိုင်ရာတာဝန်များဆောင်ရွက်ခြင်း ၁၀၉

၁၀.၃ အန္တရာယ်ရှိစေသော ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ ၁၁၀

၁၀.၄ လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ခြင်း ဆောင်ရွက်မှုများ ၁၁၁

၁၀.၅ ထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကုစားသည့်နည်းလမ်း ၁၁၁

၁၀.၆ မြေဆီလွှာနှင့်မြေပေါ်/မြေအောက်ရေများညစ်ညမ်းမှု မဖြစ်စေရန်ကုစားမည့်နည်းလမ်း ၁၁၂

၁၀.၇ ဝန်းကျင်ဂေဟစနစ်အပေါ် ကုစားသည့်နည်းလမ်းများ ၁၁၂

၁၀.၈ လူမှုစီးပွားဘဝ အခြေအနေအပေါ် ကုစားသည့်နည်းလမ်းများ ၁၁၂

- ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ၁၁၃
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရံပုံငွေလျာထားချက် ၁၁၃

အခန်း(၁၁)

၁၁.၀ သတ္တုတွင်းပိတ်သိမ်းရေးအစီအစဉ် ၁၁၄

၁၁.၁ မိုင်းပိတ်သိမ်းမှုအစီအစဉ်နှင့် ရံပုံငွေလျာထားချက် ၁၁၅

မိုင်းပိတ်သိမ်းခြင်း ရံပုံငွေ အသေးစိတ်သုံးစွဲမည့်အစီအစဉ် ၁၁၅

မိုင်းပိတ်သိမ်းခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ ၁၁၅

၁၁.၂ မိုင်းပိတ်သိမ်းခြင်းရည်ရွယ်ချက် ၁၁၆

၁၁.၃ မိုင်းပိတ်သိမ်းပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၁၁၆

၁၁.၃.၁ စီမံကိန်းပိတ်သိမ်းခြင်း ၁၁၆

၁၁.၃.၂ စီမံကိန်းပိတ်သိမ်းပြီးကာလ ၁၁၇-၁၁၈

အခန်း(၁၂)

စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း ၁၁၉

၁၂.၁ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားခြင်း ၁၁၉

- စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအတွက် ရံပုံငွေ လျာထားချက် အသေးစိတ်သုံးစွဲမည့် အစီအစဉ် ၁၁၉

ဆူညံသံ ၁၂၀

မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး ၁၂၀

လေထုအရည်အသွေး ၁၂၁

မြေထုအရည်အသွေး ၁၂၂

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှု ၁၂၂

ဂေဟစနစ် ၁၂၃

လူမှုပတ်ဝန်းကျင်အခြေအနေ ၁၂၄

အခန်း(၁၃)

၁၃.၁ အကြံပြုတင်ပြချက် ၁၂၅-၁၂၆

အခန်း(၁၄)

၁၄.၁ နိဂုံး ၁၂၇

နောက်ဆက်တွဲများ

(က) ကတိကဝတ်များ

(ခ) ကုမ္ပဏီမှတ်ပုံတင်အချက်အလက်များ

(ဂ) အစီရင်ခံစာရေးသားသူများ၏ ကိုယ်ရေးအချက်အလက်များ

(ဃ) လေ၊ ရေ၊ မြေ၊ ဆူညံသံတိုင်းတာမှုမှတ်တမ်းဓာတ်ပုံများနှင့်
လုပ်ကွက်မှတ်တမ်းဓာတ်ပုံများ

အခန်း(၁)

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊မောက်မွန်းကျေးရွာအုပ်စု

ပါးမိုက်ဒေသခနောက်စိမ်းသတ္တုရိုင်းအလတ်စားတူးဖော်ထုတ်လုပ်ခွင့်တင်ပြထားသော

လုပ်ကွက်အမှတ်(၃)မြေဧရိယာ (၄၉.၅၀) ဧက၏

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း

(Initial Environmental Examination)

(IEE)

အကျဉ်းချုပ်အစီရင်ခံစာ

၁။ နိဒါန်း

စီမံကိန်းလုပ်ကွက်သည်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါမိုင်း ကျေးရွာအနီးတည်ရှိပြီး တစ်လက်မ တစ်မိုင်စကေးမြေပုံညွှန်း၊ ၉၃ ဂျီ/၈ အမ် (၈၈၅၄၈၅၊ ၈၉၀၄၈၅၊ ၈၉၀၄၈၀၊ ၈၈၅၄၈၀)၊ UTM မြေပုံအမှတ်၊ 2197-04&08 ၊ ခန့်မှန်းမြေပုံညွှန်း A(21° 02' 08.96" N, 97° 15' 16.81" E), B-(21° 02' 09.17" N, 97° 15' 32.65" E),C-(21° 01' 54.08"N, 97° 15' 17.06" E), D-(21° 01' 54.31"N, 97° 15' 32.91" E) အတွင်းကျရောက်ပါသည်။ လုပ်ကွက်သည်ဟိုပုံးမြို့မှ မြောက်ဘက် ၂၃.၅ မိုင်ကွာဝေးပြီး ဧရိယာအကျယ်အဝန်း (၄၉.၅၀)ဧက ရှိပါသည်။ ၁၉၉၀ ခုနှစ်တွင် ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ ဦးဖုန်းမြင့်နှင့် အဖွဲ့သည် ပါးမိုက်ဒေသဝန်းကျင်တွင် ကွင်းဆင်းလေ့လာမှုဆောင်ရွက်ခဲ့ရာ Linwe Formation ကျောက်လွှာ(Phacoidal Limestone)အတွင်း ခနောက်စိမ်း ဖြစ်ထွန်းမှုတွေ့ရှိခဲ့ပြီး (၉.၈၆%) ပါဝင်သော (သ-၃) တန်ချိန်(၁၅၃၀) တွက်ချက်ခဲ့ ပါသည်။ ၂၀၁၁ခုနှစ်တွင် သတ္တုတွင်းဦးစီဌာနမှ ဦးဇော်ဝင်းသန်းနှင့်အဖွဲ့သည် ပါးမိုက်နှင့် လွယ်ကျောင်းဒေသတွင် မီးခိုးရောင် ထုံးကျောက်အတွင်း ခနောက်စိမ်းသတ္တုရိုင်းတွေ့ရှိခဲ့ကြောင်း ကွင်းဆင်းအစီရင်ခံစာတွင်ဖော်ပြထားပါသည်။ ၂၀၁၃ ခုနှစ် မှ ၂၀၁၅ ထိ ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီမှ စီမံကိန်းဧရိယာဝန်းကျင်တွင် ခနောက်စိမ်းသတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ အလတ်စားထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ရေးဆွဲတင်ပြခဲ့သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာတင်ပြမှုအပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း (နေပြည်တော်)၏ (၄.၆.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၂၇၀၇/သတလ-၁/ကတ/အခရ/၁၉-၂၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၂၆.၅.၂၀၂၀) ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၉(၁၁၅၀/၂၀၂၀)ဖြင့် ပြန်ကြားလာသည့် ပတ်ဝန်းကျင် ထိန်းသိမ်း ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်အား ပြန်လည်ပြုစုရေးဆွဲကာ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာအား တင်ပြခြင်းဖြစ် ပါသည်။

၂။ စီမံကိန်းစီမံခန့်ခွဲမှု

၂၀၁၅ ခုနှစ်တွင် Kaung Tan Mining Co., Ltd. မှ ခနောက်စိမ်းသတ္တုအလတ်စား ထုတ်လုပ်နိုင်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်းဆောင်ရွက်မှုအရ ပါးမိုင်းကောင်တန်လုပ်ကွက်အမှတ်(၂) အတွင်းသတ္တုစွဲဝင်ဇုန်အလျား (၇၀၀)ပေ၊ အနက်(၁၇၇)ပေ၊ အထူ(၂.၁၃)ပေရှိသော ခနောက်စိမ်းသတ္တုစွဲဝင်ဇုန်အား တွေ့ရှိခဲ့ပါသည်။ ၎င်းသတ္တုစွဲဝင်ဇုန်အား တန်ချိန်တွက်ချက်မှုအရ (၈၁၀၀)မတ်ထရစ်တန် ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါသည်။ စီမံကိန်းအားမိုင်းသက်တမ်း(၁၅)နှစ်ကျော် လုပ်ကိုင်ရန်ခန့်မှန်းထားပြီး(၁) နှစ်လျှင် သတ္တုရိုင်းတန်ချိန်(၃၀၀)ခန့် တူးဖော်ရန်လျာထားပါသည်။ ယခုလျာထားချက်အတိုင်း နှစ်စဉ်ပုံမှန်ထုတ်လုပ်နိုင်ပါက (၂၀၄၇) ခုနှစ်ကျော်အထိ လုပ်ကိုင်နိုင်မည့်ခန့်မှန်းထားပြီး မိုင်းပိတ်သိမ်းမည့်အစီအစဉ်များကိုလည်း ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါသည်။

ပါးမိုက်ဒေသစီမံကိန်းနှင့်ပတ်သက်၍ ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၄၇၇၉၀၄၂ ဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ(၁၄) ရက်နေ့တွင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီ၏ လိပ်စာမှာ အမှတ်(၄၃)၊ အနောက်ရပ်(ကွက်သစ်)၊ ပင်လောင်းမြို့ ဖြစ်ပြီး၊ ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ ၀၉- ၅၂၁၆၂၇၇ ဖြစ်ပါသည်။

ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာမှာ ခွန်စိုးမိုးကျော် ဖြစ်ပြီး၊ ဒါရိုက်တာအဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်-

စဉ်	အမည်	ရာထူး	နိုင်ငံသား အမှတ်	လိပ်စာ
၁	ဦးခွန်စိုးမိုးကျော်	မန်နေးဂျင်း ဒါရိုက်တာ	၁၃/ပလန(နိုင်) ၀၄၅၅၈၀	အနောက်ရပ်(ကွက်သစ်)၊ ပင်လောင်း
၂	ဦးခွန်ကြည်ရအောင်	ဒါရိုက်တာ	၁၃/တကန(နိုင်) ၁၉၁၀၈၉	၇/၁၃၊ အနောက်မြို့ပတ်လမ်း၊ ရွှေတောင်ရပ်၊ တောင်ကြီးမြို့
၃	ဦးခွန်နေလင်းနိုင်	ဒါရိုက်တာ	၁၃/ပလန(နိုင်) ၀၇၆၉၂၂	ပင်မွန်းတောင်ရွာ၊ ပင်လောင်းမြို့နယ်
၄	ဦးခွန်တီးတုတ်	ဒါရိုက်တာ	၁၃/တကန(နိုင်) ၂၁၇၇၅၄	ပင်မွန်းတောင်ရွာ၊ ပင်လောင်းမြို့နယ်

စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်သူများမှာ -

စဉ်	အမည်	ရာထူး	တာဝန်	မှတ်ချက်
၁	ဦးခွန်စိုးမိုးကျော်	မန်နေးဂျင်း ဒါရိုက်တာ	အုပ်ချုပ်ရေး	
၂	ဦးခွန်စိန်ထူးအောင်	မန်နေဂျာ	စီမံခန့်ခွဲရေး	
၃	ဦးခွန်ထွန်းကျော်	မန်နေဂျာ	တူးဖော်ရေး	
၄	ဦးခွန်ဆုဗွေ	ဘူမိဗေဒပညာရှင်	တူးဖော်ရေး	
၅	ဦးဖေသန်းမောင်	ဘူမိဗေဒပညာရှင်	တူးဖော်ရေး	

အစီရင်ခံစာရေးသားသူများ၏ ကိုယ်ရေးအချက်အလက်များ နောက်ဆက်တွဲ(က)တွင် ပူးတွဲဖော်ပြထားပါသည်။

၃။ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်၊ ကတိကဝတ်

ကုမ္ပဏီ၏ ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းများဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုများလျော့နည်းစေရေးအတွက် ဤအစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် မီးဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များ၊ မိုင်းပိတ်သိမ်းရေးအစီအစဉ်များအတွက် ရံပုံငွေများလျာထား သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများနှင့်လည်းစဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး၍ အကြံပြုချက်၊ ဒေသခံများ၏လိုလားချက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် စီမံကိန်းနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စာချုပ်ပါအချက်များ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် နိုင်ငံတကာမှ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းကိုစီမံကိန်းဆောင်ရွက်သူမှ ကတိပြုပါကြောင်း၊ ဤအစီရင်ခံစာပါဖော်ပြပါ အချက်အလက်များမှာလည်း ပြည့်စုံမှန်ကန်မှုရှိပါကြောင်း၊ အစီရင်ခံစာရေးသား ပြုစုသူများမှ ဝန်ခံကတိပြုကြပါသည်။

၄။ စီမံကိန်းအကြောင်းရှင်းလင်းချက်

အကြိုတည်ဆောက်ခြင်းကာလ

စီမံကိန်းဒေသဝန်းကျင်တွင် စမ်းသပ်တိုင်းတာရေးလုပ်ငန်းများအား (၁၇.၂.၂၀၁၆)မှ (၁၆.၂.၂၀၁၈)ခုနှစ်ထိ (၂)နှစ် ဆောင်ရွက်ခဲ့ပါသည်။ စမ်းသပ်တိုင်းတာမှုအရ သတ္တုရိုင်း (၉.၁၄%) ပါဝင်သော (သ-၂)အဆင့်မတ်ထရစ်တန် (၈၁၀၀)တွက်ချက်နိုင်ခဲ့ပါသည်။ အလတ်စားထုတ်လုပ်ရေးသို့ ကူးပြောင်းလုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုတင်ပြထားဆဲဖြစ်ပါသည်။ အလတ်စားထုတ်လုပ်

ရေး ဆောင်ရွက်ခွင့်ရရှိပါက ကနဦးရင်းနှီးမြှုပ်နှံ ငွေကျပ်သိန်း(၅၀၀)ဖြင့် သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်လျာထားပါသည်။

ပါးမိုက်ဒေသတွင် ခနောက်စိမ်းသတ္တုရိုင်းအား ပင်ရင်းသိုက်(Primary Deposit)နှင့် ကြွင်းစုသိုက်(Residual Deposit)ဟူ၍ အမျိုးအစား (၂)မျိုးတွေ့ရှိရပါသည်။ ပင်ရင်းသိုက်အား ပြတ်ရွေ့ကြောင်းတလျှောက် ဖြစ်ပေါ်နေသော ကြေမွစုန်အတွင်း ခနောက်စိမ်းသတ္တုရိုင်း စွဲဝင်ဖြစ်ထွန်းမှုတွေ့ရှိရပြီး ၎င်းဖြစ်ထွန်းဇုန်အား မြေအောက်လိုဏ်ဂူတူးဖော်ခြင်း နည်းစနစ်ဖြင့် လုပ်ကိုင်ပါမည်။ မြေပြင်အနီးတွင်ဖြစ်ပေါ်သောကြွင်းစုသိုက် (ဒေသအခေါ် ဥကျောက်များ Oxidized Ore) အားဟင်းလင်း ဖွင့်စနစ်ဖြင့်တူးဖော်ပါသည်။ ခနောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းအား မြေအောက်လိုဏ်တူးဖော်မှုစနစ်ဖြင့် တူးဖော်လုပ်ကိုင်ခြင်းဖြစ်ပြီး၊ ခနောက်စိမ်းသတ္တုနှင့်အတူ သတ္တုစွဲဝင်နေသောအိမ်ခံကျောက် (Host Rock)တူးဖော်ဆောင်ရွက်ရခြင်းကြောင့် သတ္တုနှင့် စွန့်ပစ်ကျောက်ထွက်ရှိမှုအချိုးမှာ (၁:၄)ဖြစ်ပါသည်။ (၁)နှစ်အတွက် ခနောက်စိမ်းတန်ချိန် (၃၀၀)တူးဖော်လျှင် စွန့်ပစ်ကျောက်(၁၂၀၀)တန် ထွက်ရှိနိုင်ပါသည်။ စွန့်ပစ်ကျောက်များကို အလျား(၂၀၀)ပေ၊ အနံ (၄၀၀)ပေရှိ (၂)ဧကခန့်ကျယ်ဝန်းသောမြေနေရာတွင် ဖြန့်ကျက်၍ စနစ်တကျကျောက်ရိုးစီ၍ စုပုံထားရှိပါမည်။ စွန့်ပစ်ကျောက်(၁၀၀)ကုဗပေသည် (၄.၅)တန်အလေးချိန်ရှိပါသည်။ အကျယ်အဝန်း (၂)ဧကခန့်ရှိမြေနေရာတွင် အမြင့်(၆)ပေ၊ လျောစောက်(၄၅°)ဖြင့်စွန့်ပစ်ပါက (၁၅)နှစ်ကာလ ထွက်ရှိမည့် စွန့်ပစ်ကျောက်တန် (၁၈၀၀၀)အား စွန့်ပစ်နိုင်ပါသည်။ စွန့်ပစ်ကျောက်များအား ရေရှည်စုပုံထားခြင်းမပြုဘဲ ဒေသအတွင်းမြို့ပြလုပ်ငန်းများဖြစ်သော ကျေးရွာချင်းဆက်လမ်းများအား ကျောက်ခင်းခြင်း၊ ကျေးရွာလူနေအိမ်များတွင် ဆောက်လုပ်ရေးအသုံးပြုခြင်း၊ တူးဖော်ပြီးသောလိုဏ်ဂူများသို့လည်း ပြန်လည်ဖြည့်တင်းခြင်း ပြုလုပ်မည်ဖြစ်သဖြင့် စွန့်ပစ်ကျောက် အများအပြားစုပုံထားခြင်းမပြု၍ တိုက်စားပြိုကျမှုများ အန္တရာယ်ကြုံတွေ့နိုင်ခြင်းမရှိပါ။ ကျေးရွာလူနေအိမ်ခြေများနှင့်(၁)မိုင်ခွဲ၊ ကုမ္ပဏီဝန်ထမ်းများနေထိုင်ရာ အဆောက်အဦများနှင့်လည်း ပေ(၁၅၀၀)ခန့်ကွာဝေးသည့်အတွက် စွန့်ပစ်ကျောက်များပြိုကျခြင်းမှ ကင်းလွတ်နိုင်မည် ဖြစ်ပါသည်။ ထုတ်လုပ်ရရှိသောသတ္တုရိုင်းများအား ပါးမိုက်စီမံကိန်းလုပ်ကွက်မှ မိုင်(၃၀)ကွာဝေးသောကုမ္ပဏီ၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် လိုင်ဟာမြားခနောက်စိမ်းဆင့်တက်ပြုပြင် သန့်စင်စက်ရုံသို့ပို့ဆောင်၍ သတ္တုပါဝင်မှု (၅၀%) မှ (၆၀%) ပါဝင်သော (Antimony Concentrate) အား ထုတ်လုပ်မည်ဖြစ်ပါသည်။

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း(တည်ဆောက်ခြင်းကာလ)

စီမံကိန်းဆောင်ရွက်ရာတွင် စုစုပေါင်းလူဦးရေ(၂၀)ဦးဖြင့် လုပ်ကိုင်မည်ဖြစ်ပြီး တူးဖော်မှုလုပ်ငန်းများအတွက်(Excavator 6 Ton)(၁)စီး၊(25 HP)(7.5 KVA Generator) (၁)လုံး၊ (DumpTruck)(၃)စီး အသုံးပြုလုပ်ကိုင်ပါသည်။ (၁)နှစ်လောင်စာဆီ လိုအပ်ချက်မှာ ဒီဇယ် (၁၁၅၀၀)ဂါလံ၊ ဓါတ်ဆီ(၄၅၀)ဂါလံနှင့် ချောဆီ(၆၄)ဂါလံဖြစ်ပြီး (၁၅)ရက်(၁)ကြိမ် ဝယ်ယူသိုလှောင် သုံးစွဲပါမည်။ စီမံကိန်းလုပ်ငန်းတွင် ဓာတုပစ္စည်းများ လုံးဝ သုံးစွဲခြင်းမရှိပါ။

တူးဖော်ရေးလုပ်ငန်းတွင် ယမ်းဖောက်ခွဲမှုဆောင်ရွက်ရန်အတွက် (32mm Emulsion) ယမ်းပျော့နှင့်ဆက်စပ်ပစ္စည်းများဖြစ်သော(Detonator)(Safety Fuse)အားသတ္တုတွင်းဦးစီးဌာနမှ မှာယူ၍ကာကွယ်ရေးဝန်ကြီးဌာနမှ ဝယ်ယူသုံးစွဲပါသည်။ တစ်ရက်လျှင်ယမ်း(၁)ကြိမ်ဖောက်ခွဲခြင်း ပြုလုပ်ပါသည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများအား ဟိုပုံးမြို့နယ်လိုင်ဟာမြားစခန်းရှိ တန်(၃၀)ဆံ့ ယမ်းသိုလှောင်ရုံတွင်းထားရှိပြီး(၁၅)ရက်တစ်ကြိမ်သွားရောက်ထုတ်ယူသုံးစွဲပါသည်။

(၁)နှစ်အတွက်ရေလိုအပ်ချက်မှာ စီမံကိန်းလုပ်ငန်းအတွက်ရေဂါလံ စုစုပေါင်း(၂၀၀၀၀၀)ခန့် ဖြစ်ပါသည်။ စီမံကိန်းနေရာမှ မြောက်ဘက်ပေ(၅၀၀)ခန့်အကွာ နမ့်ဟိုမူချောင်းမြေပေါ်ရေကို ရေစုပ် ပန့်ဖြင့် သွယ်ယူသုံးစွဲပါသည်။ စီမံကိန်းနှင့်အနီးဝန်းကျင်ဒေသတွင် မြေအောက်ရေရယူ သုံးစွဲခြင်း မရှိပါ။ မြေပေါ်ရေ၏ ရေနမူနာဓါတ်ခွဲစမ်းသပ်မှုရလဒ်မှာလည်း ကောင်းမွန်ပါသည်။

(၁)ရက်အလုပ်လုပ်ချိန် နံနက်(၈)နာရီမှ(၁၂)နာရီ၊ နေ့လည်(၁)နာရီမှ (ညနေ(၅)နာရီထိ စုစုပေါင်းအလုပ်လုပ်ချိန်(၈)နာရီဖြစ်ပါသည်။ နေ့ဆိုင်း(၁)ဆိုင်းသာလုပ်ကိုင်ပြီး ညဆိုင်းလုပ်ငန်း ဆောင်ရွက်မှုမရှိပါ။ စီမံကိန်းဝန်းကျင်ရှိ လေထုအရည်အသွေးမှာ (Haz-Scanner) (Model EPAS) လေတိုင်းတာစက်ဖြင့်တိုင်းတာရာတွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) (Ambient Air Quality Standards) အတွင်းဖြစ်သောကြောင့် လေထု အရည် အသွေးမှာ ကောင်းမွန်ကြောင်းသိရှိရပါသည်။

ပါးမိုက်ဒေသရှိ မြေဆီလွှာ၏ဓါတ်ခွဲစမ်းသပ်မှုအဖြေအရ (moisture 10.6921,PH6.07, Organic Carbon 2.01,K_2O21.5mg/100g,P3.8ppm)ပါဝင်မှုတွေ့ရှိရပါသည်။

မိုင်းပိတ်သိမ်းခြင်းကာလ

ခနောက်စိမ်းသတ္တုများ စီးပွားဖြစ်ထုတ်လုပ်နိုင်သော အခြေအနေမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနသို့ သတ္တုတွင်းပိတ်သိမ်းရေးလုပ်ငန်းများအတွက် (၁)နှစ်ခန့် ကြိုတင်၍ အပ်နှံသွားမည်ဖြစ်ပြီး၊ ခနောက်စိမ်းတူးဖော်ပြီး မြေအောက်လိုဏ်ဂူများကို ရှေ့စား နောက်ပစ်ပြန်ဖို့စနစ်ဖြင့်ဆောင်ရွက်သွားပါမည်။ မိုင်းပိတ်သိမ်းခြင်းမပြုမီ အကြိုတည်ဆောက်ခြင်း၊ မိုင်းပိတ်သိမ်းသည့်ကာလ၊ မိုင်းပိတ်သိမ်းပြီးကာလစသည်ဖြင့် အချိန်ကာလများ ခွဲခြားသတ်မှတ်၍ မိုင်းပိတ်သိမ်းခြင်းကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်သွားပါမည်။ မိုင်းပိတ်သိမ်းသည့်ကာလတွင် တူးဖော်ထားသောကျင်း၊ လှိုဏ်များမြေပြန်လည်ဖို့ခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုး ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကုမ္ပဏီ၏ကိုယ်စားလှယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့နှင့် လုပ်ကွက်ဧရိယာမှ မြေပြိုတိုက်စားမှု အန္တရာယ်များ၊ လေထု၊ ရေထု ညစ်ညမ်းနိုင်သောကိစ္စများ၊ ဆိုးကျိုးသက်ရောက်နိုင်မှုများကို အနည်းဆုံး(၃)နှစ်အထိ စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် ဆောင်ရွက်သွားပါမည်။

၅။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

စီမံကိန်းလုပ်ငန်းလုပ်ဆောင်မှုကြောင့် ခနောက်စိမ်းသတ္တုရိုင်းနှင့် စွန့်ပစ်ကျောက်ထွက်ရှိမှု အချိုးမှာ (၁:၄)ဖြစ်ပါသည်။ (၁)နှစ်အတွက်စွန့်ပစ်ကျောက်တန်ချိန် (၁၂၀၀)ထွက်ရှိပါသည်။

၎င်းစွန့်ပစ်ကျောက်များအား လုပ်ကွက်အတွင်းသတ်မှတ်ထားသည့် (၁.၅)ဧကအကျယ်ရှိ စွန့်ပစ်ကျောက်စုပုံနေရာ(Waste rock material Dumping Site)တွင်ထားရှိ၍ စီမံကိန်း ပတ်ဝန်းကျင်ရှိ လမ်းများခင်းခြင်း၊ ကျင်းချိုင့်များဖို့ခြင်း၊ တူးဖော်ပြီးလိုဏ်ဂူများအတွင်း ပြန်လည် ဖြည့်ခြင်းများ ဆောင်ရွက်ပါမည်။

လူ့အသုံးအဆောင်နှင့်စွန့်ပစ်ပစ္စည်းများ၊ စားဖိုဆောင်ထွက်စွန့်ပစ်အမှိုက်များအား တူးဖော်ရေးစခန်းနှင့် ပေ(၃၀)ခန့်ဝေးသောနေရာတွင် အလျား(၅)ပေ၊ အနံ(၅)ပေနှင့် အနက်(၅)ပေရှိ ကျင်းအတွင်းသို့စွန့်ပစ်စေခြင်း၊ မီးရှို့ဖျက်စီးခြင်းများ ဆောင်ရွက်ပါသည်။ စီမံကိန်းလုပ်ငန်းမှ စားဖိုဆောင် နှင့်ဝန်ထမ်းများအသုံးပြုသည့်စွန့်ပစ်ရေပမာဏမှာ (၁)ရက်လျှင် ဂါလံ(၅၀၀)ခန့် ထွက်ရှိပြီး ၎င်းစွန့်ပစ်ရေများအား (၆)ပေပတ်လည် (၅)ပေအနက်ရှိသည့် စွန့်ပစ်ရေစုဆောင်းကန်အတွင်းစီးဝင်စေပြီး စိုက်ပျိုးပင်များ ရှင်သန်ဖြစ်ထွန်းစေရေးအသုံးပြုပါသည်။ သတ္တုတူးဖော်ရေမြေအောက်လိုဏ်ဂူအတွင်းမှမိုးရာသီတွင်စိမ့်ထွက်ရေ (၁)ရက် (၁၅)ဂါလံထွက်ရှိပြီး နွေရာသီတွင် ထွက်ရှိခြင်းမရှိပါ။

စက်ယန္တရားမှထွက်ရှိသော စက်သုံးဆီ၊ချောဆီများ မြေပြင်ပေါ်သို့စွန့်ပစ်မှုမပြုစေပဲ ဆီခံခွက်များထားရှိခြင်း၊ ပုံးများအတွင်းသိုလှောင်ခြင်း ပြုလုပ်ပါမည်။ စီမံကိန်းလုပ်ငန်းတည်ဆောက်ခြင်းအတွက် မြေနေရာရှင်းလင်းခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ သတ္တုရိုင်းတူးဖော်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စက်ယန္တရားများ အသုံးပြုမောင်းနှင်ခြင်းကြောင့် လေထုအတွင်းသို့ အခိုးအငွေ့နှင့်အမှုန်အမွှားများပျံ့လွင့်စေပါသည်။ ၎င်းအမှုန်အမွှားနှင့် အခိုးအငွေ့များထွက်ရှိမှု ပျံ့လွင့်မှုသက်သာစေရန်အတွက် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကိုရေဖျန်းခြင်း၊ စက်ယန္တရားများအား အနည်းဆုံးလိုအပ်သလောက်သာ သုံးစွဲခြင်း၊ လေကာသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာအခြေအနေများ

စီမံကိန်းဆောင်ရွက်သည့် ပါးမိုက်ဒေသသည် ရှမ်းကုန်းပြင်မြင့်အတွင်းပိုင်းတွင်ကျရောက်လျက်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အမြင့် (၁၀၃၀ မှ ၁၁၅၀)မီတာအတွင်း တည်ရှိပါသည်။ ဒေသတွင်း တောင်ကုန်းတောင်တန်းများကျယ်ပျံ့သော လွင်ပြင်များအား တောင်မြောက်တန်းလျက်တွေ့ရှိရပါသည်။ စီမံကိန်းဧရိယာ၏အရှေ့ဖက် (၂.၅)မိုင်ခန့်အကွာတွင် လွယ်မွန်းတောင်တန်းသည်တောင် မြောက်သွယ်တန်းနေပြီးအမြင့်ဆုံး တောင်ထိပ်မှာအမြင့် မီတာ(၂၀၆၁)ရှိ ပါသည်။ ဒေသတွင်းရာသီဥတုမှာ ပူအိုက်စွတ်စို၍အေးမြသော ရာသီဥတုဖြစ်ပါသည်။

တောင်ကုန်းမြင့်များတွင်း သစ်ပင်ငယ်များနှင့်ချုံပင်များ ပေါက်ရောက်မှုရှိပြီး မြေပြန့်လွင်ပြင်များတွင်တောင်ယာစပါးနှင့်ပဲမျိုးစုံစသည့် ရာသီအလိုက်စိုက်ပျိုးပင်များအား ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထားမှုတွေ့ရပါသည်။

သဘာဝပေါက်ပင်များအနေဖြင့် လင်းရာ၊ ဇီးဖြူ၊ ဂေါ်ပင်၊ သစ်ရာ၊ လက်ပံ၊ ဝါးပင်နှင့် ချုံပင်များပေါက်ရောက်ပါသည်။ စီမံကိန်ဝန်းကျင်ရှိတွေ့ရှိရသော တိရိစ္ဆာန်များမှာစာကလေး၊ ဂျိုး၊

ခါ ၊ ရှဉ့်၊ ပုတ်သင်ညို၊ နဂါးကောင်၊ လိပ်ပြာ၊ ပျား၊ ပုဇင်း၊ ကျိုင်းကောင်၊ ကြွက်၊ မြွေ၊ ယုန်စသည့်အကောင်ငယ်များ ဖြစ်ပါသည်။

လုပ်ကွက်မြောက်ဘက်ရှိ ချောင်းငယ်အတွင်း ငါးကလေးများကျက်စားနေမှုအားတွေ့ရှိရပါသည်။ ပါးမိုက်ဒေသဝန်းကျင်သည် ဇီဝမျိုးစုံ၊ မျိုးကွဲများထိန်းသိမ်းရေး နယ်မြေများ၊ ရှားပါးတိရိစ္ဆာန် နှင့်မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော ရှားပါးမျိုးစိတ်များ၊ သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နယ်မြေများတွင် ပါဝင်မှုမရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရလည်းကောင်း သစ်တောဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးချက်များအရလည်းကောင်း သိရှိရပါသည်။

စီမံကိန်းဝန်းကျင်အနီးဒေသသည် လူနေကျဲပါးပါသည့်လုပ်ကွက်နှင့် အနီးဆုံးကျေးရွာမှာ (၁.၅)မိုင်ခန့်ကွာဝေးသည့်ပါးမိုက်ရွာနှင့် (၂)မိုင်ခန့်ကွာဝေးသည့် ဟွေဟိုင်းရွာဖြစ်ပါသည်။ ပါးမိုက်ကျေးရွာတွင်အိမ်ခြေ(၄၀)လူဦးရေ (၁၈၃)ဦးရှိပြီး ပအိုဝ်လူမျိုးများအများစုနေထိုင်ကာ ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ပါးမိုက်ကျေးရွာတွင်ဗုဒ္ဓဘာသာဘုန်းတော်ကြီး(၁)ကျောင်းနှင့် အစိုးရမူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ အစိုးရလျှပ်စစ်ဓါတ်အားရယူသုံးစွဲခြင်းနှင့် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးလက်ဒေသခံများမှာ သစ်သားတိုင် ပျဉ်ကာ၊ ထရံကာနှင့် သွပ်မိုးအဆောက်အဦများ ဆောက်လုပ်နေထိုင်ကြပါသည်။ ကျေးရွာအနီး (၃)ဖာလုံခန့်အကွာတွင် ဖြတ်သန်းစီးဆင်းနေသော နမ့်ဟိုမူချောင်းရေကို မြောင်းများဖောက်လုပ်သွယ်ယူ၍ သုံးစွဲကြပါသည်။ ဒေသခံများသည်တောင်ယာ စပါး၊ ပဲစဉ်းငုံ၊ ပြောင်း၊ ချင်း၊ နနွင်းကို အဓိကစိုက်ပျိုးကြပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေးအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဝက် အနည်းငယ်မွေးမြူ၍ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ ကျေးရွာဒေသခံများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

၇။ ဖြစ်ပေါ်နိုင်သောအဓိကထိခိုက်မှုများနှင့်လျော့ပါးစေရေးနည်းလမ်းများ

စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လမ်းဖောက်လုပ်ရခြင်းကြောင့်အပေါ်ယံမြေဆီလွှာနှင့် သစ်ပင်အနည်းငယ်ထိခိုက်မှုရှိနိုင်ပါသည်။ မြေအောက်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် လိုဏ်ဂူအဝင်ဝသို့ချဉ်းကပ်လမ်းပေ(၂၀၀)ခန့် ဖောက်လုပ်ရခြင်းကြောင့် တောတောင်အခြေအနေထိခိုက်မှုနှင့် သစ်ပင်အနည်း ငယ်ထိခိုက်မှုဖြစ်ပေါ်ခဲ့ပါသည်။ တောတောင်အခြေအနေထိခိုက်မှုကြောင့် ဇီဝမျိုးစုံထိခိုက်မှုကိုအနည်းငယ်ဖြစ်ပေါ်စေပါသည်။ မြေနေရာရှင်းလင်းခြင်း လမ်းဖောက်လုပ်ခြင်း၊ တူးဖော်မှုဆောင်ရွက်ခြင်း၊ ယာဉ်နှင့်စက်ယန္တရားများ မောင်းနှင်ခြင်းကြောင့် အမှုန်အမွှားနှင့်အခိုးအငွေ့ များလေထုအတွင်းပျံ့လွင့်နိုင်သော်လည်း လုပ်ကွက်အတွင်းလုပ်ငန်းခွင်အတွင်းသာသက်ရောက်မှုရှိနိုင်ပါသည်။ တူးဖော်ရေးလုပ်ငန်းဖြစ်သော ယမ်းဖောက်ခွဲခြင်းဆောင်ရွက်ရာတွင် မြေအောက်လိုဏ်ဂူ အတွင်းဖောက်ခွဲလုပ်ကိုင်ခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုလုပ်ကွက်အတွင်းအနည်းငယ် သက်ရောက်မှုရှိနိုင်ပါသည်။ စီမံကိန်းလုပ်ကွက်နှင့် (၁.၅)မိုင်ကွာဝေးသော ပါးမိုက်ကျေးရွာသို့ သက်ရောက်မှုမရှိနိုင်ပါ။ ယမ်းဖောက်ခွဲမှု(၁)ရက်လျှင် (၁)ကြိမ် နေ့စဉ်

နံနက်(၁၁)နာရီအချိန်တွင် ဖောက်ခွဲမှုအား ဆောင်ရွက်ပါသည်။ (၁)ကြိမ်ယမ်းခွဲခြင်း အတွက် (32ϕmm Emulsion)(3 Kg) နှင့် (Detonator (5)pec.) အသုံးပြုပါသည်။

ယမ်းနှင့်ဆက်စပ်ပစ္စည်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းသိုလှောင်ထားရှိရန်၊ ယမ်းတွင်းများသို့ ယမ်းသိပ်ရာတွင်ကတ်ထည့်ထားသော ယမ်းတောင့်ကိုဝါး(သို့မဟုတ်) သစ်သားချောင်း(သို့မဟုတ်) ပွတ်တိုက်မှုကြောင့် မီးမထွက်နိုင်သော ယမ်းသိပ်တံဖြင့် ညင်သာစွာ ထိုးသိပ်ရန်၊ မည်သည့်ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းကို မျှယမ်းတွင်းထဲသို့ဆောင့် မသွင်းရန်၊ ယမ်းဘီလူးနှင့်ဆက်စပ်ပစ္စည်းများ သယ်ယူကိုင်သွယ်အသုံးပြုသူများသည် ဆေးလိပ်မီးခြစ် ကိုင်သွယ်အသုံးမပြုရန်၊ ယမ်းသိပ်ခြင်းပြုလုပ်ပြီး မဖောက်ခွဲမီယမ်းတွင်း တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော လျှပ်စစ်ပတ်လမ်းများအား စစ်ဆေးရန်၊ ယမ်းဖောက်ခွဲမှုပြုမည်ဆိုလျှင် မိမိလုပ်ကွက်တွင်သော်လည်းကောင်း မိမိနှင့်ထိစပ်နေသာလုပ်ကွက်တွင်လည်းကောင်း အသိပေး၍ ယမ်းဖောက်ခွဲရန်၊ ယမ်းဖောက်ခွဲမှုပြီးဆုံးပါက ချက်ချင်းဝင်ရောက်မှုမပြုပဲ စစ်ဆေးပြီးမှသာ လုပ်သားများဝင်ရောက်စေရန်၊ မအောင်မြင်သောယမ်းဖောက်ခွဲမှု စစ်ဆေးတွေ့ရှိခဲ့လျှင် ယမ်းနှင့် ကတ်များကိုစနစ်တကျ ချူထုတ်ရှင်းလင်းရန်၊ ယမ်းတွင်းအဟောင်းထဲသို့ ယမ်းတွင်းအသစ် ထပ်မထိုးစေပဲ(၁)ပေ အကွာအဝေးနေရာမှ တွင်းသစ်ဖောက်ရန်၊ လုပ်ငန်းချိန်ဝင်ရောက်သည့် အဆိုင်းအကူအပြောင်းတွင် ယမ်းခွဲထားသော လုပ်ကွက်အား အဆိုင်းခေါင်းဆောင်အချင်းချင်း ချိတ်ဆက်အပ်နှံရန်၊ ပထမအဆိုင်းမှပေါက်ကွဲမှုမအောင်မြင်သော ယမ်းတွင်းအားနောက်အဆိုင်းမှ ခေါင်းဆောင်အားသေချာစွာမှာ ကြားလွဲအပ်ရန်အစရှိသည့် စည်းကမ်းချက်များကို ဦးစားပေး စီမံဆောင်ရွက်ထားရှိပါသည်။

စွန့်ပစ်ခဲစာများစုပုံခြင်း၊ စားဖိုဆောင်မှစွန့်ပစ်ပစ္စည်းများနှင့် လူ့အသုံးဆောင်အမှိုက်များ စွန့်ပစ်ခြင်းကြောင့်မြေထု၊ ရေထုညစ်ညမ်းခြင်းနှင့် မျက်စိပသာဒအမြင်မတင့်တယ်ခြင်းများ ဖြစ်ပေါ် နိုင်ပါသည်။ သစ်တောသစ်ပင်ထိခိုက်မှုများအား သတ္တုတွင်းလုပ်ကိုင်စဉ်ကာလတွင် လုပ်ကွက် အတွင်းရှိ စိုက်ပျိုး၍ရနိုင်သောမြေလွတ်နေရာများ သစ်ပင်အစားထိုးစိုက်ပျိုးခြင်းဖြင့် လည်းကောင်း တောတောင်အခြေအနေ ထိခိုက်မှုများအား သတ္တုတွင်းပိတ်သိမ်းမည့်ကာလတွင် မြေဖို့မြေညှိခြင်း ဆောင်ရွက်၍သစ်ပင်များ ပြန်လည်စိုက်ပျိုးပေခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဂေဟာစနစ်ထိခိုက်မှုများ လျော့ပါးသက်သာစေရန် ပြန်လည်ကုစားပေးနိုင်မည်ဖြစ်ပါသည်။

ပါးမိုက်လုပ်ကွက်အမှတ်(၃)အတွင်း အနောက်တောင်ဘက် တောင်ကုန်းပြန့်နေရာရှိ မြေဧရိယာ(၄)ဧကတွင် ဒေသနှင့်ကိုက်ညီသောအပင်များအား စိုက်ပျိုးမည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါး သက်သာစေရန်အတွက်စီမံကိန်းလုပ်ငန်းအကောင်အထည် ဆောင်ရွက်ရာတွင် အနည်းဆုံးသက်မှတ်ချက်ဘောင်အတွင်းမှသာ လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါသည်။ လုပ်ကွက်အတွင်းလမ်းဖောက်ခြင်း၊ အဆောက်အဦဆောက်လိုက်ရန်မြေနေရာ ရှင်းလင်းခြင်း၊ သတ္တုတူးဖော်မှုဆောင်ရွက်ခြင်း၊ စက်ယန္တရားများအသုံးပြုခြင်းကြောင့် အပေါ်ယံ မြေဆီလွှာပြုန်းတီးခြင်း သစ်တောသစ်ပင်များပြုန်းတီးခြင်း၊ ဂေဟာစနစ်ပျက်ယွန်းခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ပျက်စီးမှုများမှ လျော့ပါးစေရေးအတွက် လိုအပ်သလောက်သာ

ရှင်းလင်းခြင်း၊ လမ်းဟောင်းများအသုံးပြုခြင်း၊ မြေဆီလွှာများအား သီးသန့်စုပုံထားရှိရန်နှင့် သစ်တောသစ်ပင် ထူထပ်မှုမရှိသည့်နေရာအားရွေးချယ်၍ အဆောက်အဦဆောက်လုပ်ရန် လိုအပ်ပါသည်။ မြေဆီလွှာတိုက်စားမှု လျော့နည်းသက်သာစေရန်အတွက် သစ်ပင်နှင့်မြက်ပင်များ စိုက်ပျိုးခြင်း၊ အပင်ငယ်များထိန်းသိမ်းခြင်း၊ ရေဆင်းမြောင်းများ ဖောက်လုပ်ဆောင်ရွက်ပါမည်။ မြေပေါ်ရေညစ်ညမ်းမှုသက်သာစေရန်အတွက် စွန့်ပစ်အမှိုက်နှင့်အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ခြင်း၊ စက်ဆီ၊ ချောဆီများ လေလွင့်ဖိတ်စင်မှုမရှိစေရန် စီမံခြင်း၊ စနစ်တကျသိုလှောင်ခြင်း၊ ရေစစ်ကန်များအတွင်းစီးဝင်စေ၍ စွန့်ထုတ်ခြင်းဖြင့်ဆောင်ရွက်နိုင်ပါသည်။

ပါးမိုက်ဝန်းကျင်ဒေသသည် လူနေကျဲပါးခြင်း၊ ဝေးလံသီခေါင်ခြင်း၊ စိုက်ပျိုးပင်များ လွင်ပြင် တလျောက်ကျယ်ပြန့်စွာစိုက်ပျိုးဖြစ်ထွန်းခြင်း သစ်ပင်ငယ်များ အသင့်အတင့်ပေါက်ရောက်ခြင်း၊ အမှိုက်သရိုက်စွန့်ပစ်မှုနည်းပါးခြင်း၊ စက်ယန္တရားသုံးစွဲမှုနည်းပါးခြင်း၊ အခြားသတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများမရှိခြင်းကြောင့် မြေပေါ်ရေအရည်အသွေး ကောင်းမွန်မှုရှိပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုသည် တောတောင်အခြေအနေထိခိုက်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ဖြစ်ထွန်းမှုဂေဟစနစ် ပျက်ယွင်းမှုကိုဖြစ်ပေါ်စေနိုင်သဖြင့် အစားထိုးသစ်ပင်များ စိုက်ပျိုးခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲစွန့်ပစ်ခြင်းဖြင့် ဂေဟစနစ်ပျက်ယွင်းမှုအား လျော့ချနိုင်ပါသည်။

ဆူညံသံလျော့နည်းသက်သာစေရန်အတွက် အသံထိန်းကိရိယာပါသောစက်များ အသုံးပြုခြင်းတပ်ဆင်ခြင်း၊ လူနေထိုင်ရာပတ်ဝန်းကျင်နှင့်ဝေးသောနေရာတွင် ထားရှိခြင်းဖြင့် လျော့ချနိုင်ပါသည်။ တုန်ခါမှုနှင့်ယမ်းဖောက်ခွဲသံ လျော့နည်းသက်သာစေရန်အတွက် ယမ်းလျော့ချ သုံးစွဲခြင်း သဲအိတ် ခဲအိတ်များဖုံးအုပ်၍လျော့ချနိုင်ပါသည်။

စီမံကိန်းပတ်ဝန်းကျင်၏မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ကုမ္ပဏီမှ မြေ၊ ရေ၊ လေ ဓါတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ကာ ပတ်ဝန်းကျင်သို့ထိခိုက် သက်ရောက်မှု မရှိစေရန်အတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့် စံချိန်စံညွှန်းများနှင့်အညီလျော့ချနိုင်ရေးလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ အန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ခြင်းနှင့် ဆက်စပ်သက်ရောက်မှုများ

လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ရမည့် အဆင့်(၁၀)ဆင့် စီမံချက်ရေးဆွဲခြင်း၊ အရေးပေါ်အခြေအနေများ ဆောင်ရွက်ခြင်းလုပ်ငန်းများ စီမံချက်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း စီမံချက်များရေးဆွဲ၍ အရေးပေါ် အခြေအနေများအတွက် ဆက်သွယ်ဆောင်ရွက်ရမည့်ဌာနများ၏ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ မြင်သာသည့်နေရာတွင် ချိတ်ဆွဲထားခြင်းစသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ထားပါသည်။

ပါးမိုက်ဒေသစီမံကိန်းလုပ်ငန်း ပတ်ဝန်းကျင်တွင်စမ်းသပ်တိုင်းတာရေး လုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုကြောင့်ပတ်ဝန်းကျင်အား ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်သော မြေမျက်နှာသွင်ပြင်အနေအထားပြောင်းလဲမှု၊ အပေါ်ယံမြေဆီလွှာထိခိုက်မှုနှင့် သစ်တောသစ်ပင် အနည်းငယ်ထိခိုက်မှု ဖြစ်ပေါ်ခဲ့ပါသည်။ မြေဆီလွှာတိုက်စားခြင်း၊ မြေပေါ်ရေညစ်ညမ်းခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်ခြင်းစသည့်ကြွင်းကျန်သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ စီမံကိန်းလုပ်ငန်းသည် ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုကိုသာ ဆောင်ရွက်ပြီး ဆင့်တက် ပြုပြင်မှုဆောင်ရွက်မှုမရှိခြင်း၊ ဓာတုဗေဒပစ္စည်းများသုံးစွဲမှုမရှိခြင်း၊ ခနောက်စိမ်းသတ္တု တူးဖော်မှု နှင့် အတူအခြားအန္တရာယ်ရှိစေနိုင်သော ဓာတ်သတ္တုပစ္စည်းများထွက်ရှိမှု မရှိခြင်းကြောင့် သတ္တုတွင်းတူးဖော်နေဆဲနှင့် သတ္တုတွင်းပိတ်သိမ်းပြီးကာလများအထိ ပတ်ဝန်းကျင်သို့ ကြွင်းကျန် သက်ရောက်မှုများ ဆိုးဆိုးဝါးဝါးမရှိနိုင်ပါ။

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီသည် ပါးမိုက်ဒေသတွင်(၄၉.၅)ဧကစီရှိ ထုတ်လုပ်ရေး လုပ်ကွက်(၂)ကွက် တည်ရှိပါသည်။ ကောင်တန်ကုမ္ပဏီလုပ်ကွက်၏ အရှေ့ဘက်ကပ်လျက်တွင် ပတ္တမြားနဂါးကုမ္ပဏီ စမ်းသပ်တိုင်းတာရေးလုပ်ကိုင်ခွင့်ရ (၄၉.၅)ဧကစီရှိ လုပ်ကွက်(၃)ကွက် ရှိပါသည်။ ကောင်တန်ကုမ္ပဏီလုပ်ကွက်၏ မြောက်ဘက်အနီးတွင် နဂါးခမ်းထီသတ္တုတူးဖော် ရေးကုမ္ပဏီထုတ်လုပ်မှုလုပ်ကိုင်ခွင့်ရ (၄၉.၅)ဧကစီရှိ လုပ်ကွက်(၂)ကွက်ရှိပါသည်။ ပါမိုင်းဒေသတွင် စုစုပေါင်း လုပ်ကွက်(၈)ကွက်တည်ရှိသည့် ထုတ်လုပ်ရေးဆောင်ရွက်သည့် လုပ်ကွက်တွင် မြေနေရာရှင်းလင်းခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်း၊ စက်ယန္တရား များအသုံးပြုခြင်း၊ တူးဖော်ရေးဆောင်ရွက်ခြင်းကြောင့် မြေဆီလွှာပြုန်းတီးခြင်း၊ သစ်ပင်သစ်တော အနည်းငယ် ထိခိုက်ခြင်း၊ မြေမျက်နှာသွင်ပြင်ပြောင်းလဲခြင်း၊ ဂေဟစနစ်အနည်းငယ်ပျက်ယွင်းခြင်း ဖြစ်ပေါ်စေပါသည်။ စမ်းသပ်တိုင်းတာရေးလုပ်ကိုင်သော လုပ်ကွက်များသည်ထုတ်လုပ်ရေး လုပ်ကိုင်လျက်ရှိသော လုပ်ကွက်များကဲ့သို့ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည်ကို တွေ့ရပါသည်။ ထို့ဖြစ်ပါ၍ အခြားလုပ်ကွက်စီမံကိန်းများနှင့် ပေါင်းစပ်မှုကြောင့်ဖြစ်ပေါ်သော ဆက်စပ်သက်ရောက် မှု ဆိုးဆိုးဝါးဝါး မဖြစ်ပေါ်နိုင်ကြောင်း တွေ့ရပါသည်။

၉။ ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေး

ဒေသခံပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ နှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊ သဘာဝသယံဇာတသုံးစွဲခြင်းအခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ထိန်းချုပ်မည့်အစီအစဉ်များ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကို အသိပေးပြီး၊ ဒေသခံပြည်သူများ၏အမြင်၊ အကြံပြုချက်များ၊ လိုလားချက်များအပေါ်အလေးထား စဉ်းစား သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်ဆဲကာလတွင် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းတို့၏ လိုလားချက်များဖြည့်စည်းပေးနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု၏ ခန့်မှန်းအသုံးစရိတ်(၂%)နှုန်းဖြစ်သော ရုံပုံငွေသိန်း(၁၀၀)အား

ထားရှိသုံးစွဲပါမည်။ လိုအပ်ပါကစီမံကိန်း၏ ဒါရိုက်တာအဖွဲ့အစည်းသို့တင်ပြဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပါးမိုက်ဒေသဝန်းကျင် ဒေသဖွံ့ဖြိုးရေးအတွက် ကုမ္ပဏီမှ ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပါးမိုက်၊ မောက်လွတ် ကျေးရွာသို့ဆက်သွယ်သည့် (၁၀)မိုင်ကျော်အရှည်ရှိ ကျောက်ခင်းလမ်းဖောက်လုပ်ပေးခဲ့ပါသည်။ ရေသပြေရွာနှင့် ပါးမိုက်ရွာဆက်သွယ်ထားသည့် လမ်းပေါ်တွင် ချောင်းကူးတံတား(၁)စင်း ဖောက်လုပ်ပေးခဲ့ပါသည်။ စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ကျောက်များအား (၁)မိုင်ခွဲခန့်ကွာဝေးသော ပါးမိုက်ကျေးရွာသို့သယ်ယူ၍ လမ်းခင်းခြင်း ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးလာပါက ပါးမိုက်ကျေးရွာမှဒေသခံများအား ဦးစားပေး၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ လုပ်ငန်းပူးပေါင်းလုပ်ကိုင်စေခြင်း ဆောင်ရွက်ပါမည်။

၁၀။ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

ပတ်ဝန်းကျင်ဆိုင်စီမံခန့်ခွဲမှုအနေဖြင့် စီမံကိန်းဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လယ်ယာမြေများ ပျက်စီးမှုမရှိစေရေးအတွက် သစ်ပင်များခုတ်ထွင်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ သစ်တောပြုန်းတီး ခြင်းမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ဆောင်မှုကြောင့် ထွက်ရှိလာသည့် စွန့်ပစ် ရေဆိုးရေညစ်များမြစ်ချောင်းများအတွင်းသို့ စီးဝင်မှုမရှိစေရန်နှင့် မြေအောက်ရေ ပျက်စီးမှုမဖြစ်ပေါ်စေရန် အကျယ်(၆)ပေပတ်လည် ရေစစ်ကန်ပြုလုပ်၍ ရေအရည်အသွေး စမ်းသပ်တိုင်းတာမှုပြုလုပ်ပြီးမှသာလျှင် စွန့်ထုတ်ပါမည်။ စက်ယန္တရားများ အသုံးပြုရာတွင် စက်ဆီ၊ ချောဆီများ ယိုစိမ့်ဖိတ်ကျပါက မြေဆီလွှာနှင့် မြေပေါ်မြေအောက်ရေကို ထိခိုက်နိုင်ခြင်းကြောင့် မြေပေါ်သို့စွန့်ပစ်စေခြင်းမပြုဘဲ ဆီခံခွက်များအတွင်းထားရှိ သိုလှောင်ထားပါသည်။ စီမံကိန်းဧရိယာအတွင်း ယာယီအဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းကြောင့် မြေဆီလွှာပျက်စီးမှုများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့်အသုံးမပြုတော့သည့် မြေနေရာတွင် သစ်ပင်များ အစားထိုးစိုက်ပျိုးခြင်း စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် သစ်ပင်များပြန်လည် စိုက်ပျိုးခြင်းဖြင့် အပေါ်ယံမြေဆီလွှာထိန်းသိမ်းခြင်းများ ပြုလုပ်ပါမည်။ ဂေဟစနစ်ပျက်စီးမှု လျော့နည်းစေရန်အတွက် မြေအသုံးချမှု အနည်းဆုံးအသုံးပြုခြင်း သစ်ပင်များစိုက်ပျိုးခြင်း၊ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သားငှက်တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ခြင်း ဖြင့် ထိန်းသိမ်းမှုဆောင်ရွက်မည်ဖြစ်ပါသည်။ လူမှုဆိုင်ရာစီမံခန့်ခွဲမှုအနေဖြင့် ဒေသခံလူထုနှင့် တွေ့ဆုံ၍ ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေး ခြင်းဒေသခံများအား စီမံကိန်း လုပ်ငန်းများတွင်အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ ပူးပေါင်းလုပ်ကိုင်စေခြင်း၊ ဒေသဖွံ့ဖြိုးရေး ဖြစ်သောလမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပံ့ပိုးပေးခြင်း ဖြင့်လူနေမှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်မည်ဖြစ် ပါသည်။

လုပ်ငန်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

စီမံကိန်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုများအား စနစ်တကျ ဆောင်ရွက်စေရန်အတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်း ဆောင်ရွက်ထား ရှိပါသည်-

- အုပ်ချုပ်မှု ဒါရိုက်တာ ဥက္ကဋ္ဌ
- အထွေထွေမန်နေဂျာ အဖွဲ့ဝင်
- မိုင်းနင်းအင်ဂျင်နီယာ အဖွဲ့ဝင်
- စီမံကိန်းမန်နေဂျာ အတွင်းရေးမှူး

၁၁။ သတ္တုတွင်းပိတ်သိမ်းရေးအစီအစဉ်နှင့် ရန်ပုံငွေလျာထားချက်

သတ္တုတွင်း ပိတ်သိမ်းရေးလုပ်ငန်းများအတွက် အကြိုအနေဖြင့် ခနောက်စိမ်းတူးဖော်ပြီး မြေအောက် လိုဏ်ဂူများကို ရှေ့စားနောက်ပစ်ပြန်ဖို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ စီးပွားဖြစ် ထုတ်လုပ်နိုင်သော အခြေအနေမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံသွားပါမည်။ မိုင်းပိတ်သိမ်းခြင်း ဆောင်ရွက်ရာတွင် မိုင်းပိတ်သိမ်းခြင်းမပြုမီ အကြိုတည်ဆောက်ခြင်း၊ မိုင်းပိတ်သိမ်းခြင်းကာလ၊ မိုင်းပိတ်သိမ်းပြီး ကာလစသည်ဖြင့် အချိန်ကာလများခွဲခြားသတ်မှတ်၍ မိုင်းပိတ်သိမ်းခြင်းကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်ထားရှိပါသည်။

သတ္တုတွင်းပိတ်သိမ်းရေးလုပ်ငန်းများအား အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(၁) တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းစတင်သည့်အချိန်မှစ၍ ထွက်ရှိသောစွန့်ပစ်မြေစာနှင့် စွန့်ပစ်ကျောက်များအား Dumping site များတွင် သီးသန့်စုပုံထားရှိပါသည်။

(၂) မိုင်းပိတ်သိမ်းချိန် ၎င်းစွန့်ပစ်မြေစာများအား ကျင်းအိုင်များအတွင်း ပြန်ဖြည့်၍လည်းကောင်း၊ စွန့်ပစ်ကျောက်နေရာများတွင် ဖြန့်ခင်း၍လည်းကောင်း ပြုလုပ်၍ သစ်ပင်စိုက်ပျိုးခြင်း ဆောင်ရွက်ပါမည်။

(၃) တူးဖော်ထုတ်လုပ်ရာတွင် မြေသားလှေကားထစ်(Bench) ဖော်ခြင်း၊ လမ်းကြောင်း ပြုပြင်ခြင်း ဆောင်ရွက်ထားသည့် တောင်စောင်းနေရာများတွင် သစ်ပင်များစိုက်၍ မြေထိန်းခြင်းဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်ပါက မြေထိန်းနံရံ တည်ဆောက်မည် ဖြစ်ပါသည်။

(၄) မြေဆီလွှာစစ်ဆေးခြင်းဆောင်ရွက်၍ ကျွမ်းကျင်ပညာရှင်များဖြင့် မြေဆီလွှာ ပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်ပါက မြေဆီလွှာအစားထိုးခြင်း ပြုလုပ်မည် ဖြစ်ပါသည်။

(၅) လုပ်ကွက်အတွင်းဆောက်လုပ်ထားသော အဆောက်အဦများ ဖျက်သိမ်းခြင်း စက်ယန္တရားများ၊ စက်ကိရိယာများ ရွှေ့ပြောင်းခြင်း၊ လူ့အသုံးအဆောင်နှင့် အထွေထွေသုံး စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးခြင်း ဆောင်ရွက်ပါမည်။

(၆) စီမံကိန်း ဆောင်ရွက်စဉ်ဖောက်လုပ်ထားသော လမ်းများပြုပြင်ခြင်း၊ မြေဖို့ခြင်း သစ်ပင်များစိုက်ပျိုးခြင်း ဆောင်ရွက်ပါမည်။

(၇) သတ္တုတွင်းပိတ်သိမ်းပြီးနောက် ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေ များအား ပိတ်သိမ်းပြီး(၅)နှစ်ကာလအထိ စောင့်ကြပ်ကြည့်ရှုပါမည်။

(၈) စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည် ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်သည့်အခြေအနေများ နှင့် မြေထု၊ ရေထု၊ လေထု စစ်ဆေးမှု အခြေအနေများအား (၆)လ တစ်ကြိမ် ဝန်ကြီးဌာနသို့ အစီရင်ခံစာရေးသားတင်ပြ၍ လမ်းညွှန်မှုများအား လိုက်နာ ဆောင်ရွက်သွားပါမည်။

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရံပုံငွေ သိန်း(၂၀၀)ထားရှိ၍ သုံးစွဲမည်ဖြစ်ပြီးထပ်မံ၍ လိုအပ်ချက်ရှိပါက ဖြည့်စွက်အသုံးပြုမည် ဖြစ်ပါ သည်။ မိုင်းပိတ်သိမ်းပြီးကာလတွင်လည်း ကြွင်းကျန်သက်ရောက်မှုများ ဆိုးကျိုးများ ဖြစ်ပေါ်မှု ရှိ/မရှိ အနည်းဆုံး(၅)နှစ် စောင့်ကြပ်ကြည့်ရှု၍ ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရံပုံငွေ သိန်း(၁၀၀)ထားရှိ ၍ ကျခံသုံးစွဲမည်ဖြစ်ပါသည်။

၁၂။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရန်ပုံငွေလျာထားခြင်း

သတ္တုတွင်းပိတ်သိမ်းပြီးကာလတွင် ပတ်ဝန်းကျင်အပေါ်ကြွင်းကျန်သက်ရောက်မှုများ၊ ဆိုးကျိုး သက်ရောက်မှုများဖြစ်ပေါ်မှု ရှိ/မရှိကို အနည်းဆုံး(၅)နှစ်ကာလအထိ စောင့်ကြပ်ကြည့်ရှုစစ်ဆေး ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ (၆)လ တစ်ကြိမ် မြေ၊ ရေ၊ လေ အရည် အသွေးများ စစ်ဆေးတိုင်းတာခြင်း၊ ဒေသအတွင်းဖြစ်ထွန်းသည့်သစ်ပင်များ စိုက်ပျိုးခြင်း၊ ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက ကုစားခြင်းစသည့် စောင့်ကြပ် ကြည့်ရှု စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ ဖွဲ့စည်းထားရှိပါသည်-

- ဦးစန်းဝင်းမောင် — အဖွဲ့ခေါင်းဆောင်
- ဦးစိန်ထူးအောင် — လုပ်ကွက်တာဝန်ခံ
- ဦးခွန်ဆုဇွေ — ဘူမိဗေဒပညာရှင်
- သတ္တုတူးဖော်ရေးအဖွဲ့(၅)ဦး — အဖွဲ့ဝင်
- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့(၁)ဦး — အဖွဲ့ဝင်

စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းအတွက် ရန်ပုံငွေလျာထားခြင်း

- အထွေထွေပျက်စီးမှုများအတွက် ထိန်းသိမ်းရေးဆောင်ရွက်ခြင်း (၃၀) သိန်း
- သစ်ပင်များရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ရေရှိရေး (၃၀) သိန်း
- မြေ၊ ရေ၊ လေ အရည်အသွေး(၆)လတစ်ကြိမ် စစ်ဆေးခြင်း (၄၀) သိန်း

(၁၀၀)သိန်း

(သတ်မှတ်ထားသော ရန်ပုံငွေနှင့် လုံလောက်မှုမရှိပါကကုမ္ပဏီမှ ထပ်မံဖြည့်စွက်သုံးစွဲသွားပါမည်)

၁၂.၂ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ရံပုံငွေကွပ်ကဲရေးအဖွဲ့

စဉ်	အမည်	တာဝန်	မှတ်ချက်
၁	ဦးစန်းဝင်းမောင်	အဖွဲ့ခေါင်းဆောင်	
၂	ဦးစိန်ထူးအောင်	လုပ်ကွက်တာဝန်ခံ	
၃	ဦးခွန်ဆုဘွေ	ဘူမိဗေဒပညာရှင်	
၄	ကျေးရွာအုပ်ချုပ်ရေးမှူး	အဖွဲ့ဝင်	
၅	သတ္တုတွင်းဝန်ထမ်း(၃)ဦး	အဖွဲ့ဝင်	

ဆူညံသံ

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် စက်/ယန္တရားများ၊ ယမ်းခွဲခြင်းများကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းပြီးကာလ
နေရာ	သတ်မှတ်ထားသောဧရိယာအလိုက် ယမ်းခွဲသည့်လုပ်ငန်းခွင် Lattitude 21° 2' 39. 77'N Longitude 97 ° 15' 10.66" E
အကြိမ်ရေတိုင်းတာ စစ်ဆေးမည့် Parameters	(၆)လ တစ်ကြိမ် နေ့အချိန်(70)dB ၊ ညအချိန် (0.02)Ft/ sec^2
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့

အစီရင်ခံခြင်း	တစ်လတစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	နေ့ချိန်

မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊ မိုင်းပိတ်သိမ်းပြီးကာလ၊
နေရာ	ရေချောင်း(Lattitude;21°2' 47.90 " N Longitude; 97°15' 12.45" E
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	တစ်နှစ်လျှင် (၂) ကြိမ် Hardness, Turbidity, Fe(mg/lit) , Suspended Soild(mg/lit) , Lead (mg/lit) , Arsenie (mg/lit) , Total Bod (mg/lit) , COD (mg/lit)
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	အပတ်စဉ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မျတ်ချက်	အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု) လမ်းညွှန်ချက် စွန့်ထုတ်အရည်အသွေးအတိုင်းလိုက်နာဆောင်ရွက်ပါမည်။ ဓာတ်ခွဲနမူနာအား ဓာတ်ခွဲစမ်းသပ်ပါမည်။

လေထုအရည်အသွေး

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊
နေရာ	လုပ်ငန်းခွင်ဧရိယာ Lattitude 21°2' 39. 77'N Longitude 97°15' 10.66" E ပါမိုက် Lattitude 21°2' 14. 19'N Longitude 97°14' 40.87" E

အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	(၆)လ တစ်ကြိမ် Parameters များမှာCarbon monoxide(CO), Hydrogen Cyanide (HCN), Nitrogen Dioxide (NO_2), Nitrous Oxide(NO), Particulate Matters (PM10), Particulate Matters (PM2.5), Sulphur Dioxide(SO_2), Temperature(°C), Humidity(%) တို့အား တိုင်းတာ စစ်ဆေး ပါသည်။
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု) လမ်းညွှန်ချက်များနှင့် National Ambient Air Quality များနှင့် အညီထိန်းသိမ်းဆောင်ရွက်ပါမည်။

မြေထုအရည်အသွေး

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့်စက်/ယန္တရားများ၊ မြေယာအသုံးပြုမှု များကြောင့် ပတ်ဝန်းကျင်မြေထုအပေါ်သက်ရောက်မှုအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ် ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊
နေရာ	စွန့်ပစ်စာပုံ Lattitude 21° 02' 25.19"N Longitude 97 ° 15' 21.59" E
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	လုပ်ငန်းဆောင်ရွက်စဉ်မိုင်းပိတ်သိမ်းကာလ Sample, PH Svil-water 1.2.5, Organic carbon, Total N, Available Nutrients K_2O- P
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လ တစ်ကြိမ် သတလ(၁) ECD သို့တင်ပြရန်။
သတ်မှတ်ချက်	စွန့်ပစ်မြေစာပုံများ တိုက်စားပြိုကျမှု မရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေးနှင့် အသုံးပြုပြီးသောနေရာများ အစားထိုးစိုက်ပျိုးမှု အခြေအနေများ စစ်ဆေးမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှု

စီမံကိန်းမှအသုံးပြုသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ၊ သိုလှောင်ခြင်း စွန့်ထုတ် ခြင်းများကိုစနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိပစ္စည်းများကြောင့် ဝန်ထမ်းများ အန္တရာယ်ဖြစ်စေခြင်း၊ မြေထု၊ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းခြင်း၊ ပတ်ဝန်းကျင်ရှိ ဒေသခံများအား အန္တရာယ်ဖြစ်စေခြင်း၊ သတ္တဝါနှင့်အပင်များဖြစ်ထွန်းမှုများအား ထိခိုက်စေခြင်းစသည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တို့အား ထိခိုက်စေနိုင်မည်ဖြစ်ပါသည်။ ခနောက်စိမ်းတူးဖော်ရာတွင် ယမ်းအသုံးခြင်း၊ သန့်စင်ရာတွင် ဓာတုအသုံးပြုခြင်းနှင့် ယာဉ်နှင့်စက်များ အသုံးပြုသည့်အတွက် စက်ဆီချောဆီ အဟောင်းများထွက်ရှိခြင်းတို့ ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊ မိုင်းပိတ်သိမ်းပြီးကာလ
နေရာ	ယမ်းတိုတ် ၊ ဓာတု သိုလှောင်နေရာ၊ ဆီသိုလှောင်ရုံ
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	အပတ်စဉ်စစ်ဆေးပါမည်။ ထားသို၊ သုံးစွဲ၊ စွန့်ပစ်မှုအခြေအနေများ ဖိတ်စင်မှုအခြေအနေများနှင့် မီးဘေးအန္တရာယ်ကာကွယ်ထားရှိမှု အခြေအနေများကို စစ်ဆေးပါမည်။
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၁)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန်၊ (၆)လ တစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းသို့တင်ပြရန်။
သတ်မှတ်ချက်	မြေပေါ်ရေမြေအောက်ရေမြေဆီလွှာများညစ်ညမ်းမှုမရှိစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအားထိခိုက်မှုမရှိစေရေး၊မီးအန္တရာယ်မဖြစ်စေရေးအတွက်စီမံဆောင်ရွက်ပါမည်

ဂေဟာစနစ်

ဂေဟာစနစ်ဖြစ်ထွန်းမှုမှာ ၎င်းဒေသ၏ မြေဆီလွှာအရည်အသွေး၊ ရာသီဥတုနှင့်ပင်လယ်ရေ မျက်နှာပြင်အမြင့်အပေါ်တွင် မူတည်၍ ဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ ခနောက်စိမ်းတူးဖော်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်းမှ ဂေဟာစနစ်ဖြစ်ထွန်းမှုအပေါ် တိုက်ရိုက်နှင့်သွယ်ဝိုက် ၍ ထိခိုက်မှုများ အား ဖြစ်ပေါ်စေနိုင်သည်။ ခနောက်စိမ်းစီမံကိန်းဧရိယာသည်ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုန်း ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေးအဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိရပါသည်။ ဂေဟာစနစ်အား အဓိကထိခိုက်မှုဖြစ်စေ သည့် အချက်များမှာ မြေယာအသုံးချမှုများ၊ သစ်တောသစ်ပင်ပြုန်းတီးမှုများ၊ ဒေသပေါက်ပင်များအစား အခြားဒေသမှ သစ်ပင်များ ဝင်ရောက်အစားထိုးပေါက်ရောက်စေခြင်း၊ မြေပေါ်ရေမြေအောက်ရေ အရည်အသွေးများ ပြောင်းလဲစေခြင်း၊ဆူညံသံများ ဖြစ်ပေါ်စေခြင်းစသည့် အချက်များဖြစ်ပေါ် စေပါသည်။ အချို့သောထိခိုက်မှုများမှာ ရေကို ကာလအတွင်း ထိခိုက်စေခြင်းဖြစ်ပြီး အချို့မှာရေရှည် ဂေဟာစနစ် ထိခိုက်မှုမရှိရေးအတွက် လျော့ချမည့် အစီအမံများအဖြစ် မြေယာအသုံးချမှုများ

အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း၊သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း စသည့်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ ထိခိုက်မှု ရှိစေရေးအတွက် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တုတွင်း ပိတ်သိမ်းသည့်ကာလများတွင် ဆောင်ရွက်ပါမည်။
နေရာ	ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ ပေါက်ရောက် နေသော ဧရိယာများ ၊ အစားထိုးစိုက်ပျိုးထားသောမြေနေရာများ၊
အကြိမ်အရေအတွက် နှင့် စစ်ဆေးမည့် အကြောင်းအရာ များ	(၆)လ တစ်ကြိမ် စဉ်စစ်ဆေးမည် ဖြစ်ပါသည် ။ ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ၊ ရေအရည်အသွေးများ၊ မြေယာအသုံးချမှု နှင့် ပြန်လည်ထူထောင်မှု အခြေအနေ ၊ အခြားသော မျိုးစိတ်များ အစားထိုးပေါက်ရောက်မှု အခြေအနေများ၊
တာဝန်ယူ မည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်း ဆောင်ရွက် မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် အဖွဲ့
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အုပ်ချုပ်မှု ဒါရိုက်တာ ထံတင်ပြရန်၊
သတ်မှတ်ချက်	တောတောင် ပြုန်းတီးမှု မရှိစေရေးနှင့် ရေစီးချောင်းရေများ ညစ်ညမ်းမှု မရှိစေရန်၊ တိမ်ကောမှုမရှိစေရန် ၊ စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုပတ်ဝန်းကျင်အခြေအနေ

ပါမိုက်ဒေသရှိ ခနောက်စိမ်းသတ္တု တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမ်းခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြု၍ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်ခြင်းများ တွင် စီမံကိန်းလုပ်ကွက်သည် အနီးဆုံးကျေးရွာနှင့် (၁)မိုင်ကျော်ခန့် ဝေးကွာသောကြောင့် လူမှုဝန်းကျင် အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်မှုမရှိပါ။ ခနောက်စိမ်းသတ္တု တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဒေသရှိ လူမှုဝန်းကျင် အပေါ်ထိခိုက်နိုင်သည့် လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှု အခြေအနေများနှင့် သယ်ယူပို့ဆောင်မှု လုပ်ငန်းမှ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည်ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တုတွင်း ပိတ်သိမ်းသည့်ကာလများတွင် ဆောင်ရွက်ပါမည်။
စစ်ဆေးမည့် နယ်ပယ်	ကျန်းမာရေးဆိုင်ရာထိခိုက်မှု (ဆူညံသံ၊ တုန်ခါမှု ၊ ဖုန်မှုန့်ပျံ့လွင့်မှု ၊လေထုအရည်အသွေး) များအား စစ်ဆေးပါမည် ။ ဒေသအလုပ်သမားခန့်ထားရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျေးရွာလမ်းများတွင် စီမံကိန်းဆိုင်ရာ ယဉ်များကြောင့် ယဉ်အန္တရာယ်၊ ဆူညံသံ၊ ဖုန်မှုန့် ထွက်ရှိမှု မရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကျေးရွာအုပ်ချုပ်မှု တာဝန်ရှိသူများအပြင် ရပ်မိရပ်ဖများနှင့် ဆွေးနွေး စီမံဆောင်ရွက်မည့် ကိစ္စရပ်များ၊

စစ်ဆေးမည့် အကြိမ် Paramenters	ဆူညံသံများအား လုပ်ငန်းဆောင်ရွက်သည့် အချိန်များတွင် တိုင်းတာစစ်ဆေးမည် ဖြစ်ပြီး၊(၃)လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်ဖြစ်ပါသည်။ (၆) လတစ်ကြိမ် လေအရည်အသွေးအား စစ်ဆေးမည့် Parameters များမှာCarbon monoxide(CO), Hydrogen Cyanide (HCN), Nitrogen Dioxide (NO2), Nitrous Oxide(NO), Particulate Matters (PM10), Particulate Matters (PM2.5), Sulphur Dioxide(SO2), Temperature(°C), Humidity(%) တို့အား တိုင်းတာ စစ်ဆေး ပါသည်။ (၆)လတစ်ကြိမ်- pH, Fe(mg/lit), copper(mg/lit), lead(mg/lit), Zinc(mg/lit), Aresenic (mg/lit), Total supended soil sulphate (SO4=) (mg/lit), BOD (mg/lit), COD (mg/lit)
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့	စောင့်ကြပ် ကြည့်ရှု စစ်ဆေးသည့်အဖွဲ့နှင့် မော်တော်ယဉ် ဌာနခွဲ
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် ဒါရိုက်တာအဖွဲ့ ထံတင်ပြရန်၊ (၆)လ တစ်ကြိမ်
သတ်မှတ်ချက်	စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် ကျေးရွာများအား ထိခိုက်မှု မရှိစေရန် ၊ကျေးရွာဒေသခံများနှင့် စီမံကိန်း အကြား ကောင်းမွန်သောအမြင်၊ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်၊

၁၃။ အကြံပြုတင်ပြချက်

စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ တိုးတက်စေခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများဖြစ်ထွန်းနိုင်ပါသည်။ တွင်းထွက်သယံဇာတ ဟူသမျှသည် မြေပေါ်သို့တူးဖော်ယူ၍ သန့်စင်မှုပြုလုပ်ပြီး အသုံးချနိုင်ရောင်းဝယ်နိုင်မှသာ အဖိုးတန် တွင်းထွက်သယံဇာတဟု ခေါ်ဆိုနိုင်ပါသည်။ မြေအောက်တွင်သဘာဝအတိုင်း တည်ရှိနေပါက တန်ဖိုးမဲ့နေမည်သာဖြစ်ပါသည်။ ယနေ့ခေတ်လူသားများနေ့စဉ်သုံးစွဲနေသော ပစ္စည်းများတွင် တွင်းထွက်ပစ္စည်းတစ်ခုခုနှင့် ကင်းကွာမှုမရှိသည်ကို တွေ့မြင်ရပါသည်။ သို့ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော မိမိတို့နိုင်ငံအနေဖြင့်လူမှုဘဝအတွက်၊ စက်မှုကုန်ထုန် လုပ်ငန်းများအတွက်၊ လိုအပ်သောအသုံးတည့်သော၊ အဖိုးတန်သတ္တုများအားစက်မှုထုတ်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များကို တွင်ကျယ်စွာမထုတ်လုပ်နိုင်သေးသည့် ကာလတွင်သယံဇာတ ပေါကြွယ်ဝမှုကို အရင်းအနှီးပြုကာတူးဖော်ထုတ်လုပ်ရောင်းချမှုများ ဆောင်ရွက်နေရဦးမည်ဖြစ် ပါသည်။ ကုမ္ပဏီအနေဖြင့် IEE အစီရင်ခံစာပါ အချက်အလက်များအား လေးစားလိုက်နာ၍ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် စမ်းသပ်တိုင်းတာရေး ထုတ်လုပ်ရေးလုပ်ငန်းများအား စနစ်တကျဆောင်ရွက်ရန်လိုအပ်ပါသည်။ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သလို သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးသည်လည်း အရေးကြီးပါသည်။ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အခြေခံအားဖြင့်ဆန့်ကျင်နေသော်လည်း သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြင့် ဖန်တီး ဆောင်ရွက်လုပ်ကိုင်ရန် ကုမ္ပဏီအား အကြံပြုပါသည်။

၁၄။ **နိဂုံး**

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံး မြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင် ခနောက်စိမ်းသတ္တုရိုင်းတူးဖော်မှု ဆောင်ရွက်ရာ၍ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ခနောက်စိမ်းသတ္တုများအား စနစ်တကျတူးဖော် ထုတ် လုပ်ခြင်းဖြင့် နိုင်ငံသားများနှင့်ဒေသခံများ အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ရရှိစေရုံမက နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာနှင့် နိုင်ငံခြားငွေများရရှိစေမည်ဖြစ်ပါသည်။ ကျေးရွာဒေသခံ များ၏ ဖွံ့ဖြိုးတိုးတက်ရေး လူနေမှုအဆင့်အတန်းမြင့်မားရေး ကုမ္ပဏီမှဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြား၍ လမ်းညွှန်ချက် များနှင့် အညီသတ္တုများတူးဖော်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရည်မှန်းချက်ကို ဟန်ချက်ညီညီထိန်းသိမ်း လုပ်ဆောင်ရင်း လုပ်ငန်းများ တိုးတက်စေရန်ကြိုးပမ်းဆောင်ရွက်ပါမည်။

ဦးဇော်ဝင်းသန်း
အဖွဲ့ခေါင်းဆောင်
(ကြားကာလအကြံပေးပုဂ္ဂိုလ်လက်မှတ်ရ)

ဦးတင့်အောင်
(အကြီးတန်းဘူမိဗေဒပညာရှင်)

ဦးခွန်ဆုဇွေ
(ဘူမိဗေဒပညာရှင်)

ဦးကျော်နိုင်
(မိုင်းနင်းအင်ဂျင်နီယာ)

ဦးဖေသန်းမောင်
(ဘူမိဗေဒပညာရှင်)

ဦးကျော်မင်းဦး
(ရက္ခဗေဒသိပ္ပံဘွဲ့)

ဒေါ်နှင်းနှင်းလတ်
(စီးပွားရေးဘွဲ့)

အခန်း(၂)
စီမံကိန်းစီမံခန့်ခွဲမှု

၂.၁ နိဒါန်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုမိန့်အမှတ်၊ ၀၀၁၆/၂၀၁၆ ဖြင့် (၁၇.၂.၂၀၁၆)မှ (၁၆.၂.၂၀၁၈) အထိ(၂)နှစ်အတွင်း ခနောက်စိမ်း သတ္တုရိုင်း စမ်းသပ်တိုင်းတာခြင်း ဆောင်ရွက်ခဲ့ပါသည်။ ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်၏ အလတ်စားထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ရေးဆွဲတင်ပြခဲ့သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်အစီရင်ခံစာတင်ပြမှုအပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း (နေပြည်တော်)၏ (၄.၆.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၂၇၀၇/သတလ-၁/ကတ/အခရ/၁၉-၂၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၂၆.၅.၂၀၂၀)ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၉(၁၁၅၀/၂၀၂၀)ဖြင့် ပြန်ကြားလာသည့် သဘော ထားမှတ်ချက်အရ ပြန်လည်ပြုစုရေးဆွဲကာ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအား တင်ပြခြင်းဖြစ်ပါသည်။

၂.၂ စီမံကိန်းနောက်ခံအကြောင်းအရာ

၁၉၉၀ခုနှစ်တွင် ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဦးဖုန်းမြင့်နှင့် အဖွဲ့သည် မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသအနီးဝန်းကျင်တွင် ဒေသန္တရဘူမိဗေဒ မြေပုံ ရေးဆွဲခြင်း၊ ဓါတ်သတ္တုဖြစ်ထွန်းမှုလေ့လာခြင်းလုပ်ငန်းများအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်းသိရှိရပါသည်။ ကွင်းဆင်းဆောင်ရွက်ရာမှ (LowerSilurian) သက်တမ်းရှိ (Lin We Formation) ကျောက်လွှာ(Phacoidal limestone) အတွင်းခနောက်စိမ်းသတ္တုရိုင်း (၉.၈၆%) ပါဝင်သော သ(၃)အဆင့်ခနောက်စိမ်းသတ္တုရိုင်း တန်ချိန်(၁၅၃၀) ဖြစ်ထွန်းနိုင်မှုအား တွက်ချက်ခဲ့ ပါသည်။ ၂၀၁၁-ခုနှစ်တွင်၊ ဦးဇော်ဝင်းသန်း (သတ္တုတွင်းဦးစီးဌာန) ဦးဆောင်သော ကွင်းဆင်း အဖွဲ့သည် ပါးမိုက်နှင့်လွယ်ကျောင်းဒေသတွင် မီးခိုးရောင်ထုံးကျောက်အတွင်း ခနောက်စိမ်း သတ္တုရိုင်းများတွေ့ရှိခဲ့ကြောင်း ကွင်းဆင်းအစီရင်ခံစာတွင်ဖော်ပြထားပါသည်။

၂၀၁၃-ခုနှစ်တွင်၊ ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ပါးမိုက်ဒေသတွင် ခနောက်စိမ်းသတ္တုရိုင်း စမ်းသပ်တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားခဲ့ပါသည်။ စမ်းသပ်တိုင်းတာရေးကာလတွင် ဘူမိမြေပုံရေးဆွဲခြင်း၊ နိမ့်မြင့်ပြမြေပုံရေးဆွဲခြင်း၊ ခနောက်စိမ်း သတ္တုရိုင်းပေါ်ထွက်ပိုင်းများအား အသေးစိတ်မြေပုံရေးဆွဲတိုင်းတာခြင်း၊ အစမ်းမြောင်းရှည်များ တူးဖော်ခြင်း၊ ကျောက်နမူနာများအားဓါတ်ခွဲခန်းပေးပို့ စမ်းသပ်ခြင်း၊ ခနောက်စိမ်းတန်ချိန်ပမာဏ တွက်ချက်ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၂.၃ စီမံကိန်းဆောင်ရွက်သူ

ကောင်တန်သတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီဌာန၏ ခွင့်ပြုချက်အရ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၄၇၇၉၀၄၂ ဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးခွန်စိုးမိုးကျော်ဖြစ်ပြီး၊ ဒါရိုက်တာအဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဆက်သွယ်ရန်လိပ်စာမှာအမှတ် အနောက်ရပ်(ကွက်သစ်)၊ ပင်လောင်းမြို့နယ်ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်း နံပါတ်မှာ ၀၉- ၅၂၁၆၂၇၇ ဖြစ်ပါသည်။

ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာမှာ ခွန်စိုးမိုးကျော်ဖြစ်ပြီး၊ ဒါရိုက်တာအဖွဲ့ဝင်(၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်-

စဉ်	အမည်	ရာထူး	နိုင်ငံသား အမှတ်	လိပ်စာ
၁	ဦးခွန်စိုးမိုးကျော်	မန်နေးဂျင်း ဒါရိုက်တာ	၁၃/ပလန(နိုင်) ၀၄၅၅၈၀	အနောက်ရပ်(ကွက်သစ်)၊ ပင်လောင်း
၂	ဦးခွန်ကြည်ရအောင်	ဒါရိုက်တာ	၁၃/တကန(နိုင်) ၁၉၁၀၈၉	၇/၁၃၊ အနောက်မြို့ပတ်လမ်း၊ ရွှေတောင်ရပ်၊ တောင်ကြီးမြို့
၃	ဦးခွန်နေလင်းနိုင်	ဒါရိုက်တာ	၁၃/ပလန(နိုင်) ၀၇၆၉၂၂	ပင်မွန်းတောင်ရွာ၊ ပင်လောင်းမြို့နယ်
၄	ဦးခွန်တီးတုတ်	ဒါရိုက်တာ	၁၃/တကန(နိုင်) ၂၁၇၇၅၄	ပင်မွန်းတောင်ရွာ၊ ပင်လောင်းမြို့နယ်

၂.၄ စီမံကိန်းစီမံခန့်ခွဲမှု

စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်တာဝန်ရှိသူများ-

စဉ်	အမည်	ရာထူး	တာဝန်	မှတ်ချက်
၁	ဦးခွန်စိုးမိုးကျော်	မန်နေးဂျင်း ဒါရိုက်တာ	အုပ်ချုပ်ရေး	
၂	ဦးခွန်စိန်ထူးအောင်	မန်နေဂျာ	စီမံခန့်ခွဲရေး	
၃	ဦးခွန်ထွန်းကျော်	မန်နေဂျာ	တူးဖော်ရေး	
၄	ဦးခွန်ဆုဇွေ	ဘူမိဗေဒပညာရှင်	တူးဖော်ရေး	
၅	ဦးဖေသန်းမောင်	ဘူမိဗေဒပညာရှင်	တူးဖော်ရေး	

၂.၅ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာတာဝန်ရှိသူများ

စဉ်	အမည်	ရာထူး	IEE တာဝန်
၁	ဦးဇော်ဝင်းသန်း သတ္တုတွင်းဝန်ကြီးဌာန(ညွှန်/မှူးငြိမ်း) Environmental Impact Assessment Procedure, Notification No(616/2015).	အဖွဲ့ခေါင်းဆောင် ကြားကာလအကြံပေး ပုဂ္ဂိုလ်လက်မှတ်ရ	အစီရင်ခံစာအချက်အလက်များ အား စီစစ်တည်းဖြတ်ခြင်း။
၂	ဦးတင့်အောင် Certificated of Applied Environmental Course Level 1,2,3.	အကြီးတန်းဘူမိပညာရှင် နှင့်ဝန်းကျင် ဇေဒပညာရှင်	ဘူမိဗေဒနှင့် လူမှုဝန်းကျင်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း၊ မြေပုံရေးဆွဲခြင်း(mine management)
၃	ဦးကျော်နိုင် Certificated of Applied Environmental Course Level 1,2,3	မိုင်းနင်းအင်ဂျင်နီယာ ဝန်းကျင်ဇေဒေပညာရှင်	သတ္တုတွင်းဆိုင်ရာထိခိုက်မှုနှင့် လျော့ပါးစေရေးအချက်အလက် များပြုစုခြင်း
၄	ဦးခွန်ဆုဗွေ Certificated of Applied Environmental Course Level 1,2,3	ဘူမိပညာနှင့် ဝန်းကျင်ဗဒေပညာရှင်	သဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက် အလက်များစုဆောင်းခြင်း။
၅	ဦးဇေသန်းမောင် Certificated of Applied Environmental Course Level 1,2,3.	ဘူမိဗေဒပညာရှင်နှင့် ဝန်းကျင်ဗဒေပညာရှင်	ဘူမိဗေဒနှင့်လူမှုဝန်းကျင်ဆိုင်ရာအချက်အလက်များစုဆောင်းခြင်း၊ မြေပုံရေးဆွဲ ခြင်း
၆	ဦးကျော်မင်းဦး	ရုက္ခဗေဒသိပ္ပံဘွဲ့	Ecology and Biodiversity ဂေဟာစနစ်စီမံခန့်ခွဲမှု၊ ဇီဝမျိုးစုံ မျိုးကွဲဖြစ်ထွန်းမှုအား ထိခိုက်မှု၊ ပတ်ဝန်းကျင်ရူပဆိုင်ရာမြေဆီလွှာ
၇	ဒေါ်နှင်းနှင်းလတ်	စီးပွားရေးဘွဲ့	Socio-Economy ပတ်ဝန်းကျင်နှင့်လူမှုစီးပွားရေးဆိုင် ရာစီမံခန့်ခွဲမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများနှင့်ချိတ်ဆက်ခြင်း

၂.၆ စီမံကိန်းလုပ်ငန်းအားအတည်ပြုဝန်ခံကြောင်းနှင့် တာဝန်ယူကြောင်းကတိဝန်ခံချက်

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီဌာန၏ခွင့်ပြုချက်အရ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၄၇၇၉၀၄၂ ဖြင့် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ(၁၄)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခွင့် ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးခွန်စိုးမိုးကျော်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၊

မောက်မွန်း ကျေးရွာအုပ်စု၊ ပါးမိုက်ဒေသရှိ ခနောက်စိမ်းသတ္တုရိုင်း စမ်းသပ်တိုင်းတာခွင့်ရ လုပ်ကွက်မြေဧရိယာ(၄၉.၅)ဧက၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာပြုစု ရေးသားတင်ပြခြင်းအပေါ် အချက်အလက်များမှန်ကန်တိကျပြည့်စုံမှုရှိ၍ အတည်ပြုကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေး လုပ်ငန်းများနှင့် အစီအစဉ်များကိုလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းနှင့် သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ စံချိန်စံညွှန်းများကို လိုက်နာလျက် ဆန်းစစ်ခြင်းအားဆောင်ရွက်ထားပါကြောင်းဝန်ခံကတိပြုပါသည်။

ဦးဇော်ဝင်းသန်း
အဖွဲ့ခေါင်းဆောင်
(ကြားကာလအကြံပေးပုဂ္ဂိုလ်လက်မှတ်ရ)

ဦးတင့်အောင်
(အကြီးတန်းဘူမိဗေဒပညာရှင်)

ဦးခွန်ဆုဇွေ
(ဘူမိဗေဒပညာရှင်)

ဦးကျော်နိုင်
(မိုင်းနင်းအင်ဂျင်နီယာ)

ဦးဖေသန်းမောင်
(ဘူမိဗေဒပညာရှင်)

ဦးကျော်မင်းဦး
(ရက္ခဗေဒသိပ္ပံဘွဲ့)

ဒေါ်နှင်းနှင်းလတ်
(စီးပွားရေးဘွဲ့)

၂.၇ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လျော်ကြေးငွေများ ပေးသွင်းမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်

၂၀၂၀ ပြည့်နှစ် လ ရက်

ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတတ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ချမှတ်ထားသောမူအရ လုပ်ငန်းအာမခံငွေသားအား သတ်မှတ်ချက်အတိုင်းပေးသွင်းပါမည်။ ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းရပ်ဆိုင်းပိတ်သိမ်းမည့်အချိန်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများရှိလာပါက ထိခိုက်မှုများအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်သည့်လျော်ကြေးငွေအား ပေးသွင်းမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ခွန်စိုးမိုးကျော်
မန်နေးဂျင်းဒါရိုက်တာ
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
Kaung Tan Mining Co., Ltd.

၂.၈ ကတိကဝတ်

(ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးလုပ်ငန်းများဆောင်ရွက်မှုကတိကဝတ်)

ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေး ဆိုင်ရာမူဝါဒများ ကုမ္ပဏီမှလိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးရာစံချိန်စံညွှန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ကတိကဝတ်ပြုရန် အရင်းအမြစ်များ	ပတ်ဝန်းကျင် ထိခိုက်မှု	ကတိကဝတ်ပြုချက်များ
မြေယာရှင်းလင်းခြင်း၊ အဆောက်အဦးဆောက်ရန်နှင့် အစမ်းကျင်းဖောက်ရန်ရှင်းလင်းခြင်း	သစ်တောသစ်ပင်ပြုန်းတီးခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်း၊ဂေဟစနစ်ဖြစ်ထွန်းမှုထိခိုက်ခြင်း	မြေယာအသုံးချမှုအနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ထားပါသည်။ သစ်ပင်ပေါက်ရောက်မှုမရှိသောနေရာများကို ရွေးချယ်ဆောင်ရွက်သွားပါမည်။ အသုံးပြုထားသော မြေနေရာများအတွက် အစားထိုးစိုက်ပျိုးပါမည်။ မြေဆီလွှာဆုံးရှုံးထားသည့် အသုံးချထားသော မြေနေရာများအား သင့်လျော်သောမြေအသုံးချမှု လုပ်ငန်းတစ်ရပ် ထူထောင်နိုင်သည်အထိပြန်လည်ပြုပြင်ပေးပါမည်။ အသုံးပြုခြင်းမရှိသော မြေနေရာများမှ သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားပါမည်။
စွန့်ပစ်ရေများ		
ဝန်ထမ်းများစားဖိုဆောင်များမှတစ်ရက်သုံးစွဲသည့်ရေပမာဏမှာ(၄၀၀)ဂါလံဖြစ်ပါသည်။	မြေပေါ်ရေ၊မြေအောက်ရေညစ်ညမ်း စေနိုင်ခြင်း	ဓါတုဆေးများသုံးစွဲခြင်းမရှိပါ၊စွန့်ပစ်ရေများအားမြောင်းဖော်၍ရေကန်အတွင်းစုစည်းအနယ်ထိုင်စေပြီးသစ်ပင်၊စိုက်ပျိုး ပင်များအားအစိုဓါတ်ရရှိစေရန်ပြန်လည်အသုံးပြုပါမည်။
စွန့်ပစ်မြေစာ		
အစမ်းကျင်း/မြောင်းရှည်များမှထွက်ရှိလာမည့်မြေစာများ	မြေဆီလွှာရှုံးခြင်း မြေစာပုံရေတိုက်စား၍ချောင်းများအတွင်းနုန်းအနည်ကျမှု ဖြစ်စေခြင်း	အပေါ်ယံမြေဆီလွှာအားသီးခြားစုပုံထားပါမည်၊ စွန့်ပစ်မြေစာများအားချောင်းနှင့်ဝေးကွာသောလုပ်ကွက်၏တောင်ဘက်ခြမ်းတွင်သီးခြားစုပုံ၍မိုးရာသီရေတိုက်စားမှုကြောင့်အနည်ကျခြင်းမဖြစ်စေရန်၊မြေစာပုံပတ်လည်ရေမြောင်းတူး၍စီးဆင်းစေပါမည်။
ဒေသဖွံ့ဖြိုးရေးနှင့်ကျန်းမာရေးစောင့်ရှောက်ပေးခြင်း		ကုမ္ပဏီမှပညာရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင်အစဉ်တစ်စိုက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးသွားပါမည်။ ဒေသခံများနှင့်တွေ့ဆုံ၍ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

အခန်း(၃)

မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

၃.၁ စီမံကိန်းဆိုင်ရာမူဝါဒများ

- ခနောက်စိမ်းသတ္တုများပိုမိုထုတ်လုပ်ခြင်းဖြင့်နိုင်ငံတော်၏အခွန်ဘဏ္ဍာတိုးပွားအောင်ဆောင်ရွက်ရန်
- ဒေသခံပြည်သူများ၏အလုပ်အကိုင်အခွင့်လမ်းများဖန်တီးပေးနိုင်ရန်
- တာဝန်ခံမှုတာဝန်ယူမှုရှိသောလုပ်ငန်းများတိုးတက်လာစေခြင်းဖြင့်နိုင်ငံတော်၏စီးပွားရေးကိုအထောက်အကူဖြစ်စေရန်

၃.၂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ

စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ကုမ္ပဏီမှချမှတ်ဆောင်ရွက်မည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်လူမှုရေး ဆိုင်ရာမူဝါဒ များမှာ

- စီမံကိန်းလုပ်ငန်းမှ သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများကိုဖော်ပြရန်၊
- ထိခိုက်မှုများအားရှောင်လွှဲရန်နှင့် ရှောင်လွှဲ၍မရနိုင်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးစီမံဆောင်ရွက်ရန်၊
- ဆိုးကျိုးသက်ရောက်ခြင်းခံရသော လေထု၊ မြေထု၊ ရေအရင်းအမြစ်နှင့် ရူပဆိုင်ရာအချက်အလက်များ ထိခိုက်မှုများလျော့ချ၍ အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရန်၊
- စွန့်ပစ်ပစ္စည်းများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်နှင့် စွန့်ပစ်ပစ္စည်းများကြောင့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့နည်းပပျောက်စေရေးအတွက် စီမံဆောင်ရွက်ရန်၊
- သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး ဆောင်ရွက်ရန်၊ ပြုန်းတီးမှုရှိပါက စိမ်းလန်းစိုပြေရေးနှင့်ဂေဟစနစ်ဖွံ့ဖြိုးရေးအတွက် မြေဆီလွှာဆုံးရှုံးမှုမရှိစေရေး၊ တူးဖော်မှုလုပ်ငန်းအတွက်မြေအသုံးပြုမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရန်၊
- ပတ်ဝန်းကျင်နှင့်ဒေသခံများ၏ လူမှုဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရန်၊
- အလုပ်သမားများ၏ကျန်းမာရေး စောင့်ရှောက်ပေးရန်၊ ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များအား လျော့နည်းသက်သာစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်၊

၃.၃ မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၆)

- နိဒါန်း(၁) အထိန်းအကွပ်မဲ့သယံဇာတများ တူးဖော်ခြင်းကိုအဓိကပြဿနာရပ်တစ်ခု အနေဖြင့်ဖော်ပြထားပြီး လေထု၊ မြေထု၊ ရေထုညစ်ညမ်းခြင်းများအတွက် အဓိက တွန်းအားတစ်ခုဖြစ်လာသည်။
- မူဝါဒ၃(ခ) ပစ္စုပ္ပန်အနာဂတ်မျိုးနွယ်ဆက်များအကျိုးငှာ သဘာဝသယံဇာတပစ္စည်းများ ကိုကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။
- မူဝါဒ ၃(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထားရှိရမည်။
- မူဝါဒ ၆(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင် ချက်များ အား ဆက်စပ်ကဏ္ဍများတွင် ထည့်သွင်းရမည်။
- အခြေခံမူ(၂၃)ချက်(၁၃)ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းများကို စတင်ထုတ်လွှတ်သည့် နေရာ၌ ပင်ရှောင်ရှားခြင်းနှင့် လျှော့ချခြင်း(Clean Production Principle)ကို တွန်းအား ပေးရမည်။
- (၁၄)ညစ်ညမ်းသူတာဝန်ယူမှု(PPP)ကို ကျင့်သုံးပြီး ပတ်ဝန်းကျင်ထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည်။
- (၁၆) ကြိုတင်သတိထားဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ကျရောက်နိုင်မှု ဆန်းစစ်ခြင်း၊ ထိခိုက်မှုလျှော့ချခြင်းတို့ကို အသုံးပြု၍ ဖြစ်ပွားနိုင်ခြေများအားလုံး ဆန်းစစ်သုံးသပ်ပြီးမှသာ ဆုံးဖြတ်ရမည်။
- (၁၅၊၁၇)ပြည်သူလူထုပူးပေါင်းပါဝင်ခွင့်၊ သတင်းအချက်အလက်ရပိုင်ခွင့်နှင့် ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိစေရမည်။
- (၂၀) ငြိမ်းချမ်းရေးလုပ်ငန်းများ၊ အုပ်ချုပ်အစီအမံများနှင့်သဟဇာတရှိရမည်။

၃.၄ ဥပဒေနှင့်မူဘောင်များ

(၁) မြန်မာ့သတ္တုတွင်းနည်းဥပဒေ (၂၀၁၈)

ပုဒ်မ ၈ (က) စီမံကိန်းအဆိုပြုလွှာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ EIA လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်တင်ပြရမည်။

ပုဒ်မ ၁၄ လုပ်ငန်းစတင်ခွင့်ပြုပြီး ရက်(၉၀) အတွင်းအကောင်အထည်မဖော်လျှင် အလို အလျောက်ပျက်ပြယ်သည် (တစ်ပတ်ခြား သုံးကြိမ်သတိပေး ရက်ပေါင်း ၃၀ အတွင်း)

ပုဒ်မ ၁၅ သက်တမ်းတိုးဆက်လက်လုပ်ကိုင်ပါက သက်တမ်းမကုန်ဆုံးမီ (၃လ) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် (သက်တမ်းတိုး ၁ နှစ်)

ပုဒ်မ ၁၆ စည်းကမ်းဖောက်ဖျက်မှု တစ်စုံတစ်ရာရှိခြင်း၊ လုပ်ငန်းအစီအစဉ် ပြည့်စုံမှုမရှိခြင်း၊ အများပြည်သူအကျိုးအတွက် သက်တမ်းတိုးမြင့်ပေးခြင်းကို ငြင်းဆန်နိုင်သည်။

ပုဒ်မ ၁၈ (ခ) ခွင့်ပြုချက်ရထားသူက အခြားပုဂ္ဂိုလ်(သို့) အဖွဲ့အစည်းထံ ဓါတ်သတ္တု တိုင်းတာရန်၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာရန်၊ ထုတ်လုပ်ရန် ထပ်မံပေးအပ်ခြင်းမျိုး မပြုလုပ်ရ။

ပုဒ်မ ၁၉ ဓါတ်သတ္တုရှာဖွေရန် ခွင့်ပြုချက်ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်း မကုန်မီ အနည်းဆုံး(၃ လ) ကြိုတင်၍ လျှောက်ထားရမည်။

ပုဒ်မ ၂၄ (စ) ဓါတ်သတ္တုရှာဖွေရန်၊ စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းများလုပ်ကိုင်ရန် ရွေးချယ်ခြင်းခံရသူသည် EMP ရေးဆွဲတင်ပြရမည်။

ပုဒ်မ ၄၈ (စ) အကြီးစားသတ္တုထုတ်လုပ်ခွင့်အတွက် ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် (သို့) အဖွဲ့ အစည်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ EIA လုပ်ထုံး လုပ်နည်း များနှင့်အညီ EIA ရေးဆွဲတင်ပြရမည်။

ပုဒ်မ ၅၁၊ ၆၇၊ ၈၅ ဒေသခံများအတွက် CSR ၊ အများပြည်သူများနှင့် အကြိုညှိနှိုင်းခြင်း လုပ်ငန်းများ ဆွေးနွေးသဘောထားရယူရမည်။

ပုဒ်မ ၅၃၊ ၈၇ မူလလုပ်ကွက်နှင့်တစ်ဆက်တည်းရှိသည့် နေရာများတွင် လျှောက်ထားလာ လျှင် ဓါတ်သတ္တုဖြစ်ထွန်းနိုင်မှု၊ အရည်အသွေး၊ ဘေးကင်းလုံခြုံမှု၊ ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုအနေအထား စသည်တို့ပေါ်မူတည်၍ ခွင့်ပြုနိုင်သည်။

ပုဒ်မ ၅၄ အကြီးစားတူးဖော်ခွင့်ရရှိသူသည် ဆက်လက်လုပ်ကိုင်ခွင့်ကို လျှောက်ထားနိုင်သည်။

ပုဒ်မ ၅၅ အကြီးစားတူးဖော်မှုများအတွက် အနည်းဆုံး(၁)နှစ် ကြိုတင်လျှောက်ထားရမည် သက်တမ်းတိုး (၅) နှစ်

ပုဒ်မ ၆၄ (ဆ) အလတ်စားသတ္တုထုတ်လုပ်ခွင့်အတွက် ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းအနေဖြင့် အလတ်စား IEE (သို့) EIA ရေးဆွဲတင်ပြရမည်။

ပုဒ်မ ၈၂ (စ) အလတ်စားသတ္တုထုတ်လုပ်ခွင့်အတွက် ရွေးချယ်ခံရသည့် ပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ EIA လုပ်ထုံး လုပ်နည်းများနှင့် အညီ (အလတ်စား IEE) ရေးဆွဲတင်ပြရမည်။

ပုဒ်မ ၁၀၁ (က) (၃) ဓါတ်သတ္တုဆင့်တက်ပြုပြင်ရန် အစီအစဉ်ရေးဆွဲရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှု အစီအစဉ်များပါရှိရမည်။ (စ) IEE (သို့) EIA အစီရင်ခံစာ ရေးဆွဲတင်ပြပြီးဖြစ်ရမည်။

ပုဒ်မ ၁၀၆ (င) လုပ်ငန်းတစ်မျိုးထက်ပို၍ လုပ်ကိုင်ရန်ခွင့်ပြုချက်ရရှိပြီးသော ပုဂ္ဂိုလ် (သို့) အဖွဲ့အစည်း အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ EIA လုပ်ထုံး လုပ်နည်းများနှင့်အညီ EMP (သို့) IEE (သို့) EIA အစီရင်ခံစာကို ရေးဆွဲတင်ပြရ မည်။

ပုဒ်မ ၁၁၉ (ဂ)ဓါတ်သတ္တုရှာဖွေရေးလုပ်ငန်းများကိုခွင့်ပြုမိန့်ရရှိပြီးရက်(၉၀)အတွင်းစတင်လုပ်။

(ဃ) တာဝန်ရှိသူကို လုပ်ငန်းအစီအစဉ်ကို ကြိုတင်အကြောင်းကြား။

ပုဒ်မ ၁၂၂(ဂ) ဓါတ်သတ္တုစမ်းသပ်တိုင်းတာရေးလုပ်ငန်းများကိုခွင့်ပြုမိန့်ရရှိပြီး ရက်(၉၀)အတွင်း စတင်လုပ်။

(ဃ) တာဝန်ရှိသူကို လုပ်ငန်းအစီအစဉ်ကို ကြိုတင်အကြောင်းကြား။

ပုဒ်မ ၁၂၃(စ) သတ္တုတွင်းအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ဘူမိဗေဒ၊ စာရင်းအင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပြုစုသည့်အစီရင်ခံစာများ ထိန်းသိမ်းထားရှိရမည်။

ပုဒ်မ ၁၂၇(ဂ) ဖြစ်မြောက်နိုင်စွမ်းလေ့လာ၍ ခွင့်ပြုချက်ရသူသည် ခွင့်ပြုရက်မှ ရက်ပေါင်း (၆၀) အတွင်း စတင်လုပ်ဆောင်ရန်။

(ဃ) လုပ်ငန်းစီမံချက် အစီအစဉ်ကို တာဝန်ရှိသူထံကြိုတင်အကြောင်းကြား။

ပုဒ်မ ၁၂၈ မှတ်တမ်းများ၊ အစီရင်ခံစာများ ထားရှိရမည်။

ပုဒ်မ၁၃၃(ခ) အကြီးစားထုတ်လုပ်ရန်ခွင့်ပြုချက်ရသူသည် ခွင့်ပြုမိန့်ပါနည်းစနစ်နှင့်အညီ ခွင့်ပြုထားသော ဓါတ်သတ္တုကို ထုတ်လုပ်ရမည်။

(စ) သတ်မှတ်နေ့ရက်မကျော်လွန်မှီ လုပ်ငန်းစတင်ရမည်။

(ဇ) သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေပြန်လည်ပြုပြင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် သစ်ပင်များပြန်လည်စိုက်ပျိုးရန် အစီအစဉ်များ ဆောင်ရွက်ပေးရမည်။

ပုဒ်မ ၁၃၄ (စ) အစီရင်ခံစာများထားရှိရမည်။

ပုဒ်မ ၁၃၇ (ဂ) အတည်ပြုထားသော သတ္တုတွင်းထူထောင်ရေးနှင့် ဓါတ်သတ္တုထုတ်လုပ်ရေး လုပ်ငန်းအစီအစဉ်နှင့်အညီ ခွင့်ပြုထားသော ဓာတ်သတ္တုကို တူးဖော်ရမည်။

(စ) သတ်မှတ်နေ့ရက်မကျော်လွန်မှီ။

(ဇ) ဓါတ်သတ္တုတူးဖော်ထုတ်လုပ်ပြီးစီးခဲ့သော ဧရိယာများတွင် သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း ပြန်လည်မြေဖို့ခြင်း၊ သစ်ပင်များပြန်လည်စိုက်ပျိုးရန် အစီအစဉ် ပြုလုပ်ခြင်းနှင့် မြေပြင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

(ဠ) တားမြစ်ကန့်သတ်ထားသော ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများကို တည်ဆဲဥပဒေ များအရ သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက် ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

ပုဒ်မ ၁၃၈ (စ) အစီရင်ခံစာများ ထားရှိရမည်။

ပုဒ်မ ၁၄၁ (က) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်ပါ နည်းစနစ်နှင့်အညီ ခွင့်ပြုထားသော ဓါတ်သတ္တုကို တူးဖော်ရမည်။

(စ) သတ်မှတ်နေ့ရက်မကျော်လွန်မှီ။

(ဓ) ဓါတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကို မစတင်မီနှင့် မရပ်ဆိုင်းမီ သက်ဆိုင်ရာ နယ်မြေဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာခွင့်ပြုသည့်ဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်ထားသော ဓာတုပစ္စည်းနှင့် ဓာတ်ဆေးများကို တည်ဆဲ ဥပဒေများအရ သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

ပုဒ်မ ၁၄၃ (က) ခွင့်ပြုမိန့်ပါစည်းကမ်းများကိုလိုက်နာရမည်။

(ခ) ဓါတ်သတ္တုတူးဖော်ထုတ်လုပ်ရာတွင် စက်ယန္တရားနှင့် စက်ကိရိယာများ၊ စက်ပစ္စည်းများကို နောက်ဆက်တွဲ(က)နှင့်အညီသာလျှင် အသုံးပြုရမည်။

(ဂ) တားမြစ်ကန့်သတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာ၍ ဆောင်ရွက်ခြင်းနှင့် သုံးစွဲခြင်းမပြုရမည်။

ပုဒ်မ ၁၄၇ (ဃ) ဓါတ်သတ္တုများ သယ်ဆောင်ရာတွင်လည်းကောင်း၊ ဓါတ်သတ္တုများ သိုလှောင် ထားရှိမည့်မြေနေရာနှင့် အဆောက်အအုံများသည်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အလေးပေးဆောင်ရွက်ရမည်။

ပုဒ်မ ၁၅၂ လိုအပ်သည့်ရေပမာဏကို သက်ဆိုင်ရာသို့ တင်ပြရယူသုံးစွဲရမည်။

ပုဒ်မ ၁၅၃ ရေရယူသုံးစွဲရာတွင် ဒေသခံပြည်သူများ၏ ရေရှိရေးနှင့် လူမှုစီးပွားမထိခိုက်စေရေး၊ ရေကြောင်းမပိတ်ဆို့ရေး ဂရုပြုရမည်။

ပုဒ်မ ၁၅၄ (ဂ) ရေသုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရေညစ်ညမ်းမှု မဖြစ်ပေါ်ရေး တာဝန်ယူရမည်။ မြေပေါ်ရေ၊ မြေအောက်ရေ အရည်အသွေးထိန်းသိမ်းရမည်။

ပုဒ်မ ၁၇၀ (ဂ) ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် သတ္တုတွင်းတစ်ခုတွင် အောက်ပါ အတိုင်း စီစဉ်ဆောင်ရွက်ထားရှိရမည်-

(၁) အလုပ်သမား(၅၀) အောက်ရှိပါက အရေးပေါ် ရှေးဦးသူနာပြုစုခြင်း သင်တန်း အဆင်းလက်မှတ်ရရှိထားသူ (၁)ဦးထားရှိပေးခြင်း၊

(၂) အလုပ်သမား(၅၀)နှင့်အထက်ရှိပါက အရေးပေါ်အခြေအနေများတွင် ပြုစုကုသ ရန်အတွက် အရေးပေါ်ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း လက်မှတ်ရရှိထားသူ (၁)ဦးနှင့် အချိန်ပိုင်းသူနာပြု(၁)ဦး ထားရှိပေးခြင်း၊

(၃)အလုပ်သမား(၁၀၀)နှင့် အထက်ရှိပါကအရေးပေါ်ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း လက်မှတ်ရရှိထားသူ(၁)ဦး၊ သူနာပြု(၁)ဦးနှင့် အချိန်ပိုင်း ဆရာဝန်(၁)ဦး ထားရှိပေးခြင်း၊

ပုဒ်မ ၁၇၂(က) ပြဋ္ဌာန်းထားသော သာမန်နာရီများထက်ပို၍ အလုပ်ခိုင်းစေပါက သာမန်ပေးရမည့်အခနှုန်း၏ နှစ်ဆပေးရမည့်အပြင်ရှားပါး စရိတ်ရရှိနေလျှင်လည်း အချိန်ပိုလုပ်ရသည့်နေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေရမည်၊

(ခ)အများပြည်သူအလုပ်ပိတ်ရက်တွင်အလုပ်လုပ်ရလျှင်ထိုအလုပ်သမားအား သက်ဆိုင်ရာအခြေခံအခကြေးငွေကို သော်လည်းကောင်း၊ အခြေခံလစာငွေကိုသော်လည်းကောင်း၊ ထိုနေ့အတွက်ပေးမြဲနှုန်း၏ နှစ်ဆရထိုက်စေရမည့်အပြင် ရှားပါးစရိတ် ရရှိနေလျှင် ထိုနေ့အတွက် ပေးမြဲနှုန်းအတိုင်း ရှားပါးစရိတ်ကိုလည်း ရထိုက်စေရမည်။ အများပြည်သူအလုပ်ပိတ်ရက် တစ်ရက်သည် ရက်သတ္တပတ်အလုပ်ပိတ်ရက်နှင့် ဖြစ်စေ၊ အခြားအများပြည်သူအလုပ်ပိတ်ရက်နှင့်ဖြစ်စေ တိုက်ဆိုင်နေလျှင် အခြားနေ့ တစ်နေ့ကို အများပြည်သူအလုပ်ပိတ်ရက်အဖြစ် ဖြင့်ပြောင်းလဲ၍ ခွင့်မပြုရ။ ထိုသို့ တိုက်ဆိုင်သည့် အလုပ်ပိတ်ရက်ကို အများပြည်သူအလုပ် ပိတ်ရက်ဖြစ်သည်ဟု ယူဆရမည်။

ပုဒ်မ ၁၉၄

(က) သတ္တုတွင်းဖြစ်စေ၊ သတ္တုတွင်းပတ်ဝန်းကျင်၌ဖြစ်စေ မတော်တဆဖြစ်ပွားရာ၌ လူသေဆုံး သည့်အခါ သို့မဟုတ် လူ့ခန္ဓာကိုပြင်းထန်စွာ ဒဏ်ရာရသည့်အခါတွင်သော်လည်းကောင်း၊ သတ္တုတွင်း၌ မတော်တဆပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုဖြစ်ပွားသည့် အခါတွင်သော် လည်းကောင်း၊ ရေများယိုစီးလာသည့်အခါတွင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်အပါအဝင် အမျှော်မှန်းနိုင်သော ဘေးအန္တရာယ်ဖြစ်ပွားခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့နှင့် စပ်လျဉ်း၍ မတော်တဆမှုဘေးအန္တရာယ်ဖြစ်ပွားသည့် အခါတွင်သော်လည်းကောင်း ထိုသို့ဖြစ်ပွားသည့်ဖြစ်ရပ်များကို တာဝန်ယူကြီးကြပ်သည့် သက်ဆိုင်ရာ ခွင့်ပြုသည့် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းနှင့် သက်ဆိုင်ရာလူမှုဖူလုံရေးရုံးသို့ အချင်းဖြစ်ပွားပြီး၂၄နာရီအတွင်းသတင်းပေးပို့ရမည်။

ပုဒ်မ ၁၉၅ သတ်မှတ်စည်းကမ်းများနှင့်အညီ စစ်ဆေးမှုခံယူရမည်။

(၂) မြန်မာ့သတ္တုတွင်းဥပဒေအားပြင်ဆင်သည့်ဥပဒေ (၂၀၁၅)

(၃) သတ္တုတွင်းဥပဒေအားပြင်ဆင်သည့်ဥပဒေ (၂၀၁၈)

(၃) မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄)

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

ပုဒ်မ ၇(ဥပဒေ)

(ဃ) ပတ်ဝန်းကျင်အရည်အသွေး၊ စွန့်ပစ်ပစ္စည်းများနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်းများနှင့်ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများအား လိုက်နာရမည်။

(င)ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုနှင့်ပတ်သက်ပြီးဝန်ကြီးဌာနအကူအညီရယူနိုင်သည်။

(ဆ)သတ်မှတ်ထားသည့်ဓာတုပစ္စည်းများ(သို့)ဘေးအန္တရာယ်ရှိ ပစ္စည်းသုံးစွဲမှုနှင့် စွန့်ပစ်ပစ္စည်း သတ်မှတ်အမျိုးအစားများနှင့် အတန်းအစားများကို လိုက်နာရမည်။

(ည)စွန့်ပစ်ရေသန့်စင်မှုနှင့် စက်ယာဉ်ယန္တရားများဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များအား လိုက်နာရမည်။

(ဋ)အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ရမည်။

(ဍ)သတ်မှတ်ထားသည့်EIA/ SAI စနစ်များကို အကောင်အထည်ဖော်ရမည်။

ပုဒ်မ ၁၀ (ဥပဒေ)မြေပေါ်မြေအောက် ရေထုလေထု၊ အသံ၊ အခိုးအငွေ့၊ စွန့်ထုတ်အရည်၊ အစိုင်အခဲစသည့် အရည်အသွေးစံနှုန်းသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရမည်။

ပုဒ်မ၁၃(ဥပဒေ)

ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်အရစစ်ဆေးမှုများကိုလက်ခံရမည်။

ပုဒ်မ ၁၄ (ဥပဒေ),

ပုဒ်မ(၁၀)ပါ အရည်အသွေးစံနှုန်းသတ်မှတ်ချက်များအတိုင်း သန့် ထုတ်၊ စွန့်ပစ်ရမည်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)

ပုဒ်မ ၇(ဥပဒေ)

(ဃ)ပတ်ဝန်းကျင်အရည်အသွေး၊ စွန့်ပစ်ပစ္စည်းများနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများအား လိုက်နာရမည်။

(င) ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုနှင့် ပတ်သက်ပြီးဝန်ကြီးဌာန အကူအညီရယူနိုင်သည်။

(ဆ)သတ်မှတ်ထားသည့် ဓာတုပစ္စည်းများ(သို့) ဘေးအန္တရာယ်ရှိ ပစ္စည်းသုံးစွဲမှုနှင့် စွန့်ပစ်ပစ္စည်းသတ်မှတ်အမျိုးအစားများနှင့် အတန်းအစားများကို လိုက်နာရမည်။

(ည) စွန့်ပစ်ရေသန့်စင်မှုနှင့် စက်ယာဉ် ယန္တရားများဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များအား လိုက်နာရမည်။

(ဋ)အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ရမည်။

(ဍ) သတ်မှတ်ထားသည့် EIA / SAI စနစ်များကို အကောင်အထည်ဖော်ရမည်။

ပုဒ်မ ၁၀ (ဥပဒေ)

မြေပေါ်မြေအောက် ရေထုလေထု၊ အသံ၊ အခိုးအငွေ့၊ စွန့်ထုတ်အရည်၊ အစိုင်အခဲ စသည့်အရည်အသွေး စံနှုန်းသတ်မှတ်ချက်များကို အကောင်အထည်ဖော်ရမည်။

ပုဒ်မ ၁၃ (ဥပဒေ)

ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်အရ စစ်ဆေးမှုများကို လက်ခံရမည်။

ပုဒ်မ ၁၄ (ဥပဒေ)

ပုဒ်မ(၁၀)ပါ အရည်အသွေးစံနှုန်းသတ်မှတ်ချက်များအတိုင်း သန့် ထုတ်၊ စွန့်ပစ်ရမည်။

ပုဒ်မ ၁၅ (ဥပဒေ) ပုဒ်မ(၁၄)ပါအတိုင်း လုပ်ကိုင်ရန် အထောက်အကူပြုပစ္စည်း(သို့) ကိရိယာတပ်ဆင်ရန် (သို့) ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းများဖြင့်စွန့်ပစ်ရမည်။

ပုဒ်မ ၂၁ (ဥပဒေ)

ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်အရည်အသွေးထိခိုက်သည့် လုပ်ငန်းအမျိုးအစားကို သတ်မှတ်နိုင်သည်။

ပုဒ်မ ၂၂ (ဥပဒေ)

သတ်မှတ်ပြီးသည့် လုပ်ငန်းပိုင်ရှင်(သို့) လက်ရှိဖြစ်သူက ဝန်ကြီးဌာနသို့ ခွင့်ပြုချက် လျှောက်ထားရမည်။

ပုဒ်မ ၂၈ (ဥပဒေ) ခွင့်ပြုချက်မရဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

ပုဒ်မ ၃၁၊ ၃၂ (ဥပဒေ) တားမြစ်ချက်များ ဖောက်ဖျက်ပါက ထောင်ဒဏ်(+ငွေဒဏ်) ကျခံရမည်။

ပုဒ်မ ၃၀ (နည်းဥပဒေ) ဝန်ကြီးဌာနသည် ညစ်ညမ်းသူက ပေးလျော်ရမည့်ငွေနှင့် သဘာဝပတ်ဝန်းကျင် ဝန်ဆောင်မှုအတွက်ပေးရန် ငွေပမာဏ သတ်မှတ်နိုင်သည်။

ပုဒ်မ၅၄၊၅၅(နည်းဥပဒေ)

EIA နှင့် EMP ဆွဲရန် တရားဝင်မှတ်ပုံတင်ထားသည့်အဖွဲ့ဖြစ်ရမည်။

ပုဒ်မ ၆၇ (နည်းဥပဒေ)

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ကိုင်လိုသူများသည် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ/ မရှိ ဝန်ကြီး ဌာန၏ သဘောထားမှတ်ချက်ရယူရမည်။

ပုဒ်မ ၆၈ (နည်းဥပဒေ)အလတ်စားလုပ်ငန်းကိုင်သူများအနေဖြင့်လည်း ဦးစီးဌာနသဘောထား ကို ရယူရမည်။

(၆) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်သွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ(၂၀၁၅)

(၇) ပတ်ဝန်းကျင်ထိခိုက်ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(၂၀၁၅)

ပုဒ်မ ၈

ထိုလုပ်ထုံးလုပ်နည်းများမထုတ်ပြန်မီတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ပြီး ဖြစ်သော(သို့)လုပ်ငန်းဆောင်ရွက်ဆဲဖြစ်သော စီမံကိန်းအသီးသီးသည် ပတ်ဝန်းကျင် ဆိုင်ရာ စိစစ်မှုပြုလုပ်၍ သတ်မှတ်ကာလအတွင်း-

(က) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအစဉ်ရေးဆွဲရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရယူရမည်။

(ဂ) ဆိုးကျိုးသက်ရောက်မှုများအားလျှော့ချရန် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားသက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ သင့်လျော်သော အရေးယူဆောင်ရွက်မှု များ ပြုလုပ်ရမည်။

ပုဒ်မ ၁၃

(က) အဆိုပြုသူသည်အများပြည်သူနှင့် သင့်လျော်သော တိုင်ပင်ဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်ရမည်။

(၈) သစ်တောဥပဒေ(၁၉၉၂)

ပုဒ်မ-၁၂(က)

(၉) သစ်တောဥပဒေ(၂၀၁၈)

(၁၀) ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက် ခြင်းဆိုင်ရာဥပဒေ(၂၀၁၈)

(၁၁) တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝနယ်မြေများကာကွယ်ရေးဥပဒေ(၁၉၉၄) အခန်း(၂) (က/ဂ)

(၁၂) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနပုဒ်မ၃(က) ဗဟိုကော်မတီ၏ တာဝန်များတွင်မြေလွတ်၊ မြေလပ်မြေရိုင်း ပေါ်တွင်ဓာတ်သတ္တုထုတ်လုပ်ခြင်း၊

ပုဒ်မ ၄

ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အားဗဟိုကော်မတီက ချမှတ်ထားသည်ဟုပြဌာန်းထား

ပုဒ်မ ၁၃ ဗဟိုကော်မတီကသတ်မှတ်ထားသောအာမခံကြေးကိုပေးဆောင်ရမည်။

ပုဒ်မ ၁၆

(က) ဆက်စပ်လုပ်ငန်းအမျိုးအစားကိုသာလုပ်ကိုင်ရမည်။

(ခ)စတင်ခွင့်ပြုသည့်နေ့မှ(၄)နှစ်အတွင်းပြီးစီးအောင် အကောင်အထည်ဖော်ရမည်။

(ဂ) ရောင်း၊ပေါင်၊ ငှား လည်းပေးမလုပ်ရ

(ဃ) မြေခွန်ဆောင်ရမည်

(င) ခွင့်ပြုသည့်လုပ်ငန်းမှအပ အခြားသယံဇာတတူးဖော်ခြင်းများမပြုလုပ်ရ။

ပုဒ်မ၁၉

(ဂ) ခွင့်ပြုမြေတွင်ခွင့်ပြုဓာတ်သတ္တုအပြင် အခြားသံဇာတပစ္စည်းများတွေ့ရှိခြင်းရှိပါက ပြန်လည် ရယူပိုင်ခွင့်ရှိသည်။

ပုဒ်မ ၂၅

(က)လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဖြစ်ပွားနိုင်သည့် အငြင်းပွားမှုများအတွက် ဗဟိုကော်မတီထံမှ အကူအညီရယူနိုင်သည်။

ပုဒ်မ ၂၇

(က) တရားမဝင် ဝင်ရောက်လုပ်ကိုင်ခြင်း ငွေဒဏ် ၅ သိန်း၊ ထောင်ဒဏ် ၂နှစ်။

(၁၃) အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ(၂၀၁၆)

(၁၄) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၁၃/၂၀၁၆)

ပုဒ်မ - (၆၉))(စ/ဇ)

(၁၅) မြေအောက်ရေအက်ဥပဒေ(၁၉၃၀)

(၁၆) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ် ရေးဥပဒေ(၂၀၁၃)

(၁၇) The Emergency Provision Act (1950)

(၁၈) The Explosive Subtances Act (1908)

(၁၉) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

(၂၀) အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)

(၂၁) ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)

(၂၂) အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)

ပုဒ်မ-၁၃ -(က/ခ/ဂ)

(၂၃) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၂၀၁၇)

အပိုဒ်(၃)၊(က/ခ)

(၂၄) လူမှုဖူလုံရေးအက်ဥပဒေ(၁၉၅၄/၂၀၁၂)

(၂၅) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)

(၂၆) မြန်မာကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)

(၂၇) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)

(၂၈) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၉)

ပုဒ်မ ၃

ရည်ရွယ်ချက်တွင် သယံဇာတတူးဖော်မှုကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ထည့်သွင်းထားရှိ

ပုဒ်မ ၄

(င)ဥပဒေ၏ အခြေခံမူမှာ ပြည်တွင်းထွက် သယံဇာတပစ္စည်းများကို အသုံးပြု၍ ကုန်ပစ္စည်းထုတ်လုပ်လာနိုင်စေရေး။

ပုဒ်မ ၆

(က) တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိခိုက်စေသော လုပ်ငန်းများ၊

(ခ) လူနေထိုင်ရာရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေသော အသံဆူညံမှုဖြစ်စေသော လုပ်ငန်းများ၊

(ဂ) ပြည်သူ့ကျန်းမာရေး

(ဃ) သဘာဝအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သော လုပ်ငန်းများ၊

(င) ကုန်းနေ၊ ရေနေ သတ္တဝါများကို ထိခိုက်စေသော လုပ်ငန်းများအား ကန့်သတ်တားမြစ် လုပ်ငန်းများအဖြစ် သတ်မှတ်သည်။

ပုဒ်မ ၈၊ ၉

(က) ရာနှုန်းပြည့်၊ ဖက်စပ်၊ ဘီအိုတီ၊ ဘီအိုအို စသည့်ပုံစံများဖြင့် တစ်ဦးချင်း(သို့) အစုအဖွဲ့(သို့) ကုမ္ပဏီဖြစ်စေပြုလုပ်နိုင်သည်။

ပုဒ်မ ၁၁

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အဆိုပြုလုပ်ငန်းများ၏ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအပါအဝင် အချက်အလက်များအား သုံးသပ်ရမည်။

(ခ) မူလစာချုပ်တွင် မပါဝင်သည့် သဘာဝသယံဇာတ တွင်းထွက်များ၊ ရတနာသိုက် စသည်တို့ကို တွေ့ရှိပါက သိရှိနိုင်ရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန် စီမံရမည်။

(ဂ) ခန့်အပ်ထားသည့် နိုင်ငံခြားသားများအား အလုပ်အလုပ်ခွင့်၊ နေထိုင်ခွင့်ရရှိရေး ကူညီရမည်။

ပုဒ်မ ၁၅

(က) စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စာချုပ်ပါ စည်းကမ်းစသည်တို့ကို လိုက်နာရမည်။

(ခ) ပတ်ဝန်းကျင်ညစ်ညမ်းပျက်စီးမှုမဖြစ်စေရန် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) မူလစာချုပ်တွင်မပါဝင်သည့် သဘာဝသယံဇာတများ၊ ရတနာသိုက် စသည်တို့ကို တွေ့ရှိပါက ချက်ချင်းအကြောင်းကြားရမည်။

ပုဒ်မ ၁၆

ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများ ရယူနိုင်သည်။ (နိုင်ငံခြားသားများအား အလုပ်ခန့် ထားခွင့်၊ အစိုးရဌာနများမှ နည်းပညာနှင့်အခြားပံ့ပိုးမှုရယူခွင့်၊ အခွန်ကင်းလွတ်ခွင့်)

ပုဒ်မ ၁၉

ရင်းနှီးမြှုပ်နှံသူသည် ဝန်ထမ်းများကျွမ်းကျင်မှုတိုးတက်ရေး သင်တန်းပေးရမည်။ ခန့်ထား ရာတွင် အလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီဖြစ်ရမည်။

ပုဒ်မ ၂၁

ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုရ။

ပုဒ်မ ၂၄၊ ၂၅

မြေငှားရမ်းခွန်ကို ကနဦးနှစ်(၅၀)အထိခွင့်ပြုပြီး (၁၀) နှစ်တစ်ကြိမ် သက်တမ်းတိုးနိုင်သည်။

ပုဒ်မ ၃၂

ဥပဒေပါ စည်းကမ်းချက်များဖောက်ဖျက်ပါက သတိပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ရုပ်ဆိုင်းခြင်း၊ လုပ်ငန်းများဆိုင်းငံ့ခြင်း၊ ခွင့်ပြုမိန့်ရုပ်သိမ်းခြင်း၊ နာမည်ပျက် စာရင်း ထည့်သွင်းခြင်းများ ပြုလုပ်နိုင်သည်။

(၂၈) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၆)

(၂၉) စက်မှုလျှပ်စစ်ဝန်ကြီးဌာနဥပဒေ (၂၀၁၅)

(၃၀) စာချုပ်ပါလိုက်နာဆောင်ရွက်ရမည့်အချက်များ

၃.၅ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

စီမံကိန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများမှာ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်းလိုက်နာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃.၅.၁ ပတ်ဝန်းကျင်လေထုအရည်အသွေး (Ambient Air Quality Standards)

ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှုမရှိစေရေး အတွက် အောက်ပါ ပတ်ဝန်းကျင်လေထု အရည်အသွေးများနှင့်အညီ ဆောင်ရွက်မည် ဖြစ်ပါသည်-

အနီးပတ်ဝန်းကျင် လေအရည်အသွေးစံချိန်စံညွှန်းများ

Substance	Averaging Period	Standard $\mu g/m^3$	Reference
Sulfur dioxide	24 hours 10 minutes	20 500	Myanmar National Environmental Quality (Emission) Guidelines, December 2015.
Nitrogen dioxide	1 year 1 hour	40 200	As above
Particulate matter PM_{10}	1 year 24 hours	20 50	As above
Particulate matter $PM_{2.5}$	1 year 24 hours	10 25	As above
Ozone	8-hour daily maximum	100	As above
Mercury	1 year	1	Air Quality Guidelines. 2000. World Health Organization.
Acid mist(workplace); Sulfuric acid	8-hourshift	1 $mg//m^3$	Report on Carcinogens. 2011. U.S. Department of Health and Human Services. http://ntp.niehs.nih.gov/ntp/roc/twelfth/profiles/StrongInorganicAcidMists.pdf viewed on 10/10/2013.
Acid mist(public); Sulfuric acid	Per incident	0.1mg/m^3 per incident	U.S. Department of Labor, Sulphuric Acid: Exposure Limits and Health Effects.

၃.၅.၂ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluents Levels)

အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် စွန့်ထုတ် အရည်ဆိုင်ရာ ကန့်သတ်ချက်များ

Parameter	Unit	Effluent Limit Value	Reference
5-day Biochemical oxygen demand	mg/l	50	Pollution preventionabatement handbook. 1998. The World Bank.
Ammonia	mg/l	10	As above
Arsenic	mg/l	0.1	As above
Cadmium	mg/l	0.1	As above
Chemical oxygen demand	mg/l	250	As above
Chlorine (total residual)	mg/l	0.2	As above
Chromium (hexavalent)	mg/l	0.1	As above
Chromium (total)	mg/l	0.5	As above
Copper	mg/l	0.5	As above
Cyanide (free)	mg/l	0.1	As above
Cyanide (total)	mg/l	1	As above
Fluoride	mg/l	20	As above
Heavy metals (total)	mg/l	10	As above
Iron	mg/l	3.5	As above
Lead	mg/l	0.1	As above
Mercury	mg/l	0.01	As above
Nickel	mg/l	0.5	As above
Oil and grease	mg/l	10	As above
pH	S.U.	6-9	As above
Phenols	mg/l	0.5	As above
Selenium	mg/l	0.1	As above
Silver	mg/l	0.5	As above
Sulphide	mg/l	1	As above
Temperature increase	°C	<3[a]	As above
Total coliform bacteria	100 ml	400	As above
Total phosphorus	mg/l	2	As above
Total suspended solids	mg/l	50	As above
Zinc	mg/l	2	As above

[a] At the edge of a mixing zone extending 100 meters from the point of discharge

၃.၅.၃ သောက်ရေအရည်အသွေးစံချိန်စံညွှန်းများ

Parameter	Unit	Concentration	Parmine village	Reference
Aluminum	mg/l	0.2		National drinking water quality standards. 2014. Ministry of Health, Myanmar.
Ammonia-Nitrogen	mg/l	1.5		As above
Antimony	mg/l	0.02		As above
Arsenic	mg/l	0.05		As above
Barium	mg/l	0.7		As above
Boron	mg/l	2.4		As above
Cadmium	mg/l	0.003		As above
Calcium	mg/l	200		As above
Chloride	mg/l	250		As above
Chromium	mg/l	0.05		As above
Coliforms (total)	MPN/100ml	3		As above
Coliforms (faecal)	MPN/100ml	0		As above
Color	TCU	15		As above
Copper	mg/l	2	Not Detected	As above
Cyanide	mg/l	0.07		As above
Fluoride	mg/l	1.5		As above
Hardness	mg/L as $CaCO_3$	500		As above
Iron	mg/l	1	Not Detected	As above
Lead	mg/l	0.01	Not Detected	As above
Magnesium	mg/l	150		As above
Manganese	mg/l	0.4		As above
Mercury (total)	mg/l	0.001		As above
Nickel	mg/l	0.07		As above
Nitrate (as NO_3)	mg/l	50		As above
Nitrate (as NO_2)	mg/l	3		As above
Odor	-	Acceptable/No objectionable odor		As above
pH	-	6.5-8.5	7.18	As above

Parameter	Unit	Concentration	Parmine village	Reference
Selenium	mg/l	0.04		As above
Sodium	mg/l	200		As above
Sulphate	mg/l	250		As above
Sulphide	mg/l	0.05		As above
Taste	-	Acceptable/No objectionable taste		As above
Total dissolved solids	mg/l	1000		As above
Turbidity	NTU	5		As above
Uranium	mg/l	0.03		As above
Zinc	mg/l	3	Not Detected	As above

၃.၅.၄ ဆူညံသံ (Noise)

ခနောက်စိမ်းသတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် စီမံကိန်းဝန်းကျင်အတွင်းရှိ ရုံးခန်း၊ ဝန်ထမ်းနေအိမ်များနှင့်ဆက်စပ်ဝန်းကျင်ရှိ လူမှုဝန်းကျင်အပေါ်ထိခိုက်မှုမရှိစေရေးအတွက်အသုံးပြုမည့် စံချိန်စံညွှန်းများမှာအောက်ပါ အတိုင်းဖြစ်ပါသည် -

Receptor	One Hour L_{Aeq} (dBA)		Reference
	Daytime 07:00-22:00	Nighttime 22:00-07:00	
Residential, institutional, educational	55	45	Noise Management, General EHS Guideline. 2007. International Finance Corporation.
Industrial, commercial	70	70	As above
Residential, institutional, educational	60 LAmax [dB]	40 LAmax indoor [dB]	Guidelines for Community Noise. 1999. World Health Organization.

၃.၅.၆ လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်မည့်အချက်များ

အထက်ဖော်ပြပါစံချိန်စံညွှန်းများအပြင် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်း စေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၊ သက်သာချောင်ချိ ရေးကိစ္စများ ဆောင်ရွက်ပေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများအားစဉ်ဆက်မပြတ်စီမံဆောင်ရွက်ခြင်းစသည့်အချက်များကို စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

၃.၅.၇ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊စာချုပ်များနှင့် သဘောတူညီချက်များ

စီမံကိန်းလုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအား ဖောက်ဖျက်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊စာချုပ်များနှင့် သဘောတူညီချက်များ	လက်မှတ်ရေးထိုးသည့်နေ့	အတည်ပြုသည့်နေ့	အဖွဲ့ဝင်ဖြစ်သည့်နေ့	ကက်ဘိနက်အတည်ပြုသည့်နေ့
၁။United Nations Framework Convention on Climate Change, New York, 1992 (UNFCCC)	11.6.1992	25.11.1994 (Ratification)		41/94 9.11.1994
၂၊ Vienna Convention for the Protection of the Ozone Layer, Vienna , 1985		24.11.1993 (Ratification)	22.9.199 4	46/93
၃။ Montreal Protocol on Substances that Deplete the Ozone Layer, Montreal, 1987		24.11.1993 (Ratification)	22.9.199 4	46/93
၄။ London Amendmetn to the Montreal Protocol on Substances that Deplete the Ozone Layer , London ,1990		24.11.1993 (Ratification)	22.9.199 4	46/93
၅။ ASEAN Agreement on Transboundary Haze Pollution	10.6.2002	13.3.2003 (Ratification)		7/2003 (27.2.2003)
၆။ Parties to the Basel Convention on the Control of Transboundary Movements of Hazardous Wastes and their Disposal		6.4.2015 (Ratification)		

စီမံကိန်းဆောင်ရွက်သူ

ခွန်စိုးမိုးကျော်
မန်နေးဂျင်းဒါရိုက်တာ
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
Kaung Tan Mining Co., Ltd.

အခန်း(၄)
စီမံကိန်းကြောင်းအရာဖော်ပြချက်

၄.၁ စီမံကိန်းအကြောင်းအရာ

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင် ခနောက်စိမ်းအလတ်စားတူးဖော်ထုတ်လုပ်ခွင့်ရ လုပ်ကွက်အမှတ်(၃) မြေဧရိယာ(၄၉.၅)ဧကတွင် တူးဖော်ထုတ်လုပ်လျက်ရှိပါသည်။ ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၏ အလတ်စားထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ရေးဆွဲတင်ပြခဲ့သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခြင်း ကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီမှရေးဆွဲတင်ပြလာသည့် အဆိုပြုစီမံကိန်းသည် အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဖြစ်သဖြင့် အစီရင်ခံစာတင်ပြမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအမှတ်(၁)သတ္တုတွင်းလုပ်ငန်း (နေပြည်တော်) (၄.၆.၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၂၇၀၇/သတလ-၁/ကတ/အခရ/၁၉-၂၀ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ (၂၆.၅.၂၀၂၀)ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၉ (၁၁၅၀/၂၀၂၀)ဖြင့် ပြန်ကြားလာသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်အား ပြန်လည်ပြုစုရေးဆွဲကာ **"ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ" (Initial Environmental Examination) (IEE)** အားပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။

၄.၂ စီမံကိန်း၏ ရည်ရွယ်ချက်

ကောင်တန်သတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင် ခနောက်စိမ်းသတ္တုရိုင်း တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ဒေသခံပြည်သူများ၏ နေ့စဉ်လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်စေရန်
- နိုင်ငံခြားငွေရှာဖွေနိုင်ခြင်းဖြင့် နိုင်ငံစီပွားရေးတိုးတက်မှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်
- စီမံကိန်းဆောင်ရွက်ခြင်းဖြင့်ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာစေရန်
- ပြည်တွင်း/ ပြည်ပ ခနောက်စိမ်းသတ္တုဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်

၄.၃ စီမံကိန်းတည်နေရာနှင့် အရွယ်အစား

စီမံကိန်း၏တည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင်တည်ရှိပြီး WGS 84 A(21° 02' 08.96" N, 97° 15' 16.81" E), B-(21° 02' 09.17" N,97° 15' 32.65" E),C-(21° 01' 54.08"N, 97° 15' 17.06" E), D-(21° 01'54.31"N, 97°15' 32.91" E)အတွင်း မြေဧရိယာ(၄၉.၅၀)ဧကေ (၀.၂၀၀၃)စတုရန်း ကီလိုမီတာ ကျယ်ဝန်းပါသည်။ စီမံကိန်းသည် အသေးစားမှ အလတ်စားတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းသို့ ကူးပြောင်းဆောင်ရွက်လျှောက်ထားဆဲဖြစ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ဟိုပုံးမြို့နယ်၊မောက်မွန်းကျေးရွာအုပ်စု၊ပါးမိုက်ကျေးရွာအနီး
ခနောက်စိမ်းသတ္တုရိုင်းတူးဖော်ထုတ်လုပ်ခွင့်လျှောက်ထားသောလုပ်ကွက်၏ တည်နေရာပြမြေပုံ



Working Block Area

21° 02' 42.9903" N
97° 15' 10.0582" E

Scale
0 3 6 mile

ပုံစံ(၂)
ပူးတွဲ(၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ဝဝ၁၆/၂၀၁၆ (သက်တမ်းတိုး) — ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်/ အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုလိုက်သည်-

၁။ ခွင့်ပြုမိန့်ရရှိသူ၏

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

(ခ) အဖွဲ့အစည်းအမည်နှင့် - ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
အဖွဲ့အစည်းမှတ်ပုံတင်အမှတ် - ၁၂၈၀/ ၂၀၁၁ - ၂၀၁၂

(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ - အမှတ်(၄၃)၊ ကန်တော်လေးလမ်း၊ အနောက်ရပ်ကွက်သစ်၊
တယ်လီဖုန်းအမှတ်၊ ဖက်(စ်)အမှတ်၊ ပင်လောင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း
တဲလက်(စ်)အမှတ် - ဖုန်း - ၀၈၁-၅၄၀၀၃ ၊ ၀၈၁-၅၄၂၀၅

၂။ ခွင့်ပြုဧရိယာ၏

(က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ - လုပ်ကွက်(၃)၊ ပါမိုက်ကျေးရွာအနီး၊ မောက်မွန်ကျေးရွာအုပ်စု၊
ပြည်နယ်/တိုင်းဒေသကြီး) - ဟိုပုံးမြို့နယ်၊ ရှမ်းပြည်နယ်

(ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) - ၄၉.၅၀ ဧက (၀.၂၀၀၃ စတုရန်းကီလိုမီတာ)

(ဂ) နယ်နိမိတ်သတ်မှတ်ချက် - မြေပုံညွှန်း၊ ၉၃ ဂျီ/ ၈အမ် (၈၈၅၄၈၅၊ ၈၉၀၄၈၅၊ ၈၉၀၄၈၀၊ ၈၈၅၄၈၀) (ခွင့်ပြုမိန့်အမှတ်၊ ဝဝ၁၆/ ၂၀၁၆ တွင်ပူးတွဲပါမြေပုံ အကျယ်အဝန်းအတိုင်း)

၃။ ခွင့်ပြုဧရိယာ၏နယ်မြေ - ဟိုပုံးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း -

၄။ တစ်ဆင့်သွားလာဝင်ထွက်ခွင့် - ဟိုပုံးမြို့နယ်

၅။ ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား - ခနောက်စိမ်းသတ္တု

၆။ သက်တမ်း - ပထမအကြိမ်သက်တမ်းတိုး(၁)နှစ်

၇။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ - ၁၇. ၂ . ၂၀၁၇

၈။ ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ - ၁၆. ၂ . ၂၀၁၈

၉။ ပုံသေမြေငှားရမ်းခ (Dead Rent)

(က) ဓာတ်သတ္တုရှာဖွေရေးကာလ -

(ခ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာရေးကာလ - တစ်စတုရန်းကီလိုမီတာလျှင် ဒုတိယနှစ်- ၄၀၀၀၀၀ိ/နှုန်း

(ဂ) ဖြစ်နိုင်စွမ်းလေ့လာမှုကာလ -

၁၀။ ခွင့်ပြုသည့်ဓာတ်သတ္တုရှာဖွေရေး/ စမ်းသပ်တိုင်းတာရေးနည်းစနစ် - ဘူမိဗေဒ မြေပုံရေးဆွဲခြင်း၊ မြေပေါ် မြေအောက်တူးဖောက် စမ်းသပ်တိုင်းတာခြင်း ၊ သတ္တုသိုက်ပမာဏ တွက်ချက်ခြင်း။

၁၁။ စည်းကမ်းချက်များ - တစ်ဖက်ပါစည်းကမ်းချက်များအတိုင်းတိကျစွာလိုက်နာရမည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဌေးအောင်၊ အမြဲတမ်းအတွင်းဝန်)

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါမိုက်ကျေးရွာအနီးတွင် ကောင်တန်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်သို့ ခနောက်စိမ်းသတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုသော လုပ်ကွက်(၂)ကွက်၏ တည်နေရာပြမြေပုံ



စကေး

အညွှန်း

၀ ၁ မိုင်

၁	လုပ်ကွက်(၁)၏တည်နေရာ (၈၈၅၄၉၀ ၊ ၈၉၀၄၉၀ ၊ ၈၉၀၄၈၆ ၊ ၈၈၅၄၈၆)မြေဧရိယာ (၄၉. ၅)ဧက
၂	လုပ်ကွက်(၂)၏တည်နေရာ (၈၈၅၄၈၅ ၊ ၈၉၀၄၈၅ ၊ ၈၉၀၄၈၀ ၊ ၈၈၅၄၈၀) မြေဧရိယာ (၄၉. ၅)ဧက

ပြုစုသူ

(သက်မင်း)
လက်ထောက်ဘူမိဗေဒအရာရှိ
သတ္တုတွင်းဦးစီးဌာန

အတည်ပြုသူ

ကျော်သက်
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါမိုက်ကျေးရွာအနီးတွင် ကောင်တန်သတ္တုတူးဖော်ရေး
ကုမ္ပဏီလီမိတက်သို့ ခနောက်စိမ်းသတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုသော လုပ်ကွက်(၃)၏
ဧရိယာအကျယ်အဝန်းနှင့်ပုံသဏ္ဌာန်ပြမြေပုံ



အညွှန်း

□ ခနောက်စိမ်းသတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုသည့်လုပ်ကွက်(၃)၏ ဧရိယာ(၄၉.၅)ဧက

ပြုစုသူ	အတည်ပြုသူ
(သက်မင်း)	ကျော်သက်
လက်ထောက်ဘူမိဗေဒအရာရှိ	ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန	သတ္တုတွင်းဦးစီးဌာန

D.G.S.E

ရှမ်းပြည်နယ်(တောင်ပိုင်း)



၂၉)

Working block Area

2012 - 0215729

မြေစာရင်းပုံစံ – ၁၀၅

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း ၄၀၀ကျပ် K 400

တိုင်းဒေသကြီး/ ပြည်နယ် ရှမ်း	
ခရိုင် တောင်ကြီး	
မြို့နယ်/ မြို့နယ်ခွဲ ဟိုပုံး	
ရပ်ကွက်/ ကျေးရွာအုပ်စု နားကောက်မွန်း	
ကွင်း/ အကွက်အမှတ်နှင့်အမည် ကွင်း ၆၉ ပ	
ဦးပိုင်အမှတ်/ မြေကွက်အမှတ် –	ကောင်တန်ကုမ္ပဏီမှ ခနောက်စိမ်းသတ္တုတူးဖော်ခွင့်လျှောက်ထားသည့်မြေနေရာ ၃ 93G/8M A= 885485, B=890485, C= 890480, D= 885480

ဦးပိုင်အမှတ်	အခွန်စည်းကြပ်ခံရသူ/ ပိုင်ရှင်/ ဂရန်ရှင်/ အငှားဂရန်ရှင် အမည်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	မှတ်ချက်
–	–	–	ကျိုးအချိုးမြေ	၄၉.၅၁	[illegible]

ရေးကူးပေးသည့်အကြောင်းအရာ	သတ္တုတွင်း ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားရန်

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် – [illegible]

လျှောက်လွှာတင်သည့်နေ့စွဲ – ၄ . ၁၁ . ၂၀၁၂

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ – ၁၁ . ၁၁ . ၂၀၁၂

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (၂၀၁၂) ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်းမြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုထမ်းဆိုင်း/မြေတိုင်းစာရေးလက်မှတ် –

နေ့စွဲ – ၁၁ . ၁၁ . ၂၀၁၂

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် –

နေ့စွဲ – ၁၁ . ၁၁ . ၂၀၁၂

လက်ထောက်ဦးစီးမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန
ဟိုပုံးမြို့

စိစစ်အတည်ပြုပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးလက်မှတ်

နေ့စွဲ ၁၁ . ၁၁ . ၂၀၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဟိုပုံးမြို့နယ်၊မောက်မွန်းကျေးရွာအုပ်စု၊ပါးမိုက်ဒေသ ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခနောက်စိမ်းသတ္တုရိုင်း(အလတ်စား)တူးဖော်ထုတ်လုပ်ခွင့်ကူးပြောင်း လျှောက်ထားသောလုပ်ကွက်အမှတ်(၃)၏ တည်နေရာပြမြေပုံ



ရည်ညွှန်းချက်



3

A	318971.6409
	2326794.66
B	319432.696
	2326794.66
C	319434.4693
	2326337.151
D	318976.9608
	2326337.151

မြေဧရိယာ(၄၉.၅)ဧက

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်း
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခနောက်စိမ်းစမ်းသပ်တိုင်းတာခွင့်
ရရှိထားသော လုပ်ကွက်(၃) ၏ Layout Plan Map



ရည်ညွှန်းချက်

စမ်းသပ်တိုင်းတာရေးလုပ်ကွက်

Scale

0 1000 ft

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်း
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခနောက်စိမ်းစမ်းသပ်တိုင်းတာခွင့်
ရရှိထားသော လုပ်ကွက်(၃) ၏ တည်နေရာပြမြေပုံ



ရည်ညွှန်းချက်

A B D C

စမ်းသပ်တိုင်းတာရေး
လုပ်ကွက်

A- 21° 2'8.94"N 97°15'16.83"E

B- 21° 2'9.17"N 9 97°15'32.68"E

C- 21° 1'54.27"N 97°15'32.93"E

D- 21° 1'54.03"N 97°15'17.09"E

Scale

0 1000 ft

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်း
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခနောက်စိမ်းစမ်းသပ်တိုင်းတာခွင့်
ရရှိထားသော လုပ်ကွက်(၃)၏ ကောင်းကင်မြေပုံ



ရည်ညွှန်းချက်

Scale
0 1000 ft

လေထု၊ဆူညံသံနှင့် တုန်ခါမှု တိုင်းတာသည့်နေရာ

ချောင်းရေ တိုင်းတာသည့်နေရာ

21° 2′ 47.90″N 97° 15′ 12.45″E	21° 2′ 14.19″N 97° 14′ 40.87″E	21° 2′ 3.00″N 97° 15′ 27.22″E

၄.၄ အဆောက်အဦများ

စဉ်	အမျိုးအစား	အကျယ်အဝန်း	အမိုးအကာ	အရေအတွက်
၁	ဧည့်ဆောင်	၉ ပေ × ၁၈ပေ	မိုးကာ၊	၁
၂	ဝန်ထမ်းအိပ်ဆောင်	၁၅ပေ × ၂၇ပေ	မိုးကာ၊	၂
၃	စားဖိုဆောင်	၂၄ ပေ × ၂၄ပေ	မိုးကာ၊	၁
၄	မီးစက်ဆောင်	၁၈ ပေ × ၁၂ပေ	မိုးကာ၊	၁



ရည်ညွှန်းချက်

စမ်းသပ်တိုင်းတာရေးလုပ်ကွက်

Scale

0 1000 ft

၄.၅ ဘူမိဆိုင်ရာအချက်အလက်များ

စီမံကိန်းလုပ်ကွက်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများတွင် တောင်မင်းကြီး ကျောက်လွှာအုပ်စုဖြစ်သော သလင်းကြွယ်သဲကျောက်များကိုတွေ့ရှိရပြီး တောင်ကုန်းများ၏ လျှိုမြောင်နှင့် အနိမ့်ပိုင်းနေရာများတွင် (Lower Silurian)သက်တမ်းရှိ (LinWe) မိကျောင်း ကွက်ပုံသဏ္ဍာန်ပန်းနုရောင် ထုံးကျောက်များ(Phacoidal limestone) ကျယ်ပြန့်စွာ တွေ့ရှိရပါသည်။ အချို့နေရာများတွင်အော်ဒိုဗီစီယမ်သက်တမ်းရှိဝမ်းပြည့်(Wunbaye Formation) ကျောက်လွှာစုများကို မီးခိုးရောင်မှနက်ပြာရောင်ရှိသော ထုံးကျောက်များကို အကွက်လိုက်တွေ့ရှိရပါသည်။ ကျောက်လွှာအများစုမှာ အနောက်မြောက်မှအရှေ့တောင် (NW-SE) သွယ်တန်းနေသော တောင်တန်းများအဖြစ်တွေ့ရှိရပါသည်။

၄.၆ ခနောက်စိမ်းသတ္တုဖြစ်ထွန်းမှု

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ပါးမိုက်ဒေသရှိ ခနောက်စိမ်း တူးဖော်ရေးလုပ်ကွက်တွင် ခနောက်စိမ်းဖြစ်ထွန်းမှုအား ပင်ရင်းသိုက်နှင့် ကြွင်းစုသိုက် အနေအထားနှစ်မျိုးဖြင့်တွေ့ရှိရပါသည်။ ခနောက်စိမ်းသတ္တုရိုင်းများသည် အိမ်ခံကျောက်များ၏ ပြတ်ရွှေ့တစ်လျှောက်အတွင်း ရေပူဖြစ်စဉ်နှင့်အတူ သယ်ဆောင်လာပြီး ကျောက်လွှာများ၏ အက်ကြောင်းများအတွင်း ပို့ချစွဲဝင်နေသည့် ပုံစံအနေအထားအားတွေ့ရှိရပါသည်။ ကြွင်းစုသိုက် ဖြစ်သော ခနောက်စိမ်းဥကျောက်(ဒေသအခေါ်)(Secondary enrichments)များကို ခနောက်စိမ်း မူရင်းသတ္တုသိုက်နှင့် မနီးမဝေးတွင်တွေ့ရှိရပါသည်။

ပါးမိုက်လုပ်ကွက်အတွင်း ရှာဖွေတွေ့ရှိသည့် ပင်ရင်းခနောက်စိမ်းသတ္တုသိုက် ခန့်မှန်းပမာဏ

Sr.No	Working Block(3)	Vein			Avg. Assay (%)	Tonnage (P2) (MT)	Safety (10%) (MT)
		Strike Length (m)	Dip Length (m)	Avg. Thickness (m)			
1	Vein zone	100	30	1	9.14	9000	8100

Regional Geological Map of Pan Mai Area, Hopong Township; Southern Shan State.

မြေပုံအမှတ် – 93 G/4 & G/8 ၏တစ်စိတ်တစ်ဒေသ



Geological Map of Par-Mite Antimony Deposit, Hopong Township

Part of UTM Map Sheet 2197- 08



Cross-Section Along West to East (X - Y, 270 -90)
Par-Mite Antimony Mine, Hopong Township



INDEX

(dark brown swatch)	Reddish brown coloured soil & residual deposit (Older Alluvium)
(light blue swatch)	Light brown , grey to dark grey coloured sub-phacoidal Limestone intercalated with yelloish grey to brown coloured thin bedded shale (Linwe Formation)

	Contour Line (contour interval 10 m)		Fault & Dip
	Stream		Antimony Vein zone
)(	Trench		Road
	Dip & Strike of beddimg		Lithologic Contact

Composite Exploration Plan Map of Par-Mite Antimony Deposit, Hopong Township

Part of UTM Map Sheet 2197- 08



Scale

0 100 200 300 meter

INDEX

Contour Line (contour interval 5 m)

Fault & Dip

Stream

Antimony Vein zone

Trench

Road

Lithologic Contact

Bed & Dip

အကြိုတည်ဆောက်ခြင်း

၄.၇ သတ္တုတွင်းတူးဖော်ထုတ်လုပ်ခြင်းအဆင့်

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသရှိလုပ်ကွက်များသည် ခနောက်စိမ်း (အလတ်စား) တူးဖော်ခွင့်ရရှိထားသော လုပ်ကွက်ဖြစ်ပြီးခနောက်စိမ်းသတ္တုသိုက်တွင် အလားအလာကောင်းသော ခနောက်စိမ်းသတ္တုသိုက်ရှိခြင်းတို့ကြောင့် အသေးစားတူးဖော်ထုတ်လုပ်ခြင်းမှ အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်သို့ ကူးပြောင်းရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

စမ်းသပ်တိုင်းတာရေးကာလတွင် ဘူမိမြေပုံရေးဆွဲခြင်း၊ နိမ့်မြင့်ပြမြေပုံရေးဆွဲခြင်း၊ ခနောက်စိမ်းသတ္တုရိုင်းပေါ်ထွက်ပိုင်းများအား အသေးစိတ်မြေပုံရေးဆွဲတိုင်းတာခြင်း၊ အစမ်းမြောင်းရှည်များတူးဖောက်ခြင်း၊ ကျောက်နမူနာများအား ဓါတ်ခွဲခန်းပေးပို့စမ်းသပ်ခြင်း၊ ခနောက်စိမ်းတန်ချိန်ပမာဏ တွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းလုပ်ကွက်ဧရိယာလုပ်ကွက်အမှတ်(၃)အတွင်းတွင် ခနောက်စိမ်းသတ္တုရိုင်းပါဝင်မှု (၉.၁၄%) ရှိသော ခနောက်စိမ်းစုစုပေါင်း(၈၁၀၀)မက်ထရစ် တန်ချိန်ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါသည်။

တည်ဆောက်ခြင်း

၄.၈ တူးဖော်ထုတ်လုပ်မည့်နည်းလမ်း

စီမံကိန်းလုပ်ငန်း၏ တူးဖော်ထုတ်လုပ်မည့်လုပ်ငန်းစဉ်များမှာ မြေပြင်ဟင်းလင်းဖွင့်တူးဖော်ခြင်းနှင့် မြေအောက်လိုဏ်ဂူတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ သဘောတူခွင့်ပြုထားသောနည်းစနစ်နှင့် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂ (ည)ပါအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပါးမိုက်လုပ်ကွက်တွင် သတ္တုသိုက်ဖြစ်ထွန်းမှုမှာ အမိကအကြောလိုက် တည်ရှိနေခြင်းဖြစ်၍ မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။ သို့သော်လုပ်ကွက်များတွင် မြေပြင်မှအောက်သို့ မတိမ်၊ မနက်သော အပိုင်း၌ ကြွင်းစုသိုက်အမျိုးအစားအနေဖြင့်လည်း ခနောက်စိမ်းရွှေ့မျောတုံး (ဥကျောက်)များကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ မြေပေါ်မှအကြောသို့ တိုက်ရိုက်စိုက်ကျင်းများဖြင့် တူးဖော်နိုင်သော်လည်း အကြောအထက်ပိုင်းတွင်ရှိသော ခနောက်စိမ်းသဘာဝအရင်းအမြစ်များ ဆုံးရှုံးနိုင်သည်ဖြစ်၍ ပထမအဆင့် အပေါ်ယံမြေသားများဖယ်ရှားရာတွင် ဟင်းလင်းဖွင့်နည်းစနစ်ဖြင့် တူးဖော်၍ ခနောက်စိမ်းကြော ဖြစ်ထွန်းသည့် (Level)ရောက်သည့်အခါ မြေအောက်တူးဖော်မှုနည်းကို အသုံးပြု၍ ဆက်လက်တူးဖော်မည်ဖြစ်ပါသည်။ ဟင်းလင်းဖွင့်တူးဖော်ခြင်းစနစ်အား ရွေးချယ်ရသည့်အကြောင်းအရင်းမှာ ခနောက်စိမ်းကြော အထက်တွင်တည်ရှိသည့် စွန့်ပစ်မြေစာများအား ဖယ်ရှားရာတွင်ပါဝင်နေသည့် ခနောက်စိမ်းသဘာဝအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရေး အတွက် ဖြစ်ပါသည်။

မြေပေါ်ဟင်းလင်းဖွင့်တူးဖော်ရာတွင် စက်ယန္တရားကြီးများကို အသုံးပြုတူးဖော်ပြီး ခနောက်စိမ်းသတ္တုရိုင်းများကို လူအင်အားဖြင့် ရွေးချယ်ထုတ်ယူကြပါသည်။ ရွေးချယ်ထုတ်ယူပြီး ကျန်ရှိမြေစာများအား လုပ်ကွက်အတွင်းရှိသတ်မှတ်ထားသော စွန့်ပစ်မြေစာစုပုံကွင်း၌ စနစ်တကျ သယ်ယူပို့ဆောင်ထားရှိပါသည်။

မြေအောက်လိုဏ်ဂူ (Underground Mining Method) တူးဖော်ရေးစနစ်တူးဖော်ရာတွင်စီမံကိန်း၏ ဘူမိဗေဒဆိုင်ရာအချက်အလက်များကို တိုင်းတာစိစစ်ပြီး မြေအောက်လိုဏ်ဂူတူးဖော်မည်မြေနေရာများကို ရွေးချယ်သတ်မှတ်ကာ တူးဖော်ဆောင်ရွက်ပါမည်။ မြေအောက်လိုဏ်ဂူတူးဖော်မည့်တည်နေရာသို့ ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြုပြင်ခြင်းများကို ဆောင်ရွက်၍မြေအောက်လိုဏ်ဂူတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါသည်။ မြေအောက်လိုဏ်ဂူတူးဖော်ရာတွင်သတ္တုသိုက်၏ ဖြစ်ထွန်းမှုလားရာအတိုင်း (Drive)တူးဖော်ခြင်း၊ (Cross-Cut) ကန့်လန့်ဖြတ်တူးဖော်ခြင်း၊ အစောင်းတိုင်းဆင်းတွင်း(Inclined)တူးဖော်ခြင်း၊ အပေါ်ဆန်တက်တွင်း(Raise)နှင့် စိုက်ကျင်း(Shaft) အစရှိသည့် မြေအောက်လိုဏ်ဂူတူးဖော်ခြင်း နည်းစနစ်များဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြေအောက်လိုဏ်ဂူတူးဖော်မှုတွင် ယမ်းများကို အသုံးပြုတူးဖော်ခြင်းရပြီး ၎င်းယမ်းများကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ သတ်မှတ်ပေးထားသော ယမ်း(Emulsion Explosive)၊ အနေးကြိုး(Safety Fuse)၊ စနစ်တံ(Detonator) များအား ဝယ်ယူအသုံးပြုဆောင်ရွက်ပါသည်။ စီမံကိန်းလုပ်ငန်းအတွက် ယမ်းများကိုဟိုပုံးမြို့နယ်၊ လိုင်ဟာမြား ခနောက်စိမ်းသတ္တုတူးဖော်ရေးစခန်း (ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)လုပ်ငန်းခွဲစခန်းရှိတန်(၃၀)ဆန့် ယမ်းတိုက်အတွင်း သိုလှောင်ထားရှိပါသည်။ ၎င်းနောက် စီမံကိန်းလုပ်ငန်းလိုအပ်ချက်အရ လိုအပ်သည့် ယမ်းများကို သွားရောက်ထုတ်ယူသုံးစွဲပါသည်။

မြေအောက်လိုဏ်ဂူမှ ထွက်ရှိလာသော ခနောက်စိမ်းသတ္တုရိုင်းများကို လုပ်ကွက်အတွင်းရှိ ခနောက်စိမ်းစုပုံကွင်းတွင် ပေးပို့ထားရှိပါသည်။ ခနောက်စိမ်းများမပါဝင်သော စွန့်ပစ်ကျောက်မြေစာများအား ပြန်လည်အသုံးပြုရန်အတွက် စွန့်ပစ်မြေစာပုံ မြေဧရိယာ(၂)ဧကရှိသော စုပုံကွင်း၌ထားရှိပါသည်။ ခနောက်စိမ်းသတ္တုရိုင်းများတူးဖော်ရာတွင် သတ္တုတွင်းအင်ဂျင်နီယာများမှဦးဆောင်ကာ ကျွမ်းကျင်တူးဖော်ရေးလုပ်သားများဖြင့် တူးဖော်လျက်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်



၄.၉ သတ္တုရိုင်းဆင့်တက်ပြုပြင်ခြင်း၊ သန့်စင်ခြင်းနှင့် အပြီးသတ်ထုတ်ကုန်များ

ပါးမိုက်ဒေသရှိ ခနောက်စိမ်းသတ္တုရိုင်းတူးဖော်မှုရရှိသည့် ခနောက်စိမ်းသတ္တုရိုင်းများအားလုပ်ကွက်အတွင်း၌ သတ္တုရိုင်းဆင့်တက်ပြုပြင်နိုင်ရန် ရွေးချယ်ခြင်းများကို လူအားဖြင့် ပြန်လည်ရွေးချယ်သန့်စင်ပြီး ခနောက်စိမ်းသတ္တုရိုင်းများကို ဟိုပုံးမြို့ရှိ လိုင်ဟာမြား ခနောက်စိမ်းသန့်စင် စက်ရုံသို့ပေးပို့၍ ခနောက်စိမ်းသတ္တုသန့်စင်များကို ထုတ်ယူစေပါသည်။

၄.၁၀ ဘေးထွက်ပစ္စည်းများနှင့် စွန့်ပစ်မြေစာများ

စီမံကိန်းရှိဝန်ထမ်း၊ လုပ်သားနှင့်မှီခိုသူ စုစုပေါင်း(၂၀)ဦးခန့်ရှိရာ ဝန်ထမ်းများ၏ သုံးရေ၊ ချိုးရေများမှ တစ်ရက်လျှင် (၅၀၀)ဂါလံ စွန့်ပစ်ရေထွက်ရှိပြီး (၆)ပေပတ်လည် မြေကျင်းတွင် စီးဆင်းစေပြီး စိုက်ပျိုးပင်များ၊ ပျိုးခြံများတွင် အသုံးပြုပါသည်။ ဝန်ထမ်းများ အသုံးပြုပြီးသော စွန့်ပစ်အမှိုက်များကိုလည်းကျင်းတူး၍ မီးရှို့ရာတွင် ပြာဖြစ်သည်အထိ မီးရှို့ပါသည်။ အညစ်အကြေးစွန့်ပစ်ခြင်းအားယင်လုံရေအိမ်သာများ ဆောက်လုပ်ပေးထားပါ သည်။

လိုဏ်ဂူအဝင်ဝသို့ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းကြောင့် အပေါ်ယံမြေဆီလွှာများ ဖယ်ရှားခြင်းမှ ထွက်ရှိသော စွန့်ပစ်မြေစာမှာ(၄၀၀)တန်ခန့်နှင့် စွန့်ပစ်ကျောက်စာ(၃၃၀)တန်ခန့် ထွက်ရှိပါသည်။ မြေအောက်လိုဏ်ဂူတူးဖော်ခြင်းစနစ်ဖြင့် ခနောက်စိမ်းသတ္တုရိုင်းများ တူးဖော်ရာတွင် ခနောက်စိမ်းသတ္တုရိုင်းစွဲဝင်သောသတ္တုကြောနှင့် အိမ်ခံထုံးကျောက်များ ရောနှောနေမှုမှာ (၁:၄)ဖြစ်ပါသည်။ ထို့ကြောင့် ခနောက်စိမ်း(၁)တန်တူးဖော်လျှင် စွန့်ပစ်မြေစာ (၄)တန်ခန့် ထွက်ရှိပါသည်။

၄.၁၁ သတ္တုသယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ရေးစနစ်များ

မြေအောက်လိုဏ်ဂူအတွင်းမှ တူးဖော်ထားသောခနောက်စိမ်းရောရာသတ္တုရိုင်းများကို သုံးဘီးမြေသယ်ယာဉ်ဖြင့် လိုဏ်ဂူအတွင်းမှသယ်ယူပြီးစုပုံကွင်း သို့ထားရှိ သယ်ယူပို့ဆောင်စေပါသည်။

၄.၁၂ သတ္တုတွင်းလျှပ်စစ်ဓာတ်အား ထောက်ပံ့ရေးနှင့် အထောက်အကူပြုစနစ်များ

စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားကို(၂၅)ကောင် ဒီဇယ်အင်ဂျင်သုံး (7.5 KVA Generator) သုံးပြု၍ မြေအောက်လိုဏ်ဂူတူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါသည်။

၄.၁၃ သတ္တုတွင်းပိတ်သိမ်းခြင်း

စီမံကိန်းလုပ်ငန်းအား နောက်ထပ်(၁၅)နှစ်ခန့် ဆက်လက်ဆောင်ရွက်ရန် လျာထားပြီး ခနောက်စိမ်းသတ္တုကြောများ တည်ရှိပုံအနေအထားပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းပြီးချိန်တွင်စီမံကိန်းလုပ်ငန်းအတွက် ယာယီရယူအသုံးပြုခဲ့သော လုပ်ကွက်ဧရိယာအား ပြန်လည်အပ်နှံနိုင်ရေးအတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် သစ်တော ဦးစီးဌာနတို့၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။

လုပ်ကွက်အတွင်းဆောက်လုပ်ထားသော ယာယီလူနေဆောင်များ ကောင်းမွန်ခြင်းမရှိပါကဖျက်သိမ်းစေခြင်း၊ ကောင်းမွန်၍အသုံးပြုနိုင်သော အဆောက်အဦးများအား ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများအတွက်အသုံးပြုနိုင်သည့် အဆောက်အဦးများကို ရပ်ရွာအုပ်ချုပ်ရေး အဖွဲ့များ၊ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းလွှဲပြောင်း ဆောင်ရွက်ပါမည်။

စီမံကိန်းဆောင်ရွက်နေဆဲကာလအတွင်း မိုင်းဖွံ့ဖြိုးတိုးတက်ရေးအဆင့်၊ ထုတ်လုပ်ရေး ဆောင်ရွက်ခြင်း အဆင့်ကာလများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အစီအမံများကို မိုင်းပိတ်သိမ်းပြီးကာလအထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားပါမည်။

မိုင်းပိတ်သိမ်းပြီးနောက် ကုမ္ပဏီ၏ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် လုပ်ကွက်ဟောင်း ဧရိယာမှ မြေပြိုတိုက်စားမှု အန္တရာယ်များ၊ လေထု/ရေထု ညစ်ညမ်းနိုင်သော ကိစ္စများ၊ ဆိုးကျိုးသက်ရောက်နိုင်မှုများကို အနည်းဆုံး (၃)နှစ်အထိ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။

စီမံကိန်း သက်တမ်းအတွင်းဆောင်ရွက်ခဲ့သည့် အခြေအနေပေါ်မူတည်ပြီး ပိတ်သိမ်းရေး စီမံချက်အား စီမံကိန်းအဆင့်လိုက် တွေ့ကြုံခဲ့ရသည့် အခြေအနေများအပေါ် အခြေခံကာ ထုတ်လုပ်သည့်ထွက်ကုန်နှင့် အကျိုးအမြတ်ထွက်ရှိမှုအရ ရန်ပုံငွေသုံးစွဲနိုင်မှု၊ လူမှုစီးပွားရေး အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဆိုင်ရာ အခြေအနေများ ပေါင်းစပ်သုံးသပ် လျက်အခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(စီးပွားဖြစ်ထုတ်လုပ်နိုင်သော အခြေအနေ မရှိပါက နိုင်ငံတော်သို့ လုပ်ထုံး/ လုပ်နည်း နှင့် အညီပြန်လည် အပ်နှံသွားပါမည်။)

၄.၁၄ အလုပ်အကိုင်ခန့်ထားခြင်း၊ ဒေသခံများအား ငှားရမ်းခြင်း၊ ဒေသတွင်းမှ ပစ္စည်း ဝယ်ယူခြင်း

စီမံကိန်းလုပ်ငန်းတွင်ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး အတွက် ဦးစားပေးခန့်အပ်ခေါ်ယူ ဆောင်ရွက်စေပါသည်။ ဒေသဝန်းကျင်ရှိ စိုက်ပျိုးရေး လုပ်ငန်းများမှ ဟင်းသီးဟင်းရွက်များနှင့် အခြားလူအသုံးဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချ မှုများကိုလည်းဝယ်ယူအသုံးပြုခြင်းများကို ဆောင်ရွက်ပြီးစီမံကိန်းလုပ်ငန်းလိုအပ်ချက် ကိစ္စရပ် များဖြစ်ပေါ်လာပါက ဒေသခံများအားခေါ်ယူငှားရမ်းခြင်းများကို ဆောင်ရွက်ပါသည်။

၄.၁၅ အသုံးပြုသည့်စက်ယန္တရားအင်အား

စဉ်	စက်ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
1	Excavator(6-ton)	(1)	
2	Screw Compressor	(1)	
3	Blower(2.2KW)	(2)	
4	7.5 KVA Generator	(1)	
5	Dump Trucks (20 Tons)	(1)	
6	Dump Trucks (3-wheel)	(2)	
7	4 ×4 WD	(2)	
8	Motor Bike	(1)	

(ပါးမိုက်ဒေသရှိလုပ်ကွက် (၂)ကွက်အတွင်းမျှဝေသုံးစွဲပါသည်။)

၄.၁၆ အသုံးပြုသည့် ဝန်ထမ်းအင်အား

စီမံရေးနှင့်အုပ်ချုပ်ရေး မန်နေဂျာ	(၂) ဦး
ဘူမိဗေဒပညာရှင်	(၁) ဦး
ယန္တရားမောင်း	(၄) ဦး
လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း	(၂ ဦး
သတ္တုတွင်းလုပ်သား	(၇) ဦး
အထွေထွေလုပ်သား	(၄) ဦး
စုစုပေါင်း	**(၂၀) ဦး**

၄.၁၇ တစ်ရက်အလုပ်လုပ်ချိန်

တစ်နေ့လျှင်အလုပ်လုပ်မည့် အဆိုင်း	တစ်နေ့လျှင်အလုပ်လုပ်မည့် နာရီ	မှတ်ချက်
နေ့ဆိုင်း(၁) ဆိုင်း	တစ်ရက်(၈) နာရီ	

အလုပ်လုပ်ချိန်တွင် နံနက်(၈:၀၀)နာရီမှ (၁၂:၀၀)ထိ ညနေ(၁:၀၀)မှ (၅:၀၀)နာရီထိ တစ်ရက် အလုပ်လုပ် ချိန်(၈:၀၀) နာရီဖြင့်လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

၄.၁၈ တစ်နှစ်အတွက် ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်

စီမံကိန်းကာလအတွင်း ရေထောက်ပံ့မှုနှင့် ရေစီမံခန့်ခွဲမှုများအား လုပ်ကွက်၏ မြောက်ဘက်ခန့်မှန်းမြေပုံညွှန်း (21°2'47.90"N, 97°15'12.45"E) အနီးလုပ်ကွက်နှင့် ပေ (၅၀၀)ခန့် အကွာအဝေးတွင်ရှိသော ရေချောင်းမှရေတင်စက်ဖြင့်သွယ်ယူ သုံးစွဲလျက်ရှိပါသည်။ စီမံကိန်း၏ ရေလိုအပ်ချက်မှာ (၁)ရက်လျှင် လူ(၁)ဦးပျမ်းမျှ (၂၅)ဂါလံနှုန်းဖြင့် လူ(၂၀)ဦးအတွက် (၅၀၀) ဂါလံနှုန်းသုံးစွဲလျက်ရှိပါသည်။ (၁)လလျှင် (၁၅၀၀၀)ဂါလံဖြစ်ပြီး (၁)နှစ်လျှင် ရေလိုအပ်ချက်မှာ ဂါလံပေါင်း (၁၈၀၀၀၀) ဂါလံ ဖြစ်ပါသည်။

ပါးမိုက်ဒေသသည် ရှမ်းကုန်းပြင်မြင့်ထုံးကျောက်တောင်တန်းပေါ်တွင် တည်ရှိပြီး ရေမြုပေါက်များ (Sink Hole)၊ သဘာဝမြေအောက်လိုဏ်ဂူများ ပေါများသောကြောင့် မြေအောက်ရေများကို ထုတ်ယူသုံးစွဲနိုင်ခြင်းမရှိသော ဒေသဖြစ်ပါသည်။ ဒေသပြည်သူများသည် တောတောင် အတွင်းရှိ လျှိုမြောင်းများမှစိမ့် စမ်းရေများကိုသာအဓိက အားထားရယူ သုံးစွဲကြပါသည်။

၄.၁၉ တစ်နှစ်အတွက် လောင်စာဆီလိုအပ်ချက်

ယန္တရားအမျိုးအစား	(၁)ရက် အသုံးနှုန်း	ယန္တရား အရေအတွက်	(၁)နှစ် အတွက်ဂါလံ	မှတ်ချက်
အုပ်ချုပ်မှုယာဉ်	၂	၁	၁၀၀၀	ဒီဇယ်
မီးစက်	၁	၂	၁၂၀၀	ဒီဇယ်
ဘက်ဟိုး(၆)တန်	၃၅	၁	၈၄၀၀	ဒီဇယ်
မြေသယ်ယဉ်(သုံးဘီး)	၁	၂	၉၀၀	ဒီဇယ်
			၁၁၅၀၀	ဒီဇယ်
ဆိုင်ကယ်		၁	၄၅၀	ဓါတ်ဆီ
ချောဆီ		-	၆၄	ချောဆီ

၄.၂၀ သုံးစွဲသည့်ဓာတုပစ္စည်းများ

ခနောက်စိမ်းသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းတွင် အိမ်ခံကျောက်၏ မာကျောမှုကြောင့် မြေအောက်တူးဖော်ရေးလိုဏ်ခေါင်းများ ဖောက်လုပ်ရာတွင် ထုံးကျောက်သားများအား လွန်ဖောက်ကာယမ်းနှင့် ဆက်စပ်ပစ္စည်းများအသုံးပြု၍တူးဖော် ဆောင်ရွက်ရပါသည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို သတ္တုတွင်းဦးစီးဌာနမှ တစ်ဆင့်တင်ပြ၍ဝယ်ယူသုံးစွဲရပြီး ၎င်းယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ဟိုပုံးမြို့နယ်ရှိ ပတ္တမြားနဂါးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ဌာနခွဲ(လိုင်ဟာမြား)၊ ခနောက်စိမ်းသတ္တုတူးဖော်ရေးစခန်းရှိ ယမ်းတိုက်တွင် ထားရှိပါသည်။

(ပါးမိုက်ဒေသရှိခနောက်စိမ်းသတ္တုတူးဖော်ရေးလုပ်ငန်းတွင်အန္တရာယ်ရှိသောဓါတုဗေဒပစ္စည်းများ သုံးစွဲခြင်းမရှိပါ။)

၄.၂၁ စီမံကိန်းကာလ

ခနောက်စိမ်းသတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအား သတ္တုတွင်းဝန်ကြီးဌာန၏ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်အမှတ် (၀၁၁၆/၂၀၁၆) ဖြင့် (၁၇.၂.၂၀၁၆)မှ (၁၆.၂.၂၀၁၈) (၂)နှစ် အထိ ခနောက်စိမ်းသတ္တုရိုင်းများအား စမ်းသပ်တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအားဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခနောက်စိမ်းသတ္တုသိုက်၏ ပမာဏအပေါ်မူတည်၍ **(အလတ်စား)**တူးဖော် ထုတ်လုပ်မှုလုပ်ငန်း သို့ ကူးပြောင်းရန် လျှောက်ထားဆဲဖြစ်ပါသည်။

၄.၂၂ စွန့်ပစ်ပစ္စည်း(အစိုင်အခဲ/အရည်/အခိုးအငွေ့) အမျိုးအစားနှင့်ပမာဏ

သတ္တုရိုင်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့်ထွက်ရှိနိုင်မည့် စွန့်ပစ်ပစ္စည်းများမှာစွန့်ပစ်ကျောက်များ (Waste Rocks)၊ မြေအောက်စိမ့်ထွက်ရေ (Mine Drainage Water)၊ လုပ်ငန်းသုံးစွန့်ပစ်ရေနှင့်အမှိုက်များ၊ အထွေထွေသုံးစွန့်ပစ်ရေ (Domestic Waste Water)များဖြစ်ပါသည်။ စက်ယန္တရားများမှ ထွက်ရှိသောအခိုးအငွေ့များ၊ လွန်တူးဖောက်ခြင်း ယမ်းခွဲခြင်းတို့ကြောင့်ထွက်ရှိလာသောအမှုန်အမွှားများစသည်တို့ထွက်ရှိပါသည်။

(က) စွန့်ပစ်အစိုင်အခဲ

ပါးမိုက်ဒေသရှိခနောက်စိမ်းသတ္တုရိုင်းတူးဖော်ရေး လုပ်ကွက်တွင် စွန့်ပစ်အစိုင်အခဲများဖြစ်သော စွန့်ပစ်ကျောက်မြေစာ ထွက်ရှိမှုအချိုးမှာ မြေအောက်လိုဏ်ဂူတူးဖော်ရေး လုပ်ငန်းတွင် (၁:၄) ဖြစ်ပြီး တစ်နှစ်လျှင် စွန့်ပစ်မြေစာ (၁၂၀၀)တန်ခန့်ထွက်ရှိပါသည်။ ဝန်ထမ်းများ၏ အထွေထွေအသုံးအဆောင်စွန့်ပစ် ပစ္စည်းများနှင့်မီးဖိုဆောင်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို အမှိုက်ကျင်းအတွင်း သို့စနစ်တကျစွန့်ပစ်စေခြင်းနှင့် မီးရှို့ဖျက်စီးခြင်း များဆောင်ရွက်ပါသည်။ စက်ယန္တရားများမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများ၊ စက်ပစ္စည်း အဟောင်းများနှင့်အခြားရောရာစွန့်ပစ်ပစ္စည်းများအားစနစ်တကျစုပုံစေပါသည်။

(ခ) စွန့်ပစ်ရေ

ခနောက်စိမ်းသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ရာတွင် မြေအောက် လိုဏ်ဂူ တူးဖော်ရေးအတွင်းမှ စိမ့်ထွက်ရေများအနည်းငယ် ထွက်ရှိပြီးဝန်းထမ်းများ၏ လုပ်ငန်းသုံးစွန့်ပစ်ရေ၊ အထွေထွေသုံးစွန့်ပစ်ရေများရှိပါသည်။ တစ်ရက်လျှင် စွန့်ပစ်ရေ စုစုပေါင်း(၅၀၀) ဂါလံခန့်ထွက်ရှိမည်ဖြစ်ပါသည်။ ထိုကြောင့် လုပ်ကွက်အတွင်း နှင့် ဆက်စပ်ဒေသအတွင်း မြေပေါ်ရေ/မြေအောက်ရေများ ညစ်ညမ်းမှုမရှိစေရေး အတွက် စီမံဆောင်ရွက်ပါမည်။

(ဂ) **အခိုးအငွေ့**

တူးဖော်ရေးလုပ်ငန်းဆောင်ရွက်စဉ်တွင် မြေသယ်ကားများ၊ စက်ယန္တရားများ၊ မီးစက်၊ ကျောက်ကြိတ်စက်များအား အသုံးပြုရခြင်း၊ ခနောက်စိမ်းသတ္တုရိုင်းများ တူးဖော်ထုတ်လုပ်ခြင်း၊ စုပုံကွင်းသို့သယ်ယူပို့ဆောင် ကြိတ်ခွဲခြင်း၊ စွန့်ပစ်မြေစာနှင့် ဂဲစာများအား စွန့်ပစ်စုပုံကွင်းသို့ သယ်ယူပို့ဆောင်ခြင်းများ လုပ်ကွက်နှင့် လုပ်ငန်းခွင်များသို့ သွားလာရာကားလမ်းများ ဖောက်လုပ်ခြင်း၊ ရုံးနှင့် ဝန်ထမ်းအိမ်ယာများ၊ ဂိုဒေါင်များနှင့်စားဖိုများ ဆောက်လုပ်နိုင်ရန် အပေါ်ယံမြေသားဖယ်ရှားရှင်းလင်းခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လေထုအတွင်းသို့အခိုးအငွေ့နှင့် အမှုန်အမွှားများ ထွက်ရှိနိုင်ပါသည်။

၄.၂၃ စီမံကိန်းဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရေးအချိန်ဇယား

ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအား သတ္တုတွင်းဝန်ကြီးဌာန၏ ဓာတ်သတ္တုအလတ်စားထုတ်လုပ်ရန် ခွင့်ပြုမိန့်အမှတ်(၀၀၁၆/၂၀၁၆)ဖြင့် (၁၇.၂.၂၀၁၆)မှ (၁၆.၂.၂၀၁၈) အထိ(၂)နှစ် ခနောက်စိမ်းသတ္တုရိုင်းများအား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအားဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ခနောက်စိမ်းသတ္တုသိုက်၏ ပမာဏအပေါ်မူတည်၍ အလတ်စားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသို့ ကူးပြောင်းရန် စီမံဆောင်ရွက်လျှောက်ထားဆဲဖြစ်ပါသည်။

အခန်း(၅)

အခြားဆောင်ရွက်နိုင်သည့်နည်းလမ်းများ

ပါးမိုက်ဒေသ ခနောက်စိမ်းတူးဖော်ရေးလုပ်ကွက်တွင် ခနောက်စိမ်းသတ္တုတူးဖော်ရာတွင် ခနောက်စိမ်းဖြစ်ထွန်းနေမှုများအရ အပေါ်ယံမြေသားဖယ်ရှားရာတွင် ဟင်းလင်းဖွင့်တူးဖော်မှု (Open-cut) နည်းစနစ်ကို အသုံးပြု၍ တူးဖော်မည်ဖြစ်ပါသည်။ ခနောက်စိမ်း သတ္တုကြောသို့ ရောက်ရှိသည့်အခါ မြေအောက်တူးဖော်မှုနည်းစနစ်ဖြင့် ဆက်လက်တူးဖော်မည်ဖြစ်ပါသည်။ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများအဖြစ် အပေါ်ယံမြေသား ဖယ်ရှားခြင်းမပြုဘဲ တိုက်ရိုက် Vertical Shaft ဖြင့် တူးဖော်၍ သတ္တုကြောရောက်ရှိသည့်အခါတွင် မျက်နှာပြင် များဖွင့်၍ မြေအောက်လှိုဏ်ခေါင်းဖြင့် ဆက်လက်တူးဖော်ခြင်းဖြစ်ပါသည်။ သို့သော်မြေပြင်မှ အောက်သို့ မတိမ်မနက်သောအပိုင်း၌ တည်ရှိနေသော ကြွင်းစုသိုက်အမျိုးအစား ခနောက်စိမ်း ရွှေ့မျောတုံး (ဥကျောက်)များကို တူးဖော်ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ရမည်ဖြစ်၍ သတ္တုအရင်းအမြစ်များ ဆုံးရှုံးစေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ပါးမိုက်ဒေသ ခနောက်စိမ်းအလတ်စား တူးဖော်ရေး လုပ်ကွက်၌ ခနောက်စိမ်း ဖြစ်ထွန်းမှုများအရ အပေါ်ယံမြေသားဖယ်ရှားရာတွင် ဟင်းလင်းဖွင့် တူးဖော်မှု (Open-cut)နည်းစနစ်ကို အသုံးပြု၍ တူးဖော်မည်ဖြစ်ပြီး ခနောက်စိမ်း သတ္တုကြော သို့ရောက်ရှိသည့်အခါ မြေအောက်တူးဖော်မှုနည်းစနစ်ဖြင့် ဆက်လက်တူးဖော်ရန် စီမံဆောင်ရွက် ထားခြင်း ဖြစ်ပါသည်။

အခန်း(၆)

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာပတ်ဝန်းကျင်တို့အကြောင်း ရှင်းလင်းဖော်ပြချက်

၆.၁ နည်းစနစ်(Secondary Data) စုဆောင်းခြင်း

သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာပတ်ဝန်းကျင်တို့၏ ဆန်းစစ်လေ့လာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းဧရိယာ၏ အုပ်ချုပ်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာ၊ လူမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုနှင့်လူမျိုးဘာသာ အစရှိသည့် အချက်အလက်များ စုဆောင်း ရေးဆွဲရန်အတွက်အသင်းဖွဲ့များဖွဲ့စည်းထားပါသည်။

၆.၂ လေ့လာသည့် ဧရိယာ၏ အုပ်ချုပ်ရေး(ရှမ်းပြည်နယ်)

စီမံကိန်းလုပ်ကွက်ဧရိယာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးမှူးဦးစီးဌာနလက်အောက်ရှိ ပါးမိုက်ကျေးရွာအုပ်ချုပ်မှု ဧရိယာအတွင်းကျ ရောက်ပြီးဟိုပုံးမြို့ တရားဥပဒေစိုးမိုးရေးပြည်သူ့ရဲစခန်း မှ တာဝန်ယူထားသည့် နယ်မြေ ဧရိယာဖြစ်ပါသည်။ ပါးမိုက်ကျေးရွာ၏ အနီးဝန်းကျင်သည် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျရောက် နေပါသည်။

၆.၃ မြေမျက်နှာသွင်ပြင်

ပါးမိုက်ဒေသရှိ ခနောက်စိမ်းသတ္တုရိုင်းတူးဖော်ရေးလုပ်ကွက်သည် ရှမ်းကုန်းမြေ မြင့်တွင်တည်ရှိသောကြောင့် တောတောင်ထူထပ်ပြီး အမြင့်ဆုံးနေရာမှာ ပင်လယ်ရေ မျက်နှာပြင်အထက် မီတာ(၁၀၃၀ မှ ၁၁၅၀)ခန့်မြင့်ပါသည်။ စီမံကိန်းဧရိယာ၏ အရှေ့ဘက် (၂.၅) မိုင်ခန့်အကွာတွင် လွိုင်မွန်းတောင်တန်းသည် တောင်မြောက်သွယ်တန်းနေပြီး အမြင့်ဆုံးတောင်ထိပ်မှာ အမြင့်မီတာ(၂၀၆၁)ခန့် မြင့်ပါသည်။

၆.၄ ရာသီဥတု

ပါးမိုက်ဒေသသည် ရှမ်းကုန်းပြင်မြင့်ဒေသတွင်ပါဝင်သောကြောင့် ရာသီဥတုမှာ ပူအိုက်စွတ်စိုအေးမြသော ရာသီဥတုဖြစ်ကာပျမ်းမျှမိုးရေချိန် လက်မ(၆၀)ရှိပြီး ပျမ်းမျှ အမြင့်ဆုံးအပူချိန်မှာ(၃၈ °C)ဖြစ်ပါသည်။ ပါးမိုက်ဒေသသည် ရှမ်းကုန်းပြင်မြင့် အတွင်းပိုင်း တွင် တည်ရှိသောကြောင့်မိုးတွင်းကာလတွင်တခါတရံမိုးသည်းထန်စွာရွာသွန်းပါသည်။

၆.၅ မြေအသုံးချမှု

စီမံကိန်းဝန်းကျင်ဒေသသည်ရှမ်း၊ ပအိုဝ်းလူမျိုးများအများဆုံး နေထိုင်ကျပြီး မြေဆီလွှာ၊ မြေသြဇာကောင်းမွန်၍ ရေအရင်းအမြစ်ပေါများသောကြောင့် မြေပြန့်လွင်ပြင်ငယ် များနှင့် တောင်စောင်းများအပေါ်တွင် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိက ထားစိုက်ပျိုးကျပါသည်။ ဒေသခံပြည်သူများသည် မိရိုးဖလာတောင်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သော စပါး၊ ပြောင်း၊ ပဲစဉ်းငုံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။

၆.၆ လေထုအခြေအနေနှင့် ဆူညံမှု

စီမံကိန်းဧရိယာ၏အနီးဝန်းကျင်ဒေသသည် ပင်လယ်ရေမျက်နှာပြင် အမြင့်(၃၇၅၀) ပေခန့်တွင်တည်ရှိပြီး လေကောင်းလေသန့်ရရှိသော ဒေသဖြစ်ပါသည်။ စီမံကိန်းဝန်းကျင် အနီးရှိ ပါးမိုက်ဒေသသည် တူးဖော်ရေးလုပ်ကွက်နှင့် (၁.၅)မိုင်ခန့်ကွာဝေးပြီး လုပ်ငန်း လည်ပတ်လုပ်ဆောင်မှုကြောင့် ဆူညံသံနှင့်တုန်ခါမှုများ အနည်းငယ်ထိခိုက်နိုင်ပါသည်။

ခနောက်စိမ်းလုပ်ကွက်၊ လေထုအရည်အသွေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ Ambient Air Quality Standard (Table-A3.3) နှိုင်းယှဥ်ဖော်ပြမှုဇယားလေထုအရည်အသွေး(ပါမိုက်ကျေးရွာအနီး, 21° 2'14.19"N, 97°14'40.87"E)

Parameters	Carbon monoxide (CO) (ppm)	Hydrogen Cyanide (HCN) (ppm)	Nitrogen Dioxide (NO_2) (ppb)	Nitrous Oxide (NO) (ppb)	Nitrogen Oxide (NOX) (ppb)	Sulphur Dioxide (SO_2) (ppb)
Guideline Value	9	10	200(1-hour)	100	-	20(24-hour)
Avg	2.84802	0	8.71075	32.2061	23.3629	10.8931
Max	2	0	59	109	150	1.39
Min	0	0	2	2	4	1

လေထုအရည်အသွေး(ခနောက်စိမ်းလုပ်ကွက်, 21° 2' 3.00" N, 97°15' 27.22" E)

Parameters	Carbon monoxide (CO) (ppm)	Hydrogen Cyanide (HCN) (ppm)	Nitrogen Dioxide (NO_2) (ppb)	Nitrous Oxide (NO) (ppb)	Nitrogen Oxide (NOX) (ppb)	Sulphur Dioxide (SO_2) (ppb)
Guideline Value	**9**	**10**	200(1-hour)	100	-	20(24-hour)
Avg	2.38046	0	5.54961	20.7002	26.2574	18.5343
Max	6.39	0	19	1.69	191	247
Min	0	0	2	2	4	1

ခနောက်စိမ်းလုပ်ကွက်၊ အမှုန်အမွှားပျံ့လွင့်မှု(PM_{10},$PM_{2.5}$)နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ အပိုဒ် (၁-၁) Ambient Air Quality Standards (Table A3.3) နှိုင်းယှဥ် ဖော်ပြမှုဇယား

အမှုန်အမွှားပျံ့လွင့်မှု(PM_{10},$PM_{2.5}$)(ပါးမိုက်ကျေးရွာအနီး, Latitude: , Longitude:)

Parameters	Guideline Value (24 hrs means)	Average (24hrs means)	Maximum Air Quality	Minimum
$PM_{10}{}^{a}$ ($\mu g/m^3$)	50	43.8514	12.1	2
$PM_{2.5}{}^{b}$ ($\mu g/m^3$)	25	10.54196	37	0

အမှုန်အမွှားပျံ့လွင့်မှု(PM10,PM2.5) (ခနောက်စိမ်း လုပ်ကွက်, Latitude: , Longitude:)

Parameters	Guideline Value (24 hrs means)	Average (24hrs means)	Maximum Air Quality	Minimum
PM_{10}[a] ($\mu g/m^3$)	50	25.1269	1.26	2
$PM_{2.5}$[b] ($\mu g/m^3$)	25	12.1769	75	0

[a]Particulate matter 10 micrometers or less in diameter

[b]Particulate matter 2.5 micrometers or less in diameter

Ref : Myanmar National Environmental Quality (Emission) Guide lines , December 2015

ခနောက်စိမ်း(ပါးမိုက်လုပ်ကွက်)၊ လေထုအရည်အသွေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ Ambient Air Quality Standard (Table-A3.3) နှိုင်းယှဉ်ဖော်ပြမှု ဂရပ်ဖ်



ခနောက်စိမ်းလုပ်ကွက်၊ အမှုန်အမွှားပျံ့လွင့်မှု(PM_{10},$PM_{2.5}$)နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ၊ Ambient Air Quality Standards(Table A3.3) နှိုင်းယှဥ် ဖော်ပြမှုဂရပ်ဖ်



လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုမှတ်တမ်း(ပါးမိုက်ကျေးရွာအနီး)



Main | Preferences | Header | Data | Report

Environmental Report

Record Cnt 1441

Start Date 8/26/2019 8:00:00 AM

End Date 8/27/2019 8:00:00 AM

	CO ppm	HCN ppm	NO2 ppb	NO ppb	NOX ppb	PM10 uG/m3	PM25 uG/m3	RH %	SO2 ppb	TmpC Deg. C	Pwr V		
Ave	.284802	0	8.71075	32.2061	23.3629	43.8514	10.54198	78.7126	10.8931	26.6828	14.2390	0	0
Max	2	0	59	169	150	121	37	90	139	32	14.4	0	0
Min	0	0	2	2	4	2	0	62	1	24	12.6	0	0
Ave Period 1 8/26/2019 8:30 AM	0	0	44	8	52	2	1	82	1	28	14.1	0	0
	0	0	44	8	52	2	1	82	1	28	14.1	0	0
	0	0	44	8	52	2	1	82	1	28	14.1	0	0
Ave Period 1 8/26/2019 8:31 AM	0	0	44	4	48	2	1	83	1	28	14.3	0	0
	0	0	44	4	48	2	1	83	1	28	14.3	0	0
	0	0	44	4	48	2	1	83	1	28	14.3	0	0
Ave Period 1 8/26/2019 8:32 AM	0	0	51	2	53	7	3	85	1	28	14.3	0	0
	0	0	51	2	53	7	3	85	1	28	14.3	0	0
	0	0	51	2	53	7	3	85	1	28	14.3	0	0
Ave Period 1 8/26/2019 8:33 AM	0	0	47	2	49	6	5	84	1	28	14.3	0	0
	0	0	47	2	49	6	5	84	1	28	14.3	0	0
	0	0	47	2	49	6	5	84	1	28	14.3	0	0
Ave Period 1 8/26/2019 8:34 AM	0	0	44	2	46	2	1	83	1	28	14.3	0	0
	0	0	44	2	46	2	1	83	1	28	14.3	0	0
	0	0	44	2	46	2	1	83	1	28	14.3	0	0
Ave Period 1 8/26/2019 8:35 AM	0	0	43	2	45	2	1	83	1	28	14.3	0	0
	0	0	43	2	45	2	1	83	1	28	14.3	0	0
	0	0	43	2	45	2	1	83	1	28	14.3	0	0
Ave Period 1 8/26/2019 8:36 AM	.35	0	43	2	45	2	0	82	1	28	14.1	0	0
	.35	0	43	2	45	2	0	82	1	28	14.1	0	0
	.35	0	43	2	45	2	0	82	1	28	14.1	0	0
Ave Period 1 8/26/2019 8:37 AM	.17	0	37	2	39	2	1	81	1	28	14.3	0	0
	.17	0	37	2	39	2	1	81	1	28	14.3	0	0
	.17	0	37	2	39	2	1	81	1	28	14.3	0	0

လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုမှတ်တမ်း(လုပ်ကွက်အတွင်း)

Main | Preferences | Header | Data | Report

Environmental Report

Record Cnt 1441

Start Date 8/28/2019 8:00:00 AM

End Date 8/29/2019 8:00:00 AM

	CO ppm	HCN ppm	NO2 ppb	NO ppb	NOX ppb	PM10 uG/m3	PM25 uG/m3	RH %	SO2 ppb	TmpC Deg. C	Pwr V		
Ave	2.38045	0	5.54961	20.7002	26.2574	25.1269	12.1769	79.9791	18.5343	27.1471	14.2494	0	0
Max	6.39	0	19	189	191	128	75	90	247	33	14.4	0	0
Min	0	0	2	2	4	2	0	60	1	24	12.9	0	0
Ave Period 1 8/28/2019 8:30 AM	.16	0	2	2	4	40	37	76	1	28	14.3	0	0
	.16	0	2	2	4	40	37	76	1	28	14.3	0	0
	.16	0	2	2	4	40	37	76	1	28	14.3	0	0
Ave Period 1 8/28/2019 8:31 AM	.1	0	2	2	4	41	37	77	1	28	14.3	0	0
	.1	0	2	2	4	41	37	77	1	28	14.3	0	0
	.1	0	2	2	4	41	37	77	1	28	14.3	0	0
Ave Period 1 8/28/2019 8:32 AM	.05	0	2	2	4	39	38	77	1	28	14.3	0	0
	.05	0	2	2	4	39	38	77	1	28	14.3	0	0
	.05	0	2	2	4	39	38	77	1	28	14.3	0	0
Ave Period 1 8/28/2019 8:33 AM	0	0	2	2	4	36	36	77	1	28	14.1	0	0
	0	0	2	2	4	36	36	77	1	28	14.1	0	0
	0	0	2	2	4	36	36	77	1	28	14.1	0	0
Ave Period 1 8/28/2019 8:34 AM	0	0	4	2	6	36	40	78	1	28	14.3	0	0
	0	0	4	2	6	36	40	78	1	28	14.3	0	0
	0	0	4	2	6	36	40	78	1	28	14.3	0	0
Ave Period 1 8/28/2019 8:35 AM	0	0	2	2	4	35	40	78	1	28	14.3	0	0
	0	0	2	2	4	35	40	78	1	28	14.3	0	0
	0	0	2	2	4	35	40	78	1	28	14.3	0	0
Ave Period 1 8/28/2019 8:36 AM	0	0	2	2	4	30	40	78	1	28	14.1	0	0
	0	0	2	2	4	30	40	78	1	28	14.1	0	0
	0	0	2	2	4	30	40	78	1	28	14.1	0	0
Ave Period 1 8/28/2019 8:37 AM	0	0	2	2	4	32	38	79	1	28	14.1	0	0
	0	0	2	2	4	32	38	79	1	28	14.1	0	0
	0	0	2	2	4	32	38	79	1	28	14.1	0	0

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်း
ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခနောက်စိမ်းစမ်းသပ်တိုင်းတာခွင့်
ရရှိထားသော လုပ်ကွက်(၃)၏ ကောင်းကင်မြေပုံ



ရည်ညွှန်းချက်

Scale
0 1000 ft

- လေထု၊ဆူညံသံနှင့် တုန်ခါမှု တိုင်းတာသည့်နေရာ
- ချောင်းရေ တိုင်းတာသည့်နေရာ

21° 2′ 47.90″N 97° 15′ 12.45″E	21° 2′ 14.19″N 97° 14′ 40.87″E	21° 2′ 3.00″N 97° 15′ 27.22″E

၆.၇ ချောင်း၊ မြောင်းများ

မြေမျက်နှာသွင်ပြင်အနေအထားအရ ရှမ်းကုန်းပြင်မြင့် အတွင်းပိုင်းတွင် ကျရောက်နေပြီးရေဆင်းစနစ်မှာ(Trellic Drainage pattern)ပုံစံဖြင့် နမ့်လန်မူချောင်းမကြီး အတွင်းသို့စီးဆင်းလျက်ရှိပါသည်။ ချောင်းငယ်မြောင်းငယ်များသည် မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့် ချောင်းများတွင်စီးဆင်းပြီး နွေရာသီနှင့်ဆောင်းရာသီကာလများတွင် စီးဆင်းမှုမရှိပါ ။

၆.၈ ဇီဝဆိုင်ရာ

လုပ်ကွက်နယ်မြေအတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်၊ သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနယ်မြေများ၊ ရှားပါးသော တိရစ္ဆာန်များ၊ မျိုးတုန်းပျောက်ကွယ် လုနီးပါးဖြစ်သော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေး အာဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များမရှိပါကြောင်း ဒေသခံများ၏ ပြောပြချက်အရပါသည်။ လုပ်ကွက်အတွင်းတွင်ရှမ်းကုန်းပြင်မြင့်ဒေသ နေရာအနှံ့တွင် တွေ့ရှိနိုင်သော စာကလေးငှက်၊ ကျီး၊ ခါငှက်၊ ရှဉ့်၊ ပုတ်သင်ညို၊ နဂါးကောင်၊ လိပ်ပြာ၊ ပျား၊ ပုဇဉ်း၊ ကျိုင်းကောင်၊ ကြွက်များကို တွေ့ရှိရပြီး မြွေ၊ ယုန် စသည့် ဇီဝဆိုင်ရာ မျိုးစိပ်များအားရှားပါးစွာ တွေ့ရကြောင်းသိရှိရပါသည်။

၆.၉ လူမှုဆိုင်ရာ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအိမ်ထောင်စု လူဦးရေအခြေအနေ

စီမံကိန်းဧရိယာနှင့် အနီးဆုံးဖြစ်သော မောက်မွန်းကျေးရွာအုပ်စုရှိပါးမိုက် ကျေးရွာမှာလုပ်ကွက်နှင့်(၁.၅)မိုင် အကွာအဝေးတွင် တည်ရှိပါသည်။ ပါးမိုက်ကျေးရွာမှာ အိမ်ခြေ(၄၀)လုံးခန့်ရှိ၍ လူဦးရေ(၁၈၃)ဦးခန့်ရှိကြောင်း ပါးမိုက်ကျေးရွာအုပ်ချုပ်ရေးမှူး၏ စာရင်းအရသိရှိရပါသည်။ ပါးမိုက်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများသည်အများအားဖြင့် ဗုဒ္ဓဘာသာကိုးကွယ်ကျသူများဖြစ်ပြီး၊ ရိုးရာဓလေ့ကိုထိန်းသိမ်းကာမိရိုးဖလာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် လုပ်ကိုင်ဆောင်ရွက်သူများဖြစ်ကြပါသည်။ လူနေမှုအဆင့်အသင့်တင့်အနေအထားတွေ့ရှိရပြီး စီးပွားရေးလုပ်ငန်းမှာ တောင်ယာစိုက်ပျိုးခြင်း လုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်း ပြုပါသည်။ အခြားအနီးဆုံးတည်ရှိသော ကျေးရွာများမှာ ဟွေဟိုင်းကျေးရွာဖြစ်ပြီး ပါးမိုက်ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးပါသည်။

၆.၁၀ အခြေချနေထိုင်မှု

ပါးမိုက်ဒေသည်ဟိုပုံးမြို့မှ မြောက်ဘက်(၂၂)မိုင်ကွာဝေးပြီး ပင်လယ်ရေမျက်နှာပြင်အမြင့်(၃၆၀၀)ပေခန့်တွင်တည်ရှိသော တောင်ပေါ်ကျေးရွာငယ်လေးဖြစ်ပါသည်။ နေအိမ်များ မှာထရံကာသွပ်မိုး၊ ပျဉ်ကာသွပ်၊ မိုးအိမ်ငယ်များကို တည်ဆောက်နေထိုင်ကြကာ လူနေထိုင်မှုစနစ် အသင့်တင့် အနေထားအားတွေ့ရှိရပါသည်။

၆.၁၁ လူမျိုးစု

စီမံကိန်းဝန်းကျင်သည်အများအားဖြင့် ပအိုဝ်းလူမျိုးစုများ နေထိုင်ကြပြီး ရှမ်းလူမျိုး အနည်းငယ်ရောနှော နေထိုင်ကြပါသည်။ ပအိုဝ်းဘာသာစကား၊ ရှမ်းဘာသာစကားနှင့် ဗမာဘာသာ စကားကို အဓိကပြောဆိုကြပြီး ဗုဒ္ဓဘာသာကိုအဓိကယုံကြည် ကိုးကွယ်ကြပါသည်။

၆.၁၂ ပညာရေးအဆင့်အတန်း

ကျေးရွာအုပ်စုအတွင်းတွင်အခြေခံမူလတန်းကျောင်း/ မူလွန်ကျောင်းများသာရှိပြီး အလယ်တန်း/ အထက်တန်းပညာရေးအား ဟိုပုံးမြို့တွင်လည်းကောင်း၊ တက္ကသိုလ်ပညာရေး အတွက် တောင်ကြီးမြို့သို့ လည်းကောင်း သွားရောက် သင်ယူကြောင်း သိရှိရပါသည်။

၆.၁၃ အလုပ်အကိုင်နှင့် အသက်မွေးမှု အခြေအနေ

ပါးမိုက်ဒေသသည်ရှမ်းကုန်းပြင်မြင့် တောင်တန်းပေါ်တွင်တည်ရှိသဖြင့် စီမံကိန်း ဝန်းကျင်ရှိ ဒေသခံပြည်သူအများစုမှာ ရွှေပြောင်းတောင်ယာစပါး၊ ပြောင်းဖူး၊ ပဲစဉ်းငုံ စိုက်ပျိုးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။

၆.၁၄ စိုက်ပျိုးမွေးမြူရေးအခြေအနေ

တောင်ယာစပါး၊ ပဲမျိုးစုံ၊ သရက်၊ ထောပတ်တို့ကို အနည်းငယ်စိုက်ပျိုးပြီး ပြောင်းဖူး၊ ပဲစေ့ငုံ၊ ဂျင်း၊ နနွင်းတို့ကို အသက်မွေးဝမ်းကျောင်းအဖြစ် အဓိကစိုက်ပျိုးကြပါသည်။ ဆန်ကိုမြေပြန့်ဒေသများမှ ဝယ်ယူစားသုံးပြီး နေအိမ်ခြံများအတွင်း တနိုင်တပိုင် ဟင်းသီး ဟင်းရွက်ပင်များ စိုက်ပျိုးကြပါသည်။ တနိုင်တပိုင် မွေးမြူရေးအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်များကိုလည်း အနည်းငယ်မွေးမြူကြပါသည်။

၆.၁၅ လူထုကျန်းမာရေး

ပါးမိုက်ကျေးရွာနှင့်အနီး ဝန်းကျင်ဒေသတွင် ဆေးရုံ၊ ဆေးပေးခန်းများမရှိပါ။ ဒေသတွင်းရှိ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များရှိလာပါက ကုမ္ပဏီမှပံ့ပိုး ကူညီဆောင်ရွက် ပေးလျက်ရှိပါသည်။ အရေးကြီးလူနာများအားဟိုပုံး၊ တောင်ကြီးမြို့ရှိဆေးရုံသို့ ပို့ဆောင် ကုသစေပါသည်။ စီမံကိန်းဝန်းကျင်ဒေသတွင် ဖြစ်ပွားမှုအများဆုံးရောဂါများမှာ ရာသီတုတ်ကွေး၊ သွေးတိုးရောဂါများဖြစ်ပြီး ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားတတ်သော အဆုတ်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ မျက်စိနာခြင်း၊ မျက်ခမ်းစပ်ရောဂါ များဖြစ်ပွားခြင်းမှာနည်းပါးကြောင်းဟိုပုံးမြို့နယ်ပြည်သူ့ဆေးရုံ၏စစ်တမ်းအရသိရှိပါသည်။

၆.၁၆ သယ်ယူပို့ဆောင်ရေးစနစ်

ဟိုပုံးမြို့သည် မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်းနှင့်အထက်ပိုင်းသို့ အလွယ်တကူသွားလာနိုင်ခြင်းကြောင့် ဆက်သွယ်မှုကောင်းမွန်သောအခြေအနေရှိပါသည်။ ဟိုပုံးမြို့မှမြောက်ဘက်၊ နောင်လွတ်ကျေးရွာအထိ ကတ္တရာလမ်းအတိုင်း(၁၀)မိုင်၊နောင်လွတ်

ကျေးရွာလမ်းခွဲမှ ပန်ရင်းကျေးရွာအထိ ကျောက်ချောလမ်း(၁၀)မိုင်၊ ပန်ရင်းရွာမှ ပါးမိုက်ကျေးရွာထိ မြေလမ်း(၂)မိုင်ခရီးအားရာသီ မရွေးသွားလာနိုင်ပြီး၊ ပါးမိုက်ရွာမှ လုပ်ကွက်ထိ မြေလမ်း(၁.၅)မိုင်ခရီးသည် မိုးတွင်းကာလတွင် သွားလာရန် ခက်ခဲပါသည်။ ထို့ကြောင့် ဟိုပုံးမြို့မှ ပါးမိုက်ခနောက်စိမ်းတူးဖော်ရေးလုပ်ကွက်သို့ စုစုပေါင်း (၂၃.၅)မိုင် ကွာဝေးပါသည်။

၆.၁၇ လူထုဆက်သွယ်ရေး

ပါးမိုက်ဒေသနှင့်အနီးဝန်းကျင်တွင်း ဒေသခံပြည်သူများ၏ လူထုဆက်သွယ်ရေးမှာ ဖုန်းတာဝါတိုင်များ၏ ဧရိယာပြင်ပတွင်ကျရောက်နေသောကြောင့်(Internet)ဆက်သွယ်ရေးကွန်ယက်များကို အသုံးပြုနိုင်ခြင်းမရှိပါ။

၆.၁၈ လျှပ်စစ်သုံးစွဲမှု

ပါးမိုက်ကျေးရွာတွင် အစိုးရလျှပ်စစ်မီးသွယ် ယူသုံးစွဲထားခြင်းမရှိပါ။ ဒေသခံပြည်သူများ သည်နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားနှင့် မီးစက်များကိုအသုံးပြု ကျပါသည်။ စီမံကိန်းလုပ်ကွက်အတွင်းတွင် (၂၅)ကောင်ဒီဇယ်အင်ဂျင်သုံး (7.5KVA) မီးစက်ဖြင့် အသုံးပြုလျက်ရှိပါသည်။

၆.၁၉ သောက်သုံးရေရရှိမှု

ပါးမိုက်ဒေသသည် ရှမ်းကုန်းပြင်မြင့်အပေါ်တွင်တည်ရှိပြီး စီမံကိန်းဝန်းကျင်ရှိ ဒေသခံပြည်သူများ သောက်သုံးရေရယူသုံးစွဲသည့်ရေ ချောင်းသည်ပါးမိုက်ကျေးရွာ၏ တောင်ဘက်(၀.၅)မိုင်ခန့် အကွာအဝေးတွင် စီးဆင်းလျက်ရှိသော ချောင်းငယ်ရေအား အဓိက အားထားသုံးစွဲကြပါသည်။

Parameter	Unit	Concentration	Parmine village	Reference
Antimony	mg/l	0.02	Not Detected	National drinking water quality standards. 2014. Ministry of Health, Myanmar.
Arsenic	mg/l	0.05	Not Detected	As above
Copper	mg/l	2	Not Detected	As above
Iron	mg/l	1	Not Detected	As above
Lead	mg/l	0.01	Not Detected	As above
pH	-	6.5-8.5	7.18	As above
Zinc	mg/l	3	Not Detected	As above

၆.၂၀ ရေအရည်အသွေး

စီမံကိန်းဧရိယာတစ်ဝိုက်သည် သစ်ပင်၊ သစ်တော အသင့်အတင့်ရှိခြင်း၊ လူနေကျဲပါး၍ စွန့်ပစ်ပစ္စည်း စွန့်ပစ်ခြင်းနည်းပါးခြင်းတို့ကြောင့် မြေပေါ်ရေအရည်အသွေး ကောင်းမွန်ပါသည်။ မြေအောက်ရေအရည်အသွေးမှာ ထုံးဓာတ်အနည်းငယ်ပါဝင်သည်မှလွဲ၍ ကောင်းမွန်ပါသည်။

DEPARTMENT OF AGRICULTURE (LAND USE)
Water ANALYTICAL DATA SHEET

Division – ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် Sheet–1
Township– Lab No.–

Sr. No.	Sample Name	pH	Pb (ppm)	Cu (ppm)	Fe (ppm)	Zn (ppm)	$SO_4^=$ (me/L)
1.	ကုန်မုန်းချောင်း	7.18	Not detected	Not detected	Not detected	Not detected	0.25
2.	နမ့်ပလန်ချောင်း	7.50	Not detected	Not detected	Not detected	Not detected	0.72
3.	ရေထွက်ဦး သောက်ရေ	7.13	Not detected	Not detected	Not detected	Not detected	0.30

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသ၏ ရေအရည်အသွေး

For Pb, Not detected means < 0.1ppm
For Cu, Not detected means < 0.1ppm
For Fe, Not detected means < 0.05ppm
For Zn, Not detected means < 0.01ppm

(စန်းစန်းလွင်)
လ/ထညွှန်ကြားရေးမှူး
တာဝန်ခံ
မြေအသုံးချရေးဌာနခွဲ
မန္တလေးမြို့

၆.၂၁ အနီးဝန်းကျင်ရှိရှုပဆိုင်ရာ

စီမံကိန်းလုပ်ကွက်၏ အရှေ့ဘက်(၂.၅)မိုင်ခန့်အကွာတွင် လွိုင်မွန်းတောင်တန်းသည် တောင်မြောက် သွယ်တန်းနေပြီး အမြင့်ဆုံးတောင်ထိပ်မှာ (၂၀၆၁)မီတာခန့် မြင့်ပါသည်။ လွိုင်မွန်းတောင်တန်းတွင် ဒေသခံများထိန်းသိမ်းထားသော သစ်တောများဖြင့် စိမ်းလန်းနေပါသည်။ စီမံကိန်းပတ်ဝန်းကျင် မြေပန့်များတွင် ဒေသခံများမှ ပြောင်း၊ ပဲစင်းငုံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပြီး၊ တောင်ကုန်းငယ်များပေါ်တွင် တောင်ယာစပါး စိုက်ပျိုးကြပါသည်။ ကျေးရွာခြင်းဆက်လမ်းများကို မြေသားလမ်း၊ ကျောက်ကြမ်းလမ်း ဖောက်လုပ်ထားသဖြင့် ကား၊ ဆိုင်ကယ်များ သွားလာနိုင်သော ကြောင့် လမ်းပန်းဆက်သွယ် ရေးကောင်းမွန်သဖြင့် ဒေသထွက် ပြောင်း၊ ပဲစင်းငုံများကို တောင်ကြီး၊ ဟိုပုံးမြို့သို့ သယ်ပို့ရောင်းချကြပါသည်။ပါးမိုက်ဒေသတွင် တယ်လီဖုန်းဆက်သွယ်ရေးမှာ လိုင်းမိမှု အားနည်းသဖြင့် 450 GSM နှင့် တယ်လီနောဖုန်း ဆက်သွယ်မှုရရှိပါသည်။ ပါးမိုက်ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး၊ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ဟိုပုံးမြို့၊ တောင်ကြီးမြို့ တို့တွင် သွားရောက်ပညာသင်ကြားကြပါသည်။ ပညာသင်ကြားသူများမှာ အနည်းစုသာရှိပါသည်။ ကျေးရွာတွင်ပအိုဝ်းအများစု နေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း(၁)ကျောင်း ရှိပါသည်။ ပါးမိုက်ဒေသအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ဟိုပုံးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စီမံအုပ်ချုပ်ပြီး၊ ဒေသလူမျိုးများ၏ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်း ကူညီတတ်မှုနှင့် အေးချမ်းစွာနေထိုင်ကြကာ ဘာသာတရားကိုင်းရှိုင်းကြသဖြင့် ကြီးမားသော မှုခင်းများမရှိဘဲ တရားဥပဒေစိုးမိုးသော ဒေသဖြစ်ပါသည်။

၆.၂၂ စီမံကိန်းလုပ်ကွက်အနီးဝန်းကျင်ရှိ မြေဆီလွှာ

စီမံကိန်းလုပ်ကွက်အနီးဝန်းကျင်ရှိ အပေါ်ယံမြေဆီလွှာများမှ ဘူမိသက်တမ်း စတုတ္ထယုဂ် (Holocene) ရှိသော သက်နုနုန်းမြေ (Younger Alluvium) နှင့် ပလက်စတိုစင်း (Pleistocene) ဘူမိသက်တမ်းရှိ သက်ရင့်နုန်းမြေ (Older Alluvium) များအား တွေ့ရှိရပါသည်။နီဝါရောင်မှ နီညိုရောင်ရှိသော မြေဆီလွှာ၏အထူမှာ (၅ပေ မှ ၂၀ပေ) အထိ ကားလမ်းများဖောက်လုပ်ရာတွင် တွေ့ရှိရပါသည်။ မြေပြန့်ဒေသများတွင် ရေအရင်းအမြစ်များပေါများခြင်းကြောင့် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး တောင်တန်းဒေသများတွင် ရေအရင်းအမြစ်များ အသင့်တင့်သာရှိသောကြောင့် မိုးရာသီချိန်တွင် အဓိကထားပြီး စိုက်ပျိုးကြပါသည်။ ထို့ကြောင့် စီမံကိန်းလုပ်ကွက်အနီး ဝန်းကျင် ဒေသများတွင် စိုက်ပျိုးရေးကိုသာ အဓိကထားစိုက်ပျိုးသောကြောင့် မြေဆီ/မြေဩဇာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

DEPARTMENT OF AGRICULTURE

SOIL INTERPREATATION AND ANALYTICAL DATA OF RESULTS

Division - Shan

Township - Ho-Pone

Sheet No. 1

Lab No. S. ကောင်တန်ကုမ္ပဏီလီမိတက်

Sr. No	Sample	pH Soil:Water 1:2.5	Organic carbon	Total N	Available Nutrients	
					K_20	P
1.	S. လိုင်ဟာမြား – စက်ရုံ	Slightly acid	Medium	Very low	High	Low
2.	S. လိုင်ဟာမြား – မိုင်း	Slightly acid	Low	Very low	Low	Low
3.	S. ပါးမိုင်း	Slightly acid	Low	Very low	High	Low
4.	S. မိုင်းကောင်	Near Neutral	Low	Very low	Medium	Low

Sr. No	Sample plot	Moisture	pH Soil:Water 1:2.5	Organic Carbon	Total N %	Exchangeable Cations				Available Nutrients	
						Ca^{++}	Mg^{++}	K^+	Na^+	K_2O (mg/100g)	P (ppm)
1.	S. လိုင်ဟာမြား – စက်ရုံ	12.3251	6.44	2.67	0.03	6.843	1.141	0.569	0.397	26.7	3.28
2.	S. လိုင်ဟာမြား – မိုင်း	10.3003	6.33	2.08	0.04	6.689	2.229	0.229	0.363	10.7	3.36
3.	S. ပါးမိုင်း	10.6921	6.07	2.01	0.04	5.599	4.479	0.458	0.438	21.5	3.8
4.	S. မိုင်းကောင်	8.0884	6.83	1.46	0.07	7.616	1.088	0.390	0.331	18.3	1.04

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသ၏ မြေအရည်အသွေး

(စင်စောဦး)

တာဝန်ခံ

ပြည်နယ်မြေဆီလွှာဓါတ်ခွဲခန်း၊

စိုက်ပျိုးရေးဦးစီးဌာန

တောင်ကြီးမြို့။

အခန်း(၇)

ထိခိုက်မှုကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ

၇.၁ ပတ်ဝန်းကျင်အခြေအနေအပေါ်ထိခိုက်မှုများ

စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများမှာ လုပ်ကွက်များ အတွင်း ယာဉ်စက်ယန္တရားများ ဝင်ရောက်ရန် လမ်းများ ဖောက် လုပ်ထားခြင်း၊ အုပ်ချုပ်မှုဆိုင်ရာနှင့် စက်မှုဆိုင်ရာ အဆောက်အဦများ တည်ဆောက် ရန်မြေနေရာ များရှင်းလင်းခြင်း၊ အကြောလိုက်တည်ရှိသော ခနောက်စိမ်းသတ္တုရိုင်းများအား မြေအောက်တူးဖော်မှုနည်းစနစ်ဖြင့် တူးဖော်ရန်မြေနေရာများ ရှင်းလင်းခြင်း၊ (Bench)များဖော်ခြင်း၊ ခနောက်စိမ်းသတ္တုရိုင်းများ စွန့်ပစ်မြေစာများစုံပုံရန်များ ပြင်ဆင်ခြင်း၊ စွန့်ပစ်ရေကန်များ၊ အနည်ထိုင်ကန်တည်ဆောက်ရန် မြေနေရာများ ရှင်းလင်း ခြင်းနှင့်စက်ယန္တရားများသုံးစွဲခြင်းတို့ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်နိုင်မှု များမှာအောက်ပါ အတိုင်း ဖြစ်ပါသည် -

- သစ်တောသစ်ပင်ပြုန်းတီးခြင်း၊
- မြေဆီလွှာပြုန်းတီးခြင်း
- ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်းမှုအနေအထားများ ပျက်ယွင်းခြင်း၊
- မျက်စိပသာဒ ဖြစ်စေသည့် မြင်ကွင်းများ ဆုံးရှုံးခြင်း၊
- ဖုန်မှုန့်များနှင့် ဓာတ်ငွေ့များ ထွက်ရှိ၍ လေထုညစ်ညမ်းခြင်း၊
- မြေပေါ်ရေနှင့် မြေအောက်ရေများညစ်ညမ်းခြင်း၊
- မြေထုညစ်ညမ်းခြင်း၊
- မြေမျက်နှာသွင်ပြင်ပြောင်းလဲခြင်း
- သဘာဝပတ်ဝန်းကျင်တည်ငြိမ်မှုပျက်ပြားခြင်း
- စိုက်ပျိုးမြေများ ဆုံးရှုံးခြင်း၊
- ဆူညံသံဖြစ်ပေါ်ခြင်း

စသည့်ဆုံးရှုံးခြင်းနှင့်ထိခိုက်မှုများဖြစ်ပေါ် နိုင်ပါသည်။

၇.၂ လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ

လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းကာလတွင် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ အားလျော့နည်းစေရေးအတွက် ဆောင်ရွက်ထားမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- လမ်းသစ်များ ဖောက်ခြင်းမပြုဘဲ ရှိပြီးလမ်းဟောင်းများကိုသာ ပြုပြင် အသုံးပြုခြင်း

- အပေါ်ယံမြေဆီလွှာရှင်းလင်းမှု အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်းတို့ဖြင့် သစ်တောသစ်ပင်ပြုန်းတီးခြင်းနှင့်ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်းမှု အနေအထားများ ပျက်ယွင်းခြင်းတို့ကို လျော့နည်းစေရေးအတွက် စီမံဆောင်ရွက်ထားခြင်း၊
- ဖုန်မှုန့်ပျံ့လွင့်မှု လျော့နည်းစေရေးနှင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် စက်/ယန္တရားသုံးစွဲမှုအား ထိန်းချုပ်ဆောင်ရွက်ခြင်း၊ လမ်းများတစ်လျှောက် ဖုန်မှုန့်ထွက်ရှိမှု နည်းပါးစေရေးအတွက် ရေဖြန်းမည့် အစီအစဉ်များ ဆောင်ရွက်ခြင်း၊
- စိုက်ပျိုးမြေများဆုံးရှုံးခြင်းမရှိစေရေးအတွက် လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း ကာလနှင့် မိုင်းပိတ်သိမ်းခြင်းကာလများတွင် လုပ်ကွက် ဧရိယာအတွင်း စိုက်ပျိုးမြေများနှင့် အခြားကန့်သတ်ဧရိယာများ မပါဝင်စေရေး အတွက် စိစစ် ဆောင်ရွက်ခြင်း၊

၇.၃ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကာလ

စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကြောင့်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့်အချက်များနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

၇.၃.၁ ဆူညံသံနှင့်တုန်ခါမှု

ခနောက်စိမ်းသတ္တု တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဆူညံသံ နှင့် တုန်ခါမှု ထွက်ရှိမည့် အရင်းအမြစ်နှင့် လျော့ချမည့်နည်းလမ်းများမှာ -

ထွက်ရှိမည့်အရင်းအမြစ် ။ ။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသောလွန်ကျင်းတူးဖောက်ခြင်း၊ ယမ်းခွဲခြင်း၊ စက်ယန္တရားများ အသုံးပြုခြင်း၊ ကြိတ်ခွဲခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆူညံသံ နှင့်တုန်ခါမှုများ ဖြစ်ပေါ်စေပါသည်။

လျော့ချမည့်နည်းလမ်း။ ။မြေအောက်လိုဏ်ခေါင်းအတွင်း ယမ်းခွဲရာတွင် ဆူညံသံ နှင့် တုန်ခါမှု သက်သာစေရေးအတွက် (Detonation Relay) များခံ၍ အဆင့်ဆင့်ကွဲစေခြင်းဖြင့်လည်းကောင်း၊ သုံးစွဲသည့် ယမ်းပမာဏ အား ကန့်သတ်သုံးစွဲခြင်းဖြင့်လည်းကောင်း၊ ဆူညံသံနှင့် တုန်ခါမှုအား လျော့ချရန် ဖြစ်ပါသည်။ ဆူညံသံနှင့်တုန်ခါမှုအား အမျိုးသား ပတ်ဝန်း ကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်အတိုင်းရှိစေရေး အတွက် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တူးဖော်ခြင်းနှင့် ယမ်းခွဲခြင်း လုပ်ငန်း အဆင့်များတွင် ယမ်းခွဲခြင်းနှင့် စက်ကိရိယာများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ် လာနိုင်သည့် ဆူညံသံများကို လျော့ချမည့် နည်းလမ်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

- လုပ်ငန်းဆောင်ရွက်ရာတွင် ယာဉ်၊ ယန္တရားများ လိုအပ်ချက်များကို အနည်းဆုံး အရေအတွက်ဖြင့် အသုံးပြုဆောင်ရွက်ရန်၊
- စက်ယန္တရားများ လည်ပတ်ရာတွင် အသံထိန်းအကာအကွယ်များ တပ်ဆင် အသုံးပြုရန်၊
- ယမ်းခွဲရာတွင် ဆူညံသံနှင့် တုန်ခါမှု သက်သာစေရေးအတွက် (Detonation Relay)များခံ၍ ယမ်းခွဲရန်နှင့် ယမ်းသုံးစွဲမှု ပမာဏ အား ကန့်သတ်သုံးစွဲရန်၊
- ညအချိန်တွင် စက်ယန္တာရားများ မောင်းနှင်ခြင်းကို ရှောင်ရှားရန်၊
- ဆူညံသံထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း ရှိစေရေးအတွက် ဆူညံသံနှင့် တုန်ခါမှုအား တိုင်းတာစစ်ဆေးရန်နှင့် လိုက်နာ ဆောင်ရွက်ရန်၊
- ယမ်းခွဲချိန်တွင် (၂)ကီလိုမီတာ အကွာအဝေးအတွင်း ဖြစ်ပေါ်သည့် ဆူညံသံနှင့် တုန်ခါမှုတို့ကို တိုင်းတာစစ်ဆေးမည်ဖြစ်ပြီး၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) စံချိန်စံညွှန်းများ အတွင်း ရှိ/မရှိ စစ်ဆေးမည်ဖြစ်ပါသည်။ လိုအပ်ပါက ဆူညံသံနှင့် တုန်ခါမှုများအား သတ်မှတ်ချက်အတွင်း ရှိစေရေးအတွက် ဆောင်ရွက် ရမည့် နည်းလမ်းများအား ဖော်ထုတ်ရမည်ဖြစ်ပါသည်။

၇.၃.၂ စွန့်ပစ်ရေစီမံခန့်ခွဲမှု

ခနောက်စိမ်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပေါ်ရေ / မြေအောက်ရေအရည်အသွေးပေါ် ထိခိုက်နိုင်မှုထွက်ရှိမည့်အရင်းအမြစ်နှင့် လျော့ချ မည့်နည်းလမ်းများမှာ -

ထွက်ရှိမည့်အရင်းအမြစ်

ခနောက်စိမ်းတူးဖော်ခြင်းကြောင့် မြေအောက်လှိုဏ်ခေါင်းများမှစိမ့်ထွက်ရေ များ၊ မိုးရာသီကာလတွင်ခနောက်စိမ်းသတ္တုရိုင်းပုံများ၊ စွန့်ပစ်ကျောက်မြေစာပုံများ အားဖြတ်သန်းစီးဆင်းမည့်စွန့်ပစ်ရေများသည် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသရှိ မြေပေါ်ရေ/ မြေအောက်ရေများအား ညစ်ညမ်းစေနိုင်သည့်သည့် အရင်းအမြစ်များ ဖြစ်နိုင်ပါသည်။

လျော့ချမည့်နည်းလမ်း

ခနောက်စိမ်း သတ္တုတူးဖော်ခြင်းလုပ်ငန်းမှ စွန့်ပစ်ရေများအားပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရေသုံးစွဲမှုလျော့ချရေးအတွက် ဆောင်ရွက်မည့်လျော့ချ နည်းလမ်းများမှာ -

- သတ္တုတူးဖော်ရာမှ ထွက်ရှိသည့် မြေအောက်စိမ့်ထွက်ရေများအား တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ စွန့်ပစ်ရေကန်၊ အနည်ထိုင်ကန်များ အတွင်းစီးဝင်စေ၍ ဓာတ်ခွဲစမ်းသပ်ပြီး အမျိုးသားပတ်ဝန်းကျင် အရည်အသွေး(ထုတ်လွှတ်မှု) စံချိန်စံညွှန်းနှင့်ကိုက်ညီမှ စွန့်ပစ်မည် ဖြစ်ပါသည်။ မိုးရေချိန်၊ အနည်ထိုင်မှုများအားတွက်ချက်၍ အနည်ထိုင် ကန်အတိုင်းအတာများ တွက်ချက် တည်ဆောက်မည်ဖြစ် ပါသည်။
- အပေါ်ယံစွန့်ပစ်မြေစာများမှာ အဓိကအနီရင့်ရောင်သက်ရင့် အနည်ကျ နုန်းမြေများဖြစ်ပြီး၊ အက်စစ်ဓာတ် ဖြစ်ထွန်းမှုမရှိ၍ မိုးရာသီ ကာလတွင် ဖြတ်သန်းစီးမည့်ရေများတွင် သတ္တုဓာတ်များပျော်ဝင် ညစ်ညမ်းမှု မရှိနိုင်သော်လည်း၊ နုန်းအနည်အနှစ်များ ပါဝင်နိုင်သဖြင့် စွန့်ပစ်မြေစာ ပုံ၊သတ္တုရိုင်းပုံများနှင့်လုပ်ငန်း ဆောင်ရွက်နေသည့် မြေနေရာများကို ဖြတ်သန်းစီးဆင်းသည့် ရေများအား ရေနုတ်မြောင်း များဖြင့်စုစည်း၍ အနည်ထိုင်ကန်များအတွင်း အနည်ထိုင်စေခြင်း၊ ရေအရည်အသွေး စစ်ဆေးခြင်းပြုလုပ်၍ စွန့်ပစ်ရည်စံချိန်စံညွှန်း များဖြင့် ကိုက်ညီမှ စွန့်ပစ်မည်ဖြစ်ပါသည်။ စွန့်ပစ်မြေစာပုံများအား မိုးရေတိုက်စားမှုမရှိစေရန် အဆင့်များဖော်ခြင်း၊ နံရံများတွင် မြေထိန်း မြက်များ စိုက်ပျိုးခြင်း စသည်ဖြင့် အစီအမံများချမှတ် ဆောင်ရွက်မည် ဖြစ်ပါသည်။

၇.၃.၃ ပတ်ဝန်းကျင်လေထုစီမံခန့်ခွဲမှု

သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမှ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ တွင်လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သည့်သော အချက်များနှင့် လျော့နည်းစေရေးအတွက် ဆောင်ရွက် ရမည့်လုပ်ငန်းများမှာ -

ထွက်ရှိမည့်အရင်းအမြစ်

လမ်းများဖောက်ခြင်း၊ မြေယာများ ရှင်းလင်းခြင်း၊ စွန့်ပစ်မြေစာပုံ နေရာများ ပြုပြင်ခြင်း၊ စွန့်ပစ်ကန်များ အနည်ထိုင်ကန်များတူးဖော်ခြင်း စသည်ဖြင့် မြေယာလုပ်ငန်းများပြုပြင်ခြင်း၊ သတ္တုတူးဖော်မှု လုပ်ငန်းအဆင့်တွင် လွန်တူးခြင်း၊

ယမ်းခွဲခြင်း၊ အပေါ်ယံမြေစာများ ဖယ်ရှားခြင်း၊ သတ္တုရိုင်းများတူးဖော်ခြင်း၊ သတ္တုရိုင်းများနှင့်စွန့်ပစ်မြေစာ များသယ်ယူခြင်း၊ စုပုံခြင်းစသည့် လုပ်ငန်းများမှ အမှုန်အမွှား (Flue Dust)များ ထွက်ရှိခြင်းတို့ကြောင့် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသ၏ လေထုကို ညစ်ညမ်းစေပါသည်။

လျော့ချမည့်နည်းလမ်း

ခနောက်စိမ်း တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထုညစ်ညမ်းမှု လျော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများမှာ-

- မြေအောက်ဥမင်လိုဏ်အတွင်း ယမ်းဖောက်ခွဲခြင်း၊ ယမ်းပေါက်ဖောက်ခြင်း ဆောင်ရွက်ရာတွင် ထွက်ရှိမည့်ကျောက်မှုန့်များ လေထုအတွင်း လွင့်ပါပျံ့နှံ့ခြင်းမရှိစေရန် လွန်ပေါက်များတူးဖောက်ရာတွင် ရေဖြန်းစနစ် တပ်ဆင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။
- သတ္တုရိုင်းများနှင့် စွန့်ပစ်မြေစာများသယ်ပို့ရာတွင် လမ်းများတစ်လျှောက် အမှုန်အမွှားများ၊ ဖုန်မှုန့်များထွက်ရှိမှုလျော့ပါးစေရေး အတွက်သယ်ယူရေးလမ်းကြောင်းအား ရေဖြန်းပေးခြင်း၊ စုပုံကွင်းများတွင် ရေဖြန်းကိရိယာများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။
- သတ္တုရိုင်းများကြိတ်ခွဲရာတွင် ဖုန်မှုန့်ပျံ့လွင့်မှု မရှိစေရေးအတွက် ကြိတ်ခွဲစက်များတွင် အမှုန်အမွှားများနှင့် ဖုန်မှုန့်များ စုပ်မည့်ကိရိယာများ (Dust Collecting System, Bag House) တပ်ဆင်အသုံးပြုမည် ဖြစ်ပါသည်။
- သတ္တုရိုင်းများမပါဝင်သော စွန့်ပစ်ကျောက်များကို ဒေသဖွံ့ဖြိုးရေးအတွက် လမ်းများခင်းကျင်းပေးခြင်း၊ သာသနာရေးအဆောက်အဦများ၊ ပညာရေးအဆောက်အဦများနှင့် စီမံကိန်းအဆောက်အဦများ၊ လမ်းများအစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် ပြန်လည်အသုံးပြုနိုင်ပါသည်။
- လေထုအတွင်း ဖုန်မှုန့်ပျံ့လွင့်မှုများကို တိုင်းတာခြင်းနှင့် လေထုအရည်အသွေး တိုင်းတာခြင်း လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည်။
- စွန့်ပစ်မြေစာပုံများ၊ သတ္တုရိုင်းစုပုံကွင်းများအား တူးဖော်ရေးစခန်း၏ရုံးခန်း၊ စားဖိုဆောင်၊ ဝန်ထမ်းအဆောက်အဦများ စသည်တို့နှင့် အနည်းဆုံး ပေ(၁,၀၀၀)ခန့် အကွာအဝေးတွင် ထားရှိရမည်ဖြစ်ပါသည်။ သတ္တု တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်သည့် ဝန်ထမ်းများအား နှာခေါင်းစည်းများ ဝတ်ဆင်ဆောင်ရွက်စေပါသည်။

၇.၃.၄ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

ခနောက်စိမ်းသတ္တုတူးဖော်ခြင်းလုပ်ငန်းမှ ထွက်ရှိမည့် စွန့်ပစ်ပစ္စည်းနှင့် လျော့နည်းစေရန်ဆောင်ရွက်မည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

သတ္တုတူးဖော်ခြင်းအဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်မှုနှင့်လျော့ချမည့် နည်းလမ်းများ

တူးဖော်ရာတွင် အပေါ်ယံမြေရှင်းလင်းရာမှ ထွက်ရှိသည့် စွန့်ပစ်မြေစာများမှာ သက်ရင့်နုန်းမြေများဖြစ်ပါသည်။ အပေါ်ယံစွန့်ပစ်မြေစာများမှာ သက်ရင့်နုန်းမြေများဖြစ်၍ မြေထုညစ်ညမ်းစေနိုင်သည့်ခြင်းမရှိပါ၊ အပေါ်ယံစွန့်ပစ်မြေစာများအားစုပုံရာတွင်ပြိုကျခြင်း၊ ရေတိုက်စားခြင်းမရှိစေရေးအတွက် စွန့်ပစ်မြေစာပုံအပေါ်တွင်မြေသိပ်သည်းစေရန်ပြုလုပ်ခြင်း၊ ဘေးနံရံများတွင်တိုက်စားခြင်းနှင့် ပြိုကျမှုမရှိစေရန်မြေထိန်းမြက်များ စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် မြေစာပုံဘေးတွင် ရေနုတ်မြောင်းများတူးဖော်၍ အနည်ထိုင်ကန်များမှ ရေကြည်ကိုသာ စေလွှတ်ရန်နှင့် ပြင်ပသို့စေလွှတ်မည့်ရေများအား စောင့်ကြည့်စစ်ဆေးရမည် ဖြစ်ပါသည်။

၇.၃.၅ မြေထုညစ်ညမ်းမှု

ခနောက်စိမ်းအလတ်စား တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေထုညစ်ညမ်းမှု များဖြစ်စေနိုင်သည့် ထွက်ရှိမည့်အရင်းအမြစ်နှင့် လျော့ချမည့်နည်းလမ်းများမှာ-

မြေထုညစ်ညမ်းနိုင်မှုအခြေအနေ

(၁) တူးဖော်ရာမှအပေါ်ယံစွန့်ပစ်မြေစာနှင့် စွန့်ပစ်ကျောက်(Wastematerial)များ ထွက်ရှိပါသည်။ စွန့်ပစ်မြေစာများမှ မြေဆီလွှာ ညစ်ညမ်းစေနိုင်သည့်ခြင်း၊ မြေပေါ်ရေမြေအောက်ရေများ ညစ်ညမ်းစေနိုင်သည့်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့သော်ပါးမိုက်ဒေသ၊ လုပ်ကွက်အတွင်းမှ ထွက်ရှိမည့် စွန့်မြေစာနှင့် စွန့်ပစ်ကျောက်များမှာ အက်စစ်ယိုစီး၍ သတ္တုများပျော်ဝင်ပြီး မြေဆီလွှာညစ်ညမ်းခြင်း၊ မြေပေါ်ရေ၊ မြေအောက်ရေညစ်ညမ်းခြင်းတို့ ဖြစ်ပေါ်နိုင်ခြင်းမရှိပါ။ နောင်ဆောင်ရွက်မည့် လုပ်ငန်းတွင် စွန့်ပစ်မြေစာ၊ စွန့်ပစ်ရေများအား ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်မည် ဖြစ်ပါသည်။

လျော့ချမည့်နည်းလမ်း

(၂) သတ္တုတူးဖော်ခြင်းအဆင့်မှ ထွက်ရှိသော စွန့်ပစ်မြေစာ၊ စွန့်ပစ်ကျောက်များ ထွက်ရှိနိုင်သည့် ပမာဏ၊ ဘူမိနှင့်ဓာတုဆိုင်ရာ အနေအထားများအား စိစစ်၍ စွန့်ပစ်မြေစာပုံ စွန့်ပစ်မည့်အစီအစဉ်၊ မြေစာပုံမည့်နေရာ ပြင်ဆင်ခြင်း၊ မြေစာပုံထားရှိမည့်အမြင့်တို့အားကြိုတင်ပုံစံပြု၍ စနစ်တကျစုပုံထားရှိရမည် ဖြစ်ပါသည်။ ခနောက်စိမ်းပင်မကြောများသို့ ရောက်ရှိပါက မြေအောက်တူးဖော်မှု နည်းစနစ်ကိုအသုံးပြု၍ တူးဖော်မည်ဖြစ်ပြီး၊ ခနောက်စိမ်းအကြောအလိုက်၊ လားရာအတိုင်းတူးဖော်မည်ဖြစ်၍ စွန့်ပစ်ကျောက်ထွက်ရှိမှုမှာ နည်းပါးမည်ဖြစ်ပြီး စွန့်ပစ်ကျောက်များအား သတ္တုပိတ်သိမ်းမှု အကြိုကာလအစီအစဉ်များအနေဖြင့် တူးဖော်ပြီးမြေအောက် လိုဏ်ဂူများအတွင်း ပြန်လည်ဖြည့်တင်းသွားမည်ဖြစ်ပါသည်။

ခနောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းအား မြေအောက် လိုဏ်တူးဖော်မှုစနစ်ဖြင့် တူးဖော်လုပ်ကိုင်ခြင်းဖြစ်ပြီး၊ ခနောက်စိမ်းသတ္တုနှင့်အတူ သတ္တုစွဲဝင် နေသောအိမ်ခံကျောက် (Host Rock)တူးဖော် ဆောင်ရွက်ရခြင်းကြောင့် သတ္တုနှင့် စွန့်ပစ်ကျောက် ထွက်ရှိမှုအချိုးမှာ(၁:၄) ဖြစ်ပါသည်။ (၁)နှစ်အတွက် ခနောက်စိမ်းတန်ချိန် (၃၀၀) တူးဖော်လျှင် စွန့်ပစ်ကျောက်(၁၂၀၀)တန် ထွက်ရှိနိုင်ပါသည်။ စွန့်ပစ်ကျောက်များကို အလျား(၂၀၀)ပေ၊ အနံ(၄၀၀)ပေရှိ (၂)ဧကခန့် ကျယ်ဝန်းသောမြေနေရာတွင် ဖြန့်ကျက်၍ စနစ်တကျကျောက်ရိုးစီ၍ စုပုံထားရှိပါမည်။ စွန့်ပစ်ကျောက်(၁၀၀) ကုဗပေသည် (၄.၅)တန်အလေးချိန်ရှိပါသည်။ အကျယ်အဝန်း (၂)ဧကခန့်ရှိမြေနေရာတွင် အမြင့်(၆)ပေ၊ လျောစောက်(၄၅°)ဖြင့် စွန့်ပစ်ပါက (၁၅)နှစ်ကာလ ထွက်ရှိမည့် စွန့်ပစ်ကျောက်တန် (၁၈၀၀၀)အား စွန့်ပစ်နိုင်ပါသည်။ စွန့်ပစ်ကျောက်များအား ရေရှည်စုပုံထားခြင်းမပြုဘဲဒေသအတွင်း မြို့ပြလုပ်ငန်းများဖြစ်သော ကျေးရွာချင်းဆက်လမ်းများအား ကျောက်ခင်းခြင်း၊ ကျေးရွာလူနေအိမ်များတွင် ဆောက်လုပ်ရေး အသုံးပြုခြင်း၊ တူးဖော်ပြီးသော လိုဏ်ဂူများသို့လည်း ပြန်လည်ဖြည့်တင်းခြင်း ပြုလုပ်မည်ဖြစ်သဖြင့် စွန့်ပစ်ကျောက်အများအပြား စုပုံထားခြင်းမပြု၍ တိုက်စားပြိုကျမှုများ အန္တရာယ်ကြုံတွေ့နိုင်ခြင်းမရှိပါ။ ကျေးရွာလူနေအိမ်ခြေများနှင့် (၁)မိုင်ခွဲ၊ ကုမ္ပဏီဝန်ထမ်းများနေထိုင်ရာ အဆောက်အဦများနှင့်လည်း ပေ(၁၅၀၀)ခန့် ကွာဝေးသည့်အတွက် စွန့်ပစ်ကျောက်များပြိုကျခြင်းမှ ကင်းလွတ်နိုင်မည် ဖြစ်ပါသည်။

စွန့်ပစ်မြေစာပုံများပေါ်တွင် မိုးကာလရွာသွန်းသော မိုးရေများကြောင့် မြေစာများတိုက်စား၍မျောပါပြီး မြေထုညစ်ညမ်းမှု မရှိစေရေးအတွက် မြေစာပုံ ပတ်လည်တွင် မြောင်းများတူးဖော်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာပုံ၏အပေါ်၌ အပေါ်ယံမြေဆွေးများအုပ်၍ သစ်ပင်များ ပြန်လည် စိုက်ပျိုးမည် ဖြစ်ပါသည်။

၇.၃.၆ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု

ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်သည်စီမံကိန်းမှ အသုံးပြုပြီးသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများစွန့်ထုတ်ခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် သိုလှောင်ခြင်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ တူးဖော်ရေးလုပ်ကွက်တွင် အသုံးပြုနေသော ဘေးအန္တရာယ်ရှိပစ္စည်းများမှာ စက်ဆီ၊ချောဆီများနှင့်ပေါက်ကွဲစေတတ်သော ပစ္စည်းများစွန့်ပစ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ -

(၁) ဘေးအန္တရာယ်ရှိ ပစ္စည်းများ နှင့် သုံးစွဲမှုပမာဏများ စာရင်းပြုစု ထားပါမည်။

(၂) တူးဖော်ရေးလုပ်ငန်းများမှ စက်သုံးဆီ၊ အမဲဆီ၊ စက်ဆီချောဆီ အဟောင်းများ နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များထုတ်ပြန်ခြင်း၊ ပညာပေးခြင်းလုပ်ငန်း များ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) အတင်/အချကရိယာ၊ ပြုပြင်ထိန်းသိမ်းရေးဧရိယာများမှ စက်ဆီချောဆီများ၊ အမဲဆီများနှင့် ဘေးအန္တရာယ် ဖြစ်စေသောပစ္စည်းများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သော ပစ္စည်းများဖြစ်သည့်လွှစာမှုန့်၊ သဲ အစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပစ်ပါမည်။

(၄) စွန့်ပစ်စက်ဆီချောဆီများကို သီးသန့်အသုံးပြုပြီးစက်ဆီပုံးများတွင်ထည့်ပြီး မြေကတုတ် နှင့် ကုန်စည်တင်ရန် အခင်းပြားကို အမာခံပြုလုပ်ထားသော နေရာတွင်ထားသိုရန်ဖြစ်ပါသည်။ ထို့အပြင် ဒုတိယအဆင့် ထိန်းချုပ်နိုင်သော ကိရိယာများတပ်ဆင်၍ ရာသီဥတုဒဏ် ခံနိုင်အောင် ပြင်ဆင်ပြီး အသုံးပြုပြီးစက်ဆီပုံးများကို ထားရှိရမည် ဖြစ်ပါသည်။

(၅) အသုံးပြုပြီးစက်ဆီပုံးများတွင်ထည့်ထားသော ပစ္စည်းများအမည်စာရင်းကို မြင်သာအောင် ရေးသားထားပါမည်။

(၆) စက်ဆီ၊ချောဆီများအားပြန်သုံးရန် မသင့်တော်ပါကထားသိုခြင်း၊ မီးရှို့ဖျက်စီးပစ်ခြင်း ဆောင်ရွက်ပါမည်။

(၇) အသုံးမပြုသောယမ်းနှင့်ပေါက်ကွဲပစ္စည်းများကိုယမ်းဖောက်ခွဲရေး ကျွမ်းကျင်သူများမှတာဝန်ယူရှင်းလင်းရပါမည်။

(၈) စက်သုံးဆီယိုဖိတ်မှုများ ရှင်းလင်းခြင်းနှင့် မီးသတ်ကိရိယာများကို အလွယ်တကူ ရရှိအောင် စီစဉ်ထားပါမည်။

(၉) ဝန်ထမ်းများကိုလည်းကောင်း အသုံးပြုမည့်ပစ္စည်းကိရိယာ များအသုံးပြုပုံများကိုသင်တန်းပို့ချပေးထားပါအည်။

(၁၀) စွန့်ပစ် စက်ဆီချောဆီများကို စီမံကိန်းဒေသအတွင်းရှိ မည့်သည့်မြေဆီလွှာနှင့် ရေကန်များပေါ်တွင် လုံးဝစွန့်ထုတ်ခြင်းမပြုပါ ။

(၁၁) ယမ်းနှင့်ဓာတုပစ္စည်းများ စွန့်ပစ်ရာတွင် မြေကျင်းများတူးဖော်ပြီး မိုးကာများ ထည့်သွင်းကာစနစ်တကျထား သိုကာမြေပြန်လည်ဖို့ထားရန်နှင့် အမှတ်အသားများ ထားရှိမည် ဖြစ်ပါသည်။

၇.၃.၇ ဂေဟစနစ်စီမံခန့်ခွဲမှု

ခနောက်စိမ်းအလတ်စား တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့်ပတ်ဝန်းကျင်ဒေသရှိ ဂေဟစနစ်ဖြစ်ထွန်းမှုများအား ထိခိုက်စေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေမည့်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တောတောင်အခြေအနေထိခိုက်မှု

အဆိုပြုလျှောက်ထားသည့် ခနောက်စိမ်းအလတ်စား တူးဖော်ရေးလုပ်ငန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု ပါးမိုက်ဒေသတွင်တည်ရှိပြီး မြေဧရိယာမှာ(၄၉.၅)ဧက ကျယ်ဝန်းပါသည်။ လုပ်ကွက် သည် ရှမ်းကုန်းမြေမြင့်တွင် တည်ရှိသောကြောင့် တောတောင်ထူထပ်ပြီး အမြင့်ဆုံးနေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၇၅၀)ရှိ၍ အနိမ့်ဆုံးလွင်ပြင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၀၀၀)ခန့် မြင့်ပါသည်။ လုပ်ကွက်သည် ရှမ်းကုန်းမြေမြင့်တွင်တည်ရှိသောကြောင့် တောတောင်ထူထပ်ပြီး သဘာဝပေါက်ပင် အနေဖြင့် သစ်ယာ၊ ကညင်၊ မအူ၊ လက်ပံနှင့် ဝါးမျိုးစုံများပေါက်ရောက်ပါသည်။ စက်မှုဆိုင်ရာနှင့်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦးများဆောက်လုပ်ရန် မြေနေရာများ ရှင်းလင်းခြင်း၊ စွန့်ပစ်မြေစာပုံနေရာများ သတ်မှတ်ခြင်း၊ အနည်ထိုင်ကန်များ တည်ဆောက်ရန် မြေနေရာများ ရှင်းလင်းခြင်း၊ လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖုန်မှုန့်များထွက်ရှိခြင်း၊ စက်ယန္တရားများမှ ဓာတ်ငွေ့များထွက်ရှိခြင်း၊ သတ္တုတူးဖော်မှု ဆောင်ရွက်ခြင်း စသည့် အချက်များကြောင့် ဂေဟစနစ်ဖြစ်ထွန်းမှုအား ထိခိုက်စေနိုင်ပါသည်။

လျော့ချမည့်နည်းလမ်း

- မြေနေရာများရှင်းလင်းမှု နည်းပါးစေရေးအတွက် စက်မှုနှင့်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦးများ တည်ဆောက်ရာတွင် လိုအပ်သည့် အနည်းဆုံးအရေအတွက်ကိုသာ တည်ဆောက်မည် ဖြစ်ပါသည်။
- စွန့်ပစ်မြေစာများ စုပုံခြင်း၊ သတ္တုရိုင်းများ စုပုံခြင်း ပြုလုပ်ရန်အတွက် မြေယာပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်ပင် ပေါက်ရောက်မှု နည်းပါးသော နေရာများအား ရွေးချယ်ဆောင်ရွက် ပါမည်။ လုပ်ငန်းများတွင် မြေအသုံးချမှု အနည်းဆုံး ဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။
- လုပ်ကွက်အတွင်းရှိ သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည်ဖြစ်ပါသည်။
- မြေအသုံးချမှုများအတွက် ဆုံးရှုံးသော သစ်ပင်များအား အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပါမည်။

(ခ) ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအား ထိခိုက်မှု

လုပ်ကွက်နယ်မြေအတွင်း အမျိုးသားအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး နယ်မြေများ၊ သိပ္ပံပညာရပ်ဆိုင်ရာထိန်းသိမ်ထားသော နယ်မြေ၊ ဘူမိရုပသဆိုင်ရာ ထိန်းသိမ်းထားသော အထင်ကရနေရာများ ပါဝင်မှုမရှိပါ။ ရှားပါးသော တိရိစ္ဆာန်များ၊ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေးအာဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်းတွေ့ရှိရပါသည်။ လုပ်ငန်းဆောင်ရွက်မှုမှ သစ်တောသစ်ပင် ပြုန်းတီးမှု၊ မြေပေါ်ရေ၊ မြေအောက်ရေညစ်ညမ်းမှု၊ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှုတို့မှ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှု အခြေအနေများအား ထိခိုက်မှု ရှိနိုင်ပါသည်။

လျော့ချမည့်နည်းလမ်း

- လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်။
- ဇီဝမျိုးစုံမျိုးကွဲဖြစ်ထွန်းမှု ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့်လေထုညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါ သည်။
- စွန့်ပစ်ရေများစီမံကိန်းပြင်ပသို့ရောက်ရှိနိုင်၍ ရေထုညစ်ညမ်းမှု မရှိစေရေး အတွက်စီမံဆောင်ရွက်မည် ဖြစ်ပါသည်။
- တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုမီ လက်ရှိပတ်ဝန်းကျင် အခြေအနေတွင် ဇီဝမျိုးစုံမျိုးကွဲ ဖြစ်ထွန်းမှုအခြေအနေများအား မှတ်တမ်းပြုစုထားမည် ဖြစ်ပါသည်။

၇.၃.၈ လူမှုဝန်းကျင်အပေါ်ထိခိုက်မှု

အဆိုပြုလျှောက်ထားသည့် ခနောက်စိမ်းအလတ်စား တူးဖော် ရေးလုပ်ငန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင်တည်ရှိပြီး ခနောက်စိမ်းလုပ်ကွက်နှင့် အနီးဆုံးတည်ရှိသည့် ပါးမိုက်ကျေးရွာမှာ (၁.၅)မိုင်ခန့်ကွာဝေးပါသည်။ ခနောက်စိမ်းတူးဖော်ထုတ်လုပ်မှု လုပ်ငန်းများကြောင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုနှင့် လျော့ချမည့် နည်းလမ်းများမှာ -

ထွက်ရှိမည့်အရင်းအမြစ်

လုပ်ကွက်အတွင်း သတ္တုတူးဖော်ခြင်း၊ ယမ်းခွဲခြင်း၊ သတ္တုရိုင်း များ နှင့် စွန့်ပစ်မြေစာများ သယ်ယူပို့ဆောင်ခြင်း၊ စုပုံခြင်းတို့မှ အမှုန်အမွှားများ၊ ဖုန်မှုန့်များထွက်ရှိပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ လေထုညစ်ညမ်းမှုမှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားနိုင်ခြင်း၊

ဆူညံသံနှင့်တုန်ခါမှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား အနှောက်အယှက် ဖြစ်စေနိုင်သည့်ပါသည်။ ယမ်းခွဲမှုနှင့် စက်ယန္တရားများ လည်ပတ်ရာမှ ဆူညံသံများ ထွက်ပေါ်ခြင်းမှာလည်း လူမှုဝန်းကျင်အားအနည်းငယ် ထိခိုက်မှု ရှိစေနိုင်ပါသည်။

လျော့ချမည့်နည်းလမ်း

ခနောက်စိမ်းတူးဖော်မှုလုပ်ငန်းမှ လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် အချက်များလျော့ချမည့် နည်းလမ်းများမှာ -

- လုပ်ငန်းများဆောင်ရွက်မှုကြောင့် ဖုန်မှုန့်ထွက်ရှိမှု အနည်းဆုံးဖြစ်စေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာခြင်း၊ ဖုန်မှုန့် ပျံ့လွင့်မှု လျော့ချရေးအတွက် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။
- ယမ်းခွဲရာမှ ဖြစ်ပေါ်သောတုန်ခါမှုအား အနီးပတ်ဝန်းကျင် ကျေးရွာများသို့ တုန်ခါမှုသက်ရောက်ခြင်းမရှိစေရေးနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်အတွင်း ရစေရေးတို့အတွက် ယမ်းခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလတစ်လျှောက် (Detonating Relay) များသုံးခြင်း နှင့် ယမ်းသုံးစွဲမှုအား ကန့်သတ်သုံးစွဲပါမည်။
- အများပြည်သူမှ ကန့်ကွက်မှုများ ဖြစ်ပေါ်လာပါက ယမ်းခွဲမှုကြောင့် ဖြစ်ပေါ်သည့်တုန်ခါမှုအား လုပ်ကွက်အတွင်း နှင့်လုပ်ကွက်ပြင်ပတွင် ယမ်းခွဲသည့်နေရာမှ အကွာအဝေးများ သတ်မှတ်ပြီး၊ တုန်ခါမှု၊ ဆူညံသံများကို တိုင်းတာစစ်ဆေး၍ သတ်မှတ်ချက်အတွင်း ရှိစေရေးအတွက် ဆောင်ရွက်ပါမည်။
- လုပ်ကွက်အတွင်း ဝန်ထမ်းများခန့်ထားရာတွင် ဒေသခံများအား ဦးစားပေး ခန့်ထားရန်ဖြစ်ပါသည်။
- လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု၊ လျော့ချရေး ဆောင်ရွက်မည့်အစီအစဉ်များအား ဒေသခံများအား ရှင်းလင်းတင်ပြခြင်း၊ ဒေသခံများထံမှ အကြံဉာဏ်များရယူခြင်း လိုလားချက်များ ဆွေးနွေးခြင်း ဆောင်ရွက်ပါမည်။
- ဒေသတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များဇယား

စဉ်	အကြောင်းအရာနှင့် နယ်ပယ်များ	ထွက်ရှိမည့်အရင်းအမြစ်နှင့် ထိခိုက်နိုင်မှုများ	လျှော့ချဆောင်ရွက်မည့် နည်းလမ်းများ	ဆောင်ရွက်မည့်နေရာ	ဆောင်ရွက်မည့် အစီအစဉ်
၁	**မြေမျက်နှာပြင်/မြေဆီလွှာ**				
	မြေဆီလွှာပျက်စီးခြင်း	စီမံကိန်းနေရာရှင်းလင်းခြင်း အပေါ်ယံမြေလွှာဖယ်ရှားခြင်း သစ်/ဝါးထုတ်ယူသုံးစွဲခြင်း	အနည်းဆုံးပမာဏကိုသာဖယ်ရှားခြင်း၊သီးခြားစုပုံ၍ ဆုံးရှုံးမှုမရှိစေရန် ဖုံးအုပ်ထားရှိခြင်း။ မိုင်းပိတ်သိမ်းချိန်တွင်မြေဆီလွှာပြန်လည်ဖုံးအုပ်ခြင်း။မြေအရည်အသွေး ပြန်လည်တိုင်းတာစစ်ဆေးခြင်း။ သစ်ပင်အစားထိုးစိုက်ပျိုးခြင်း။ သစ်/ဝါး ထုတ်ယူသုံးစွဲခြင်းမပြုပါ။	စီမံကိန်း အခြေစိုက်နေရာ Primary Zone Secondary Zone	တည်ဆောက်ရေးအဆင့်၊ ထုတ်လုပ်ရေးအဆင့်၊ မိုင်းပိတ်သိမ်းခြင်းအဆင့်၊
	သစ်တောမြေများဆုံးရှုံးနိုင်ခြင်း	စီမံကိန်းအဆောက်အဦများ	ယာယီအဆောက်အဦများ၊ အနည်းဆုံးအရေအတွက်သာ တည်ဆောက်အသုံးပြုခြင်း။	အခြေစိုက်စခန်း၊ နေရာ	အကြိုတည်ဆောက်ရေးကာလ၊ တည်ဆောက်ရေးကာလ၊
	မြေလွှာပြတ်ရွှေ့၊ ကျွံကျခြင်း	လိုဏ်ပေါက်နှင့်လိုဏ်ခန်းများ၊ ကျင်းဟောင်း၊ ကလိုဏ်ဟောင်း	လိုဏ်ပေါက်နှင့် လိုဏ်ခန်းများ၊ ဒေါက်တိုင်များခိုင်ခံ့အောင်ပြုလုပ်ခြင်း၊ ပြန်လည်ဆို့ခြင်း၊ Back Filling စနစ် အသုံးပြုခြင်း။	မြေအောက်လုပ်ငန်းခွင်	ထုတ်လုပ်ရေးကာလ မိုင်းပိတ်သိမ်းကာလ
၂	**ဆူညံသံနှင့် တုန်ခါမှု**				
	အင်ဂျင်သံ	မီးစက်၊ လေမှုတ်စက် ယာဉ်ကြီးများ	အသံလုံကိရိယာပါသောစက်များ အသုံးပြုခြင်း၊ စက်များကြံ့ခိုင်မှု ပုံမှန်ပြုလုပ်ခြင်း။	အင်ဂျင်ခန်းများ	တည်ဆောက်ရေးကာလ ထုတ်လုပ်ရေးကာလ
	ဖောက်စက်များ၏အသံ	ကျောက်ဖောက်စက်များ	Ear Plug အသုံးပြုခြင်း၊ လုပ်သားများအလှည့်ကျ စနစ်ဖြင့် တာဝန်ပေးအပ်ခြင်း(Job Rotation)	မြေအောက်လုပ်ငန်းခွင်	တည်ဆောက်ရေးကာလ ထုတ်လုပ်ရေးကာလ
	ပေါက်ကွဲသံ	ယမ်းဖောက်ခွဲခြင်း	အချိန်သတ်မှတ်ထားခြင်း၊ ယမ်းအား လျှော့ချခြင်း၊	မြေအောက်လုပ်ငန်းခွင်	ထုတ်လုပ်ရေးကာလ လိုဏ်ကျင်းများ ဖောက်လုပ်ချိန်

၃	**မြေပေါ်ရေအရည်အသွေး**				
	ရေအရင်းမြစ်ဆုံးရှုံးခြင်း	မြေအောက်ရေထိန်းသိမ်းအသုံးပြုခြင်း၊ သစ်တော/သစ်ပင်ပျက်စီးခြင်း	အစားထိုးသစ်ပင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း ထင်းအစားထိုး လောင်စာ/လျှပ်စစ်မီးရရှိရန် စီစဉ်ခြင်း။ Recycle စနစ်သုံးခြင်း။	မြေလွှတ်မြေရိုင်းများ	စီမံကိန်းကာလအတွင်း
	နုန်းအနည်အနှစ်	ဖြုန်းစာရည်စွန့်ပစ်ခြင်း သတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း	နုန်းစစ်ကန်ပြုလုပ်ခြင်း၊ အနည်ထိုင်စေခြင်း၊ ထုံးခဲတတ်ထည့်ပေးခြင်း၊ ရေ PH တိုင်းတာစစ်ဆေးခြင်း။	သတ္တုသန့်စင်ထုတ်လုပ်ခြင်း Tailing Dam	ထုတ်လုပ်ရေးအဆင့်
	စက်သုံးဆီများ ပျံ့လွင့်ခြင်း	စက်သုံးဆီကန်များ စိမ့်ထွက်ခြင်း ဆီဟောင်းများ စွန့်ပစ်ခြင်း။	လုံခြုံမှု ဂရုပြု၍ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ စွန့်ပစ်ဆီကန် အသုံးပြုခြင်း။	ဆီသိုလှောင်ရုံ	စီမံကိန်းကာလအတွင်း
၄	**မြေအောက်ရေအရည်အသွေး**				
	ရေသယံဇာတ စုပ်ထုတ်ခြင်း	သစ်တော/သစ်ပင်ပြုန်းတီးခြင်း။	သစ်ပင်များ အစားထိုးစိုက်ပျိုးခြင်း၊ Green Belt အစီအစဉ်ဆောင်ရွက်ခြင်း	မြေလွှတ်/မြေလပ်များ ဖုန်းဆိုးတောများ	မိုးရာသီကာလ နှစ်စဉ်ဆောင်ရွက်ခြင်း
	ရေထွက်ရှိမှုလျော့နည်းခြင်း	မြေအောက်ရေလမ်းကြောင်းများ ပြောင်းလဲခြင်း	မလိုအပ်သော ကျင်းများ၊ လှိုဏ်များအား စနစ်တကျပိတ်သိမ်းခြင်း၊ Recycle စနစ်ကျင့်သုံးခြင်း။	မြေအောက်လှိုဏ်များ	စီမံကိန်းကာလအတွင်း
၅	**လေအရည်အသွေး**				
	အမှုန်အမွှား/ဖုန်ပျံ့လွင့်မှု	ယာဉ်ကြီးများ သွားလာခြင်း	အမြန်နှုန်းလျှော့ချအသုံးပြုခြင်း၊ ၅၀ % လျှော့ချခြင်း	လုပ်ငန်းခွင်အတွင်း လမ်းများ	စီမံကိန်းကာလအတွင်း
	အမှုန်အမွှား/ ဖုန်ပျံ့လွင့်ခြင်း	လမ်းများပေါ်မှ ပျံ့လွင့်ခြင်း	ရေဖြန်းစနစ်၊ Green Belt စနစ် ကျင့်သုံးခြင်း	လုပ်ငန်းခွင်အတွင်းလမ်းများ	စီမံကိန်းကာလအတွင်း
၆	**တောတောင်/သစ်ပင်**				
	တောတောင်ပျက်စီးခြင်း	ဟင်းလင်းဖွင့် တူးဖော်ခြင်း	မြေအောက်တူးဖော်ခြင်းစနစ်သုံးရန်	စီမံကိန်း+ပြင်ပဧရိယာ	စီမံကိန်းကာလအတွင်း
	သစ်ပင်များ ပျက်စီးခြင်း	မြေနေရာရှင်းလင်းဖော်ထုတ်ခြင်း	လိုအပ်သလောက်သာ ဆောင်ရွက်/အစားထိုးစိုက်ပျိုးခြင်း	စီမံကိန်း+ပြင်ပဧရိယာ	စီမံကိန်းကာလအတွင်း
၇	**ဂေဟစနစ်**				
	သဘာဝပေါက်ပင်မျိုးစိတ်များ	ရာသီဥတုဖောက်ပြန်ခြင်း	သစ်တောသစ်ပင်ထိန်းသိမ်း/အစားထိုးစိုက်ပျိုးခြင်း	စီမံကိန်း+ပြင်ပဧရိယာ	စီမံကိန်းကာလအတွင်း
	တောရိုင်းတိရိစ္ဆာန်များ	နေထိုင်ကျက်စားရာနေရာ ပျောက်ကွယ်ခြင်းနှင့်အမဲလိုက်ခြင်း	လူထုပညာပေးရေးအစီအစဉ်များ	စီမံကိန်း+ပြင်ပဧရိယာ	စီမံကိန်းကာလအတွင်း
	ငှက်မျိုးစုံ	နေထိုင်ကျက်စားရာနေရာ ပျောက်ကွယ်ခြင်းနှင့်အမဲလိုက်ခြင်း	လူထုပညာပေးရေးအစီအစဉ်များ	စီမံကိန်း+ပြင်ပဧရိယာ	စီမံကိန်းကာလအတွင်း

၈	**လူမှုပတ်ဝန်းကျင်**				
	ကိုယ်ပိုင်မြေ/စိုက်ပျိုးမြေ ဆုံးရှုံးခြင်း	စီမံကိန်းကြောင့် ရွှေ့ပြောင်းရခြင်း	မလွတ်ကင်းမှုရှောင်ကွင်းခြင်း၊ အစားထိုးစီစဉ်ပေးခြင်း	စီမံကိန်း ဧရိယာ	တည်ဆောက်ရေးကာလ
	မြေအသုံးချမှုအလေ့အထ	ပြည်သူလူထုစိတ်ပါဝင်စားမှု	စိုက်ပျိုးသီးနှံဖွံ့ဖြိုးရေးပညာပေးခြင်း	စီမံကိန်း ဧရိယာ	တည်ဆောက်ရေးကာလ
	စွန့်ပစ်ပစ္စည်းအစိုက်အခဲ	ကျောက်ရိုင်းဖြုန်းစုပုံခြင်း	ဒေသဖွံ့ဖြိုးရေးကွန်ကရစ်လမ်း/ တံတားများတွင် အသုံးပြုခြင်း	ဒေသဖွံ့ဖြိုးရေး ဧရိယာ	စီမံကိန်းကာလ
	စွန့်ပစ်ပစ္စည်းအရည်	သတ္တုသန့်စင်ရာမှ ထွက်ရှိသောရေ ရွှေကျင်သည့် ဖြုန်းစာရေ လုပ်သား ဝန်ထမ်းများ၏စွန့်ပစ်ရေ	Tailing Dam စနစ်တကျပြုလုပ်ခြင်း၊ ထုံးခဲတ် များထည့်ပေးခြင်း၊ Nutralize စနစ် ရေအရည် အသွေး စစ်ဆေးတိုင်းတာခြင်း၊ Liner များ အသုံးပြုခြင်း။	Tailing Pond များ ရေသန့်စင်သည့်နေရာ	စီမံကိန်းကာလ
၉	**ကျန်းမာရေး**				
	မြေအောက်လေထုအခြေအနေ	အောက်ဆီဂျင် ပြတ်လတ်ခြင်း	လေမှုတ်စက်များ ပြည့်စုံကောင်းမွန်စေရန် စီမံခြင်း၊ အရန်အောက်ဆီဂျင်စနစ်ထားရှိခြင်း။	မြေအောက်လုပ်ငန်းခွင်	စီမံကိန်းကာလ
	ကူးစက်ရောဂါ မပြန့်ပွားရေး	ကျန်းမာရေးစောင့်ရှောက်မှု	လုပ်သားများနှင့် ပြည်သူ၊လူထု အသိပညာ မြှင့်တင်ပေးခြင်း၊ ဆေးရုံဆေးခန်းနှင့် ဆရာဝန် သူနာပြုများစီစဉ်ထားခြင်း	လုပ်ငန်းဧရိယာ +ပြင်ပ ဧရိယာ	စီမံကိန်းကာလ
	လုပ်ငန်းခွင်ဘေးအန္တရာယ်	မတော်တဆမှုများ	လုပ်ငန်းသုံးပစ္စည်းများ၊ စနစ်တကျရှိစေခြင်း လုံခြုံမှုအစီအမံများ၊ ကောင်းမွန်ပြည့်စုံစေခြင်း မြေအောက်တွင် အသက်ကယ်ပစ္စည်း၊ ဆေးဝါး၊ ရေနှင့် အစားအသောက်များ ကြိုတင်စီမံထားခြင်း	လုပ်ငန်းခွင် ဧရိယာ	စီမံကိန်းကာလ

ထိခိုက်မှုဖော်ထုတ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများဖော်ဆောင်ရေးအဖွဲ့			
စဉ်	**အမည်**	**ရာထူး**	**တာဝန်**
၁	ဦးစန်းဝင်းမောင်	အဖွဲ့ခေါင်းဆောင်	စီမံကိန်းကာလ
၂	ဦးခွန်စိန်ထူးအောင်	လုပ်ကွက်တာဝန်ခံ	စီမံကိန်းကာလ
၃	ဦးကျော်နိုင်	မိုင်းနှင်းအင်ဂျင်နီယာ	စီမံကိန်းကာလ
၄	ဦးတင့်အောင်	အကြီးတန်းဘူမိပညာရှင်	စီမံကိန်းကာလ

ထိခိုက်မှုဖော်ထုတ်ခြင်းနှင့်လျော့ပါးစေရေးအတွက် ရန်ပုံငွေလျာထားချက်

စဉ်	အကြောင်းအရာ	ဆောင်ရွက်မည့်လုပ်ငန်းများ	ရန်ပုံငွေ(ကျပ်သိန်း)
၁	မြေဆီလွှာထိန်းသိမ်းခြင်း	မြေပြုပြင်ခြင်း၊ မြေဆွေးဖို့ခြင်း	၃၀၀,၀၀၀
၂	လေထု၊ရေထု၊ဆူညံမှု	ဓာတ်ခွဲစမ်းသပ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်းစရိတ်	၃၀၀,၀၀၀
၃	သစ်တောထိန်းသိမ်းခြင်း	သဘာဝပေါက်ပင်များထိန်းသိမ်းခြင်း၊ အစားထိုး အပင်များစိုက်ပျိုးခြင်း	၅၀၀,၀၀၀
၄	ဝန်ထမ်းများအကာအကွယ်	လုပ်ငန်းခွင် အကာအကွယ်ပစ္စည်းများ ဝယ်ပေးခြင်း	၃၀၀,၀၀၀
၅	ဂေဟစနစ်	လူထုပညာပေးရေး လက်ကမ်းစာစောင် ဗီနိုင်း ထုတ်	၂၀၀,၀၀၀
၆	လူမှုပတ်ဝန်းကျင်	ဒေသဖွံ့ဖြိုးရေး၊ လမ်း/တံတားပြုပြင် ထိန်း သိမ်းခြင်း	၃၀၀,၀၀၀
၇	ကျန်းမာရေး	ကျေးရွာလူထု ကျန်းမာရေးစောင့်ရှောက်ခြင်း	၃၀၀,၀၀၀
		စုစုပေါင်း	**၂,၂၀၀,၀၀၀ သိန်း**

မှတ်ချက်။ အမှတ်စဉ်(၂)ပါ ၊ လေထု၊ ရေထု၊ ဆူညံမှု တိုင်းတာခြင်းအား ကုမ္ပဏီမှ စက်ပစ္စည်းကရိယာများဝယ်ယူပြီး တိုင်းတာခြင်း ဆောင်ရွက်မည်ဖြစ်၍ ခရီးသွားလာခြင်းစရိတ်သာ ကုန်ကျမည်ဖြစ်ပါသည်။

အခန်း(၈)

အန္တရာယ်ဖြစ်နိုင်ခြေကိုဆန်းစစ်ခြင်း

အောက်ဖော်ပြပါအချက်များပါဝင်သော လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်အား ရေးဆွဲထားရှိဆောင်ရွက်ပါမည်-

ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက်ကြိုတင်ပြင်ဆင်ရမည့် အဆင့် (၁၀) ဆင့်

အဆင့် - ၁
ပါဝင်ရမည့်သူများ၏ အဆင့်နှင့် တာဝန်သတ်မှတ်ရန်

↓

အဆင့် - ၂
ပြင်ပလုပ်ငန်းများ၏ လုံခြုံမှုအစီအမံများ လေ့လာခြင်း

↓

အဆင့် - ၃
လက်ရှိ ကျင့်သုံးနေသော လုံခြုံမှုအစီအမံများကိုပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ခြင်း

↓

အဆင့် - ၄
ဆောင်ရွက်ရမည့် ဌာနခွဲအလိုက် တာဝန်များခွဲခြားသတ်မှတ်ခြင်း

↓

အဆင့် - ၅
ရည်မှန်းချက်တာဝန်အရ လိုအပ်သော အထောက်အကူပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ခြင်း

↓

အဆင့် - ၆
ဌာနခွဲများ၏ တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်း၍နောက်ဆုံးအဆင့် ဘောတူညီချက်ရယူခြင်း

↓

အဆင့် - ၇
နောက်ဆုံးအဆင့် စီမံချက်ရေးဆွဲခြင်းနှင့် ကုမ္ပဏီရုံးချုပ်၏အတည်ပြုချက် ရယူခြင်း

↓

အဆင့် - ၈
စမ်းသပ်အသုံးပြုခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ရေးဆွဲခြင်း

↓

အဆင့် - ၉
သက်ဆိုင်ရာလူထုအဖွဲ့အစည်းများ၊ ကုမ္ပဏီဝန်ထမ်းများပါဝင်သော ပညာပေးအစီအစဉ်ဆောင်ရွက်ခြင်း

↓

အဆင့် - ၁၀
လုပ်ငန်းခွင်နှင့် သက်ဆိုင်သူများအားလုံး ပညာပေးလေ့ကျင့်ခြင်း

၈.၁ အရေးအပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းစီမံချက်

- အရေးပေါ်အခြေအနေ အချက်ပေးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဝန်ထမ်း၊ လုပ်သားအားလုံး အနီးဆုံးဆက်သွယ်ရေးကိရိယာ ရှိရာနေရာသို့ စုစည်း သွားရောက်နိုင်စေရန် စီမံထားခြင်း။
- ဝန်ထမ်း၊ လုပ်သားအားလုံး လေထု/ရေထု ညစ်ညမ်းခြင်း လက္ခဏာများ၊ အနံ့အသက်၊ အငွေ့ စသည်တို့ကို ကြိုတင်ရှင်းလင်းအသိပေးထားခြင်း။
- ဆင့်ကဲဆင့်ကဲ သတင်းပို့စနစ်နှင့် အချက်ပြစနစ်များအား ကြိုတင်ရှင်းလင်း သင်ကြားလေ့ကျင့်ပေးထားခြင်း။
- လုပ်ငန်းခွင် ဘေးအန္တရာယ်ရှိသော နေရာ၊ ဌာနမှ ဝန်ထမ်း/လုပ်သားများ အမြန်ဆုံးထွက်ခွာစေခြင်း၊ လုံခြုံဘေးကင်းသော နေရာသို့ အမြန်ဆုံးရောက်ရှိရေး သတိပေးချက်နှင့် အချက်ပြစနစ်များ တပ်ဆင်ခြင်း၊ ကြိုတင်ဇာတ်တိုက်ခြင်း၊ လေ့ကျင့်ခြင်း။
- ကြိုတင်သတ်မှတ် ဖွဲ့စည်းထားသော တုံ့ပြန်ရေးအဖွဲ့များမှ သတ်မှတ်နေရာအလိုက် စုစည်းခြင်း၊ သက်ဆိုင်ရာ အပိုင်းလိုက် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။ (ဥပမာ - မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ သူနာပြုအဖွဲ့)
- အဆိပ်အတောက်ဖြစ်စေမည့် ဓာတုဗေဒ၊ ပိုးမွှားပျော်ဝင်ပစ္စည်းများ၊ ပျံ့နှံ့ဝင်ရောက်ခြင်းရှိ/မရှိ စမ်းသပ်စစ်ဆေးသည့်ကိရိယာများ အသင့်ထားရှိခြင်း။
- ရေသန့်နှင့် အစားအသောက်များ အချိန်မီ ထောက်ပံ့ဖြည့်တင်းနိုင်မည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း။
- နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သော ဖြစ်ရပ်များအတွက် ကြိုတင်စဉ်းစား သုံးသပ်ကာ ရှင်းလင်းရေးအစီအစဉ်များအား ရေတို/ရေရှည် စီမံကိန်းများ ဆောင်ရွက် သွားခြင်း။

၈.၂ အန္တရာယ်ရှိစေသော ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ

- စီမံကိန်းဧရိယာအတွင်း ဘေးအန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ကြိုတင် သတ်မှတ် အသိပေးထားခြင်း။
- မည်သည့် ပစ္စည်းအတွက် မည်သူမှာ အဓိက တာဝန်ရှိသူဖြစ်ကြောင်း ကြိုတင် သတ်မှတ်ပေးထားခြင်း။
- အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း ပြုလုပ်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် မည်မျှ သက်ရောက်မှုရှိနိုင်ကြောင်း ရှင်းလင်းအသိပေးထားခြင်း။
- လိုအပ်ချက်၏ အနည်းဆုံးပမာဏကိုသာ အသုံးပြုခြင်းဖြစ်အောင် စီမံ ဆောင်ရွက်ခြင်း။
- ကြိုတင်သိရှိနိုင်သော အာရုံခံစနစ်များ တပ်ဆင်ထားသည့် သိုလှောင်ရုံများ တည်ဆောက်သိမ်းဆည်းထားခြင်း။

- လုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်း။
- မမျှော်မှန်းနိုင်သော မတော်တဆမှု ဖြစ်စဉ်/ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချပေးနိုင်မည့် တုံ့ပြန်မှုအစီအမံများ၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း ရှင်းလင်းလွယ်ကူစွာ စီမံထားရှိခြင်း။
- နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအား ရှောင်လွှဲနိုင်မည့် စောင့်ကြပ်ကြည့်ရှုရေးနှင့် စုံစမ်းစစ်ဆေးရေးအစီအမံများ ထားရှိခြင်း။
- စီမံကိန်းနှင့် အလားတူလုပ်ငန်းများ၏ ပြည်တွင်း/ ပြည်ပဖြစ်စဉ်/ ဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အလားတူ ဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ကြိုတင်မှန်းဆ ရှောင်လွှဲခြင်း။

၈.၃ လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ခြင်း ဆောင်ရွက်မှုများ

- မြေအောက်လိုဏ်ဂူတူးဖော်ရာတွင် 25HP (၃) ဘီး၊ ဝိုးလုပ်ဒါနှင့် (၁၀)ဘီးတို့ကို အသုံးပြုသောကြောင့် အမြဲတစေစစ်ဆေးခြင်း၊ တာဝန်ထမ်းဆောင်နေစဉ် ထမ်းဆောင်သူ၏ စိတ်ရောကိုယ်ပါ လုပ်ငန်းထဲအချိန်ပြည့် စိတ်ဝင်စားစွာ တာဝန်ထမ်းဆောင်စေပါသည်။ ယာဉ်/ယန္တရားများ ပုံမှန်အလုပ်လုပ်နိုင်စေရန် စက်မှုကျွမ်းကျင်သူများမှ ပုံမှန်စစ်ဆေး၍ ကြံ့ခိုင်ရေးပြုလုပ်စေပါသည်။
- မြေပြိုခြင်းကြောင့် မတော်တဆထိခိုက်မှုမရှိစေရေးအတွက် မိမိလုပ်ကိုင်နေသော မြေအမျိုးအစား၊ ကျောက်အမျိုးအစား၊ တည်ငြိမ်မှု အားနည်းသော/ ကောင်းမွန်သော စသည့်အချက်များကို ခွဲခြားလေ့လာနိုင်သည့် တတ်ကျွမ်းသော ပညာရှင်များကို အနီးကပ်ကြီးကြပ်စေပါသည်။ မြေအမျိုးအစားအလိုက် လိုအပ်သော အထိန်းအထောက်များ တပ်ဆင်စေပါမည်။ တပ်ဆင်ထားသော သစ်သားထောက်များ၊ အကာများနှင့် အမိုးများ၏ အခြေအနေကို အမြဲလေ့လာ စစ်ဆေးကြည့်ရှု စေပါသည်။
- မြေအောက်သို့ လုပ်ငန်းများ တစ်ဆထက် တစ်ဆတိုးချဲ့ကျယ်ပြန့်၍ နက်လာသည်နှင့် အမျှ၊လေနှင့်အလင်းရောင်ပို၍ လိုအပ်ပါသည်၊ အလင်းရောင်မလုံလောက်မှုကြောင့် မတော်တဆထိခိုက်မှု မရစေရေးအတွက် မြေပေါ်မှ အထောက်အပံ့ပစ္စည်းများ မပြတ်မနေလိုအပ်ပါသည်။ စနစ်တကျတူးဖော်ထားသောပင်မလိုဏ်ဂူမှ တစ်ဆင့် မြေအောက်လုပ်ငန်းခွင့်များသို့လေပေးစက်များ၊ လေပေးပန်ကာများဖြင့် လေပိုက်များကို စနစ်တကျသွယ်တန်း၍ လေပေးသွင်းပါသည်။
- မြေအောက်အလင်းရောင် ရရှိရေးအတွက် လျှပ်စစ်မီးစက်များဖြင့် လုပ်ကွက်များတွင် လျှပ်စစ်မီးသီးများ ထွန်းပေးခြင်း၊ ပင်မလိုဏ်ဂူများတွင် ပုံသေလျှပ်စစ်မီးပွင့်များ

ထွန်းပေးထားပါသည်။လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ် အသုံးပြုရာတွင် လျှပ်စစ်ကျွမ်းကျင်သူ အသိအမှတ်ပြု လက်မှတ်ရသူများသာ စနစ်တကျ တာဝန်ပေး ဆောင်ရွက်စေပါသည်။

၈.၄ အရေးပေါ်အခြေအနေတစ်ခုအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနများ

- ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့။
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ။
- မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ။
- အစိုးရဆေးရုံ/ ဆေးခန်းနှင့် ပုဂ္ဂလိက ဆေးခန်းများ။
- လူမှုကူညီရေး ပရဟိတ အသင်းများ။
- အမှတ်(၁) သတ္တုတွင်းလုပ်ငန်းရုံးခန်းခွဲ။
- နယ်မြေခံသစ်တောဦးစီးဌာနနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ရုံးခွဲများ။
- ကုမ္ပဏီရုံးချုပ်။
- မိတ်ဖက်ကုမ္ပဏီလုပ်ငန်းရုံးခွဲများ။

၈.၅ အရေးပေါ်ဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့

၁။	ဦးခွန်ကြည်ရအောင်	ဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
၂။	ဦးခွန်စိန်ထူးအောင်	တာဝန်ခံ	ဒုအဖွဲ့ခေါင်းဆောင်
၃။	ဦးခွန်လှ	အုပ်ချုပ်ရေးမှူး	အဖွဲ့ဝင်
၄။	ဦးကျော်နိုင်	မိုင်းနင်းအင်ဂျင်နီယာ	အဖွဲ့ဝင်
၅။	ဦးခွန်ဆုဖွေ	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်

အရေးပေါ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးရံပုံငွေ

စဉ်	အကြောင်းအရာ	ရံပုံငွေလျာထားချက်
၁	ကျန်းမာရေးနှင့်ဆေးဝါးပစ္စည်းများ	၃၀၀,၀၀၀
၂	အရေးပေါ်ရိက္ခာစုဆောင်းခြင်း	၅၀၀,၀၀၀
၃	သယ်ယူပို့ဆောင်ရေး	၂၀၀,၀၀၀
၄	ကြိုတင်ကာကွယ်ရေးပစ္စည်းများ	၂၀၀,၀၀၀
၅	ဆေးဝါးကုသစရိတ်	၅၀၀,၀၀၀
၆	ထောက်ပံ့ရေးစရိတ်	၃၀၀,၀၀၀
	စုစုပေါင်း	**၂,၀၀၀,၀၀၀**

အခန်း(၉)
ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ခြင်း

၉.၁ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း

အဆိုပြုလျှောက်ထားသည့် ခနောက်စိမ်းအလတ်စား တူးဖော်ရေးလုပ်ငန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုပါးမိုက်ဒေသတွင် တည်ရှိပြီး အနီးဆုံးကျေးရွာဖြစ်သော ဟွေဟိုင်ကျေးရွာမှာ လုပ်ကွက်နှင့် (၂)မိုင်အကွာအဝေးမှာ တည်ရှိပါသည်။ ပါးမိုက်ကျေးရွာမှာ အိမ်ခြေ(၄၀)လုံးခန့်ရှိ၍ လူဦးရေ(၁၈၃)ဦးခန့်ရှိပြီး၊ အဓိက တောင်ယာ စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုပါသည်။ အချို့ဒေသခံများမှာ ခနောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။ ကုမ္ပဏီ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများမှ ပါးမိုက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၏လူမှုအဖွဲ့ အစည်းများ၊ အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင်ဆောင်ရွက်မည့် ခနောက်စိမ်း အလတ်စားတူးဖော်ရေးလုပ်ငန်းဖြင့်စပ်လျဉ်း၍ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာပြုစုမည့်သူများအဖွဲ့မှကုမ္ပဏီ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ ထပ်မံဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေ၊ အစီရင်ခံစာပြုစုမည့်သူများအဖွဲ့မှ လုပ်ကွက်နှင့်(၂)ကီလိုမီတာ ပတ်လည်အတွင်း ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် အခြေအနေများအား စစ်ဆေးမည့်အခြေအနေများဆန်းစစ်မည့် လုပ်ငန်းစဉ်၊ လုပ်ငန်းစဉ် အလိုက်လူမှုဝန်းကျင်နှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်သည့် အခြေအနေများနှင့် လျော့ချရေး စီမံဆောင်ရွက်မည့်အစီအစဉ်၊ ထိခိုက်မှုများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များ အား ချပြဆွေးနွေးမည့်အစီအစဉ်များ ရှိပါကြောင်းနှင့် ဒေသခံပြည်သူများမှ ၎င်းအဖွဲ့အား ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားခဲ့ ပါသည်။

၉.၂ ဒေသခံပြည်သူများချိတ်ဆက်ပါဝင်ရေးစီမံချက်

တိုင်ပင်ဆွေးနွေးမှုရလဒ်များမှဝေဖန်ချက်များ၊ အကြံပြုချက်များနှင့်အကျိုးသက်ဆိုင်သူ များ၏တင်ပြခြင်းအပေါ် စီမံကိန်းဖော်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးအတွက် ဒေသခံပြည်သူများ ချိတ်ဆက် ပါဝင်လာ စေရေးကိုတိုက်တွန်းဆွေးနွေးခဲ့ကြပါသည်။

လူမှုအဖွဲ့အစည်းများ၊ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ စီမံကိန်း၏တိုးတက်မှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေများ၊ သဘာဝ သယံဇာတသုံးစွဲမှုအခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုထိန်းချုပ်မည့် အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များကိုအသိပေးပြီးလူထုအဖွဲ့အစည်းများ နှင့်ဒေသခံ များ၏အမြင်နှင့်အကြံပြုချက်များအပေါ် အလေးထားစဉ်းစားသုံးသပ် ဆောင်ရွက်မည်ဖြစ် ပါသည်။

ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများချိတ်ဆက်ဆောင်ရွက်မည့်အဖွဲ့			
စဉ်	**အမည်**	**ရာထူး**	**တာဝန်**
၁။	ဦးခွန်ကြည်ရအောင်	လုပ်ကွက်တာဝန်ခံ	အဖွဲ့ခေါင်းဆောင်
၂။	ဦးခွန်စိန်ထူးအောင်	လုပ်ကွက်တာဝန်ခံ-တွဲဖက်	အဖွဲ့ဝင်
၃။	ဦးကျော်နိုင်	မိုင်းနင်းအင်ဂျင်နီယာ	အဖွဲ့ဝင်
၄။	ဦးဖေသန်းမောင်	ဘူမိပညာရှင်	အဖွဲ့ဝင်
၅။	ဦးမောင်ဝ	ကျေးရွာအုပ်ချုပ်ရေးမှူး	အဖွဲ့ဝင်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေလျာထားချက်

စဉ်	အကြောင်းအရာ	ငွေကျပ်
	ဒေသဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်း	
၁။	ဒေသဖွံ့ဖြိုးရေးလုပ်ငန်း	၂၀
၂။	ပညာရေးဆိုင်ရာလုပ်ငန်း	၂၀
၃။	လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း	၂၀
၄။	ကျန်းမာရေးလုပ်ငန်း	၁၀
၅။	ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးခြင်း	၃၀
	စုစုပေါင်း	၁၀၀ သိန်း

ထောက်ခံချက်ပေးပို့ခြင်း

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်းရှိ အောက်ဖော်ပြပါလုပ်ကွက် ခန့်မှန်းမြေပုံညွှန်း၊ ဧရိယာအကျယ်အဝန်း တို့သည် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာနှင့် ကင်းလွတ်ကြောင်း ထောက်ခံအပ် ပါသည်။

ပါးမိုင်းလုပ်ကွက်

လုပ်ကွက်(၁) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-885490),(B-890490),(C-890485),
(D-885485) ဧရိယာ (၄၉.၅၀)ဧက

လုပ်ကွက်(၂) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-890490),(B-895490),(C-895485),
(D-890485) ဧရိယာ (၄၉.၅၀)ဧက

လုပ်ကွက်(၃) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-885485),(B-890485),(C-890480),
(D-885480) ဧရိယာ(၄၉.၅၀)ဧက

လုပ်ကွက်(၄)ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-890485),(B-895485),(C-895480),
(D-890480) ဧရိယာ(၄၉.၅၀)ဧက

လုပ်ကွက်(၅) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-890480),(B-895480),(C-895475),
(D-890475) ဧရိယာ(၄၉.၅၀)ဧက

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ လ ရက်

ထောက်ခံချက်

သက်ဆိုင်ရာသို့

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု အတွင်း ရှိ အောက်ဖော်ပြပါ ပါးမိုင်း လုပ်ကွက်၊ ခန့်မှန်းမြေပုံညွှန်း၊ လုပ်ကွက်အကျယ်အဝန်း၌ ခနောက်စိမ်း သတ္တုရိုင်း စမ်းသပ်တိုင်းတာခွင့်လျှောက်ထားသည့် မြေနေရာသည် ကျေးရွာလူထု၏ မြေပိုင်ဆိုင်မှုနှင့် စပ်လျဥ်း၍လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဥ်း၍လည်းကောင်း အရှုပ်အရှင်းများ၊ အငြင်းပွားမှုများ၊ စောဒကတက်မှုများ ကင်းရှင်းပြီး၊ ကျေးရွာမြေ၊ စာသင်ကျောင်း၊ သာသနာပိုင်မြေ၊ သုသာန်မြေ၊ စိုက်ပျိုးမြေ များနှင့်ကင်းလွတ်ပြီး၊ ပတ်ဝန်းကျင် လုပ်ကွက်များနှင့်လည်း ကင်းရှင်းမှုရှိပါ၍ သတ္တုတွင်းဝန်ကြီး ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကွက်ချထားပေးပါက ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အနေနှင့် ကန့်ကွက်ရန် မရှိပါကြောင်း ထောက်ခံပါသည်။

(က) ခန့်မှန်းမြေပုံညွှန်း 93G/8 (A-885490,B-890490,C-890485,D-885485) (၄၉.၅၀)ကေ

(ခ) ခန့်မှန်းမြေပုံညွှန်း 93G/8 (A-890490,B-895490,C-895485,D-890485) (၄၉.၅၀)ကေ

(ဂ) ခန့်မှန်းမြေပုံညွှန်း 93G/8 (A-885485,B-890485,C-890480,D-885480) (၄၉.၅၀)ကေ

(ဃ) ခန့်မှန်းမြေပုံညွှန်း 93G/8 (A-890485,B-895485,C-895480,D-890480) (၄၉.၅၀)ကေ

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
မောက်မွန်းကျေးရွာအုပ်စု၊ ဟိုပုံးမြို့နယ်။

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ လ ရက်

ပြည် နယ် မြေ စာ ရင်း ဦး စီး ဌာ န ။
ရှမ်း ပြည် နယ် ၊ တောင် ကြီး မြို့ ။
စာအမှတ်- ၂၀၂၄ / မအ - ၂ ။
ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ရက်

သို့

ပြည်နယ်ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့။

အကြောင်းအရာ။ **။မြေရာဇဝင်စိစစ်တင်ပြရန်ကိစ္စ။**

ရည်ညွှန်းချက် ။ ။ရှမ်းပြည်နယ်အစိုးရအဖွဲ့၊တောင်ကြီးမြို့၏(၁၉.၁၀.၂၀၁၁)ရက်စွဲပါ
စာအမှတ်-၁၀၆၅/၃-၆၀၆/အစရ(ရှမ်း)။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာ အုပ်စုရှိ အောက်ဖော်ပြပါလုပ်ကွက်များတွင် **ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီ** မှ ခနောက်စိမ်းသတ္တုရိုင်း ရှာဖွေတူးဖော် လုပ်ကိုင်ခွင့်လျှောက်ထားလာသဖြင့် အဆိုပါမြေနေရာများသည် စိုက်ပျိုးမြေများ၊ စီမံကိန်းလုပ်ငန်းများ၊ သာသနာမြေ၊ သုသာန်မြေ၊ သစ်တောမြေများနှင့်လွတ်ကင်းမှုရှိ/မရှိ၊ မြေရာဇဝင်စိစစ်တင်ပြရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရည်ညွှန်းချက်ပါစာဖြင့် ပြည်နယ်မြေစာရင်းဦးစီးဌာနသို့ အကြောင်းကြားလာခဲ့ရာ ယခင်က နယ်မြေအခြေအနေအရ ကွင်းဆင်းစိစစ်ဆောင်ရွက် နိုင်ခြင်းမရှိသဖြင့် မြေရာဇဝင်စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ယခုအခါ ကွင်းဆင်းစိစစ် ဆောင်ရွက်နိုင်သဖြင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှ မြေရာဇဝင်စိစစ်၍တင်ပြလာခဲ့ပါသည်။

လုပ်ကွက်(၁)	ခန့်မှန်းမြေပုံညွှန်း93G/8(885490,890490,890485,885485) မြေဧရိယာ (၄၉.၅၀)ဧက
လုပ်ကွက်(၂)	ခန့်မှန်းမြေပုံညွှန်း93G/8(890490,895490,895485,890485) မြေဧရိယာ (၄၉.၅၀)ဧက
လုပ်ကွက်(၃)	ခန့်မှန်းမြေပုံညွှန်း93G/8(885485,890485,890480,885480) မြေဧရိယာ (၄၉.၅၀)ဧက
လုပ်ကွက်(၄)	ခန့်မှန်းမြေပုံညွှန်း93G/8(890485,895485,895480,890480) မြေဧရိယာ (၄၉.၅၀)ဧက

၂။ သို့ဖြစ်ပါ၍ မြို့နယ်မြေစာရင်းဦးစီးဌာန၏ စိစစ်တင်ပြချက်အရ လျှောက်ထားမြေနေရာများ၏ မြေအခြေအနေ ဖော်ပြသည့်အစီရင်ခံစာနှင့် မြေပုံတို့ကိုစိစစ်ပြီး ဤစာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

(ထင်ဝင်း)
ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး
ရှမ်းပြည်နယ်၊တောင်ကြီးမြို့။

မိတ္တူ - ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီ။
- ရုံးလက်ခံ/မျှောစာတွဲ။

ထောက်ခံချက်

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ပင်လောင်းမြို့နယ်၊ ထိန်ပင်ကျေးရွာအုပ်စုအတွင်းရှိ အောက်ဖော်ပြပါ **ခနောက်စိမ်း**စမ်းသပ်တိုင်းတာရေးလုပ်ကွက်များ၌ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းနေရာတွင် သဘာဝပတ်ဝန်းကျင် သစ်တော၊ သစ်ပင်များ ခုတ်လှဲထားခြင်းမရှိပဲ မူလအတိုင်းရှိနေပါသည်။ မြေပြန်လည်ပြုပြင်ပြီးဖြစ်၍ လုပ်ကွက်ပြန်လည်အပ်နှံရန်အတွက် မူလအနေအထားပျက်ယွင်းမှုမရှိကြောင်း ထောက်ခံအပ်ပါသည်။

(က) **လုပ်ကွက်(၁)** ၉၃ဒီ/၁၂ LR(၁၄၂ ၂၆၂၊ ၁၄၅ ၂၆၃၊ ၁၄၅ ၂၅၅၊ ၁၄၂ ၂၅၅)
မြေဧရိယာ (၄၉ . ၅)ဧက

(ခ) **လုပ်ကွက်(၂)** ၉၃ဒီ/၁၂ LR(၁၄၆ ၂၆၃၊ ၁၄၉ ၂၆၄၊ ၁၄၉ ၂၅၆၊ ၁၄၆ ၂၅၅)
မြေဧရိယာ (၄၉ . ၅)ဧက

(ခ) **လုပ်ကွက်(၃)** ၉၃ဒီ/၁၂ LR(၁၄၂ ၂၅၄၊ ၁၄၅ ၂၅၄၊ ၁၄၅ ၂၄၆၊ ၁၄၁ ၂၄၈)
မြေဧရိယာ (၄၉ . ၅)ဧက

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ထိန်ပင်ကျေးရွာအုပ်စု၊ပင်လောင်းမြို့နယ်။

ရက်စွဲ ၊ . ၈ . ၂၀၁၉

သက်ဆိုင်ရာသို့

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(   )ရက်

အကြောင်းအရာ။ **ခနောက်စိမ်းသတ္တုရိုင်းစမ်းသပ်တိုင်းတာရန် ထောက်ခံခြင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စုအတွင်းရှိ အောက်ဖော်ပြပါ လုပ်ကွက်-

ပါးမိုင်းလုပ်ကွက်

လုပ်ကွက်(၁) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-885490),(B-890490),(C-890485), (D-885485) ဧရိယာ (၄၉.၅၀)ဧက

လုပ်ကွက်(၂) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-890490),(B-895490),(C-895485), (D-890485) ဧရိယာ (၄၉.၅၀)ဧက

လုပ်ကွက်(၃) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-885485),(B-890485),(C-890480), (D-885480) ဧရိယာ(၄၉.၅၀)ဧက

လုပ်ကွက်(၄) ခန့်မှန်းမြေပုံညွှန်း-93 G/8 M - (A-890485),(B-895485),(C-895480), (D-890480) ဧရိယာ(၄၉.၅၀)ဧက

တို့တွင် ခနောက်စိမ်းသတ္တုရိုင်းစမ်းသပ်တူးဖော်ခွင့်ဆောင်ရွက်ရန်အတွက် ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လျှောက်ထားသည့်မြေနေရာသည် ကျွန်တော်တို့၏ လယ်ယာမြေ၊ ဥယျာဉ်ခြံ၊ စိုက်ပျိုးမြေများနှင့် ကင်းလွတ်ပါကြောင်း၊ ခနောက်စိမ်းသတ္တုရိုင်းစမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများသည် လယ်ယာမြေများအပေါ် ထိခိုက်မှုမရှိပါသဖြင့် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံပါသည်။

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	လက်မှတ်
၁	ခွန်မောင်ဦး	၁၃/ဟပန(နိုင်)၀၆၂၁၇၉	ပါမိုင်း	မောင်ဦး
၂	မောင်ငန်	၁၃/ဟပန(နိုင်)၀၅၃၉၇၆	״	မောင်ငန်
၃	ဦးတာဖြား	၁၃/ဟပန(နိုင်)၀၄၁၉၉၆	״	တာဖြား
၄	ခွန်အောင်	၁၃/ဟပန(နိုင်)၀၄၀၀၂၅	״	ခွန်အောင်
၅	ဦးစိန်ထွန်း	၁၃/ဟပန(နိုင်)၀၇၆၉၁၁	״	စိန်ထွန်း
၆	ဦးဂျမ်းပန်	၁၃/ဟပန(နိုင်)၀၅၃၉၇၇	״	ဂျမ်းပန်
၇	ဦးထွက်အောင်	၁၃/ဟပန(နိုင်)၀၁၃၅၅၁	״	ထွက်အောင်
၈	ဦးဖြိုးခိုင်	၁၃/ဟပန(နိုင်)၀၄၈၀၂၄	״	ဖြိုးခိုင်
၉	ဦးဆန်း	၁၃/ဟပန(နိုင်)၀၄၈၉၃၁	״	ဆန်း

အများပြည်သူများနှင့်ဆွေးနွေးညှိနှိုင်းမှုရလဒ်

စဉ်	ပတ်ဝန်းကျင်လူမှုစီးပွားရေးနှင့် ကျန်းမာရေးအပေါ်ထိခိုက်နိုင်မှုများ	ထောက်ခံ	ကန့်ကွက်
၁	စီမံကနန်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ အနီးပတ်ဝန်းကျင်နေထိုင်သူများအတွက်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်နိုင်သည်ဟု ယူဆပါသလား။	မယူဆပါ (၈) ဦး ၈၀ %	ယူဆပါသည် (၂)ဦး ၂၀%
၂	စီမံကိန်းကြောင့်အနီးအနားရှိ ကျေးရွာနေပြည်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသလား။	ရရှိနိုင်ပါသည် (၉)ဦး ၉၀%	မရရှိနိုင်ပါ (၁)ဦး ၁၀%
၃	စီမံကိန်းကြောင့် ဤဒေသ၏ မြေပေါ်/မြေအောက်ရေအရင်းအမြစ်များ ထိခိုက်နိုင်ပါသလား။	မထိခိုက်နိုင်ပါ (၅)ဦး ၅၀%	ထိခိုက်နိုင်ပါသည် (၅)ဦး ၅၀%
၄	စီမံကိန်းကြောင့် အသံ/တုန်ခါမှုအလင်း၊ အပူစွမ်းအင်နှင့် သံလိုက်ရောင်ခြည်ဖြန့်ကျက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပါသလား။	မထိခိုက်နိုင်ပါ (၁၀)ဦး ၈၀%	ထိခိုက်နိုင်ပါသည် (၀)ဦး ၂၀%
၅	စီမံကိန်းကြောင့် ဤဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသလား။	မထိခိုက်နိုင်ပါ (၈)ဦး ၈၀%	ထိခိုက်နိုင်ပါသည် (၂)ဦး ၂၀%
၆	စီမံကိန်းကြောင့် လူမှုစီးပွားရေး ပိုမိုကောင်းမွန်လာနိုင်ပါသလား။	ကောင်းမွန်နိုင်ပါသည် (၉)ဦး ၉၀%	မကောင်းမွန်နိုင်ပါ (၁)ဦး ၁၀%
၇	စီမံကိန်း၏ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကြောင့် ကျေးရွာများအား ထိခိုက်နိုင်ပါသလား။	မထိခိုက်နိုင်ပါ (၈)ဦး ၈၀%	ထိခိုက်နိုင်ပါသည် (၂)ဦး ၂၀%

ထောက်ခံမှုရာခိုင်နှုန်း = ၇၈.၅ %

ကန့်ကွက်မှုရာခိုင်နှုန်း = ၂၁.၅ %

၉.၃ ဒေသဖွံ့ဖြိုးရေးစီမံချက်

ပါးမိုက်ဒေသ ဝန်းကျင်ဒေသဖွံ့ဖြိုးရေးအတွက် ကုမ္ပဏီများ ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ပါးမိုက်-မောက်လွတ်ကျေးရွာဆက်သွယ်သည့် (၁၀)မိုင်ကျော်အရှည်ရှိ ကျောက်ခင်းလမ်းအား ဖောက်လုပ်ပေးခဲ့ပါသည်။ ရေသပြေရွာနှင့် ပါးမိုက်ရွာဆက်သွယ်ထားသည့်(၆)မိုင်အရှည်ရှိကျေးရွာခြင်းဆက် ကျောက်ခင်းလမ်းပေါ်တွင်လိုအပ်သော ချောင်းကူးတံတား(၁)စင်းဆောင်လုပ်ပေးခဲ့ပါသည်။

စီမံကိန်းမှထွက်ရှိသည့်စွန့်ပစ်ကျောက်များအား(၁.၅)မိုင်ခန့်ကွာဝေးသော ပါးမိုက်ကျေးရွာသို့သယ်ယူ၍ ကျေးရွာလမ်းမလမ်းခင်းခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးလာပါက ပါးမိုက်ကျေးရွာမှ ဒေသခံများအားဦးစားပေး၍ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးပါမည်။ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ဆဲကာလတွင် ဒေသခံပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး၍ ၎င်းတို့၏ လိုလားချက်များအား ဖြည့်ဆည်းပေးနိုင်ရန် ဒေသဖွံ့ဖြိုးရေးနှစ်စဉ်ရံပုံငွေ သိန်း(၁၀၀) ထားရှိဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖြည့်တင်းဆောင်ရွက်ပါမည်။

စီမံကိန်းဖွံ့ဖြိုးရေးနှင့်အကောင်အထည်ဖော်ဆောင်ရေး

စီမံကိန်း လျာထားချက်	နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရေး																				
	၂၀၁၁	၂၀၁၂	၂၀၁၃	၂၀၁၄	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇	၂၀၂၈	၂၀၂၉	၂၀၃၀	မှတ်ချက်
စမ်းသပ် တိုင်းတာခြင်း																					
လမ်းဖောက် လုပ်ခြင်း									ပြုပြင်ထိန်းသိမ်းခြင်း												
စီမံကိန်း ထူထောင်ခြင်း																					
ဓါတ်သတ္တု ထုတ်လုပ်ခြင်း																					
ပတ်ဝန်းကျင်အရည် အသွေးစစ်ဆေးခြင်း																					
စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း																					
သတ္တုတွင်း ပိတ်သိမ်းခြင်း										တူးဖော်ရေးကာလအတွင်းပူးတွဲစီမံဆောင်ရွက်သွားမည်။											
စိုက်ပျိုးပင်များပျိုး ထောင်ခြင်း																					
ဓါတ်သတ္တု ကဏ္ဍဖွံ့ဖြိုးရေး																					
ဒေသဖွံ့ဖြိုးရေး																					
စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း																					

အခန်း(၁၀)

ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

၁၀.၁ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး(Environmental Conservation)လုပ်ငန်းများ ဆောင်ရွက်ခြင်း

အောက်ပါအတိုင်းဆောင်ရွက်ထားပါသည် -

- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့မှ ချမှတ်ထားသော မူဝါဒ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ထားပါသည်။
- လယ်ယာမြေများ၊ ဘေးထွက်ဆိုးကျိုး မရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှု မရှိစေရေး၊ ကုမ္ပဏီ၏ ဆောင်ရွက်မှုအပေါ် အမြဲကြပ်မတ်ဆောင်ရွက်ထားပါသည်။
- လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်လျက် ခွင့်ပြုသတ်မှတ်ဧရိယာအတိုင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ထားပါသည်။
- လုပ်ငန်းခွင်အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် သစ်ပင်များ ခုတ်ခြင်း၊ ထင်းမီးသွေး ဖုတ်ခြင်းနှင့် သစ်တောပြုန်းတီးမှုများ မရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ထားပါသည်။
- လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အတိုင်း အတိအကျလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ထားပါသည်။
- လုပ်ငန်းဆောင်ရွက်ပြီးစီးပါက မြေများပြန်ဖို့ပြီး ဒေသနှင့် လိုက်လျောညီထွေဖြစ်သည့် နှစ်ရှည်ပင်များစိုက်ပျိုးထားရှိ၍ သက်ဆိုင်ရာဌာနများသို့စနစ်တကျလွှဲပြောင်းအပ်နှံဆောင်ရွက်ပါမည်။

၁၀.၂ ကုမ္ပဏီ၏ လူမှုဆိုင်ရာ တာဝန်များ ဆောင်ရွက်ခြင်း

အောက်ပါအတိုင်းဆောင်ရွက်သွားပါသည် -

- လူမှုစီးပွားဖွံ့ဖြိုးရေး အစီအစဉ်များတွင် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ သက်ဆိုင်ရာဦးစီးဌာန၊ ကျေးလက်အုပ်ချုပ်ရေးအဖွဲ့များသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားပါမည်။
- ဒေသခံလူထုနှင့်တွေ့ဆုံ၍ ၎င်းတို့၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ဒေသခံများနှင့်ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေကာ ဒေသခံလူထု၏ လူနေမှုအဆင့်အတန်းကို မြင့်မားတိုးတက်စေရေး ဆောင်ရွက်ပါမည်။

- လူမှုဖွံ့ဖြိုးရေးအတွက် ကျေးလက် မူလတန်းကျောင်းများပြုပြင်တည်ဆောက်ခြင်း၊ ကျောင်းသုံးဖတ်စာအုပ်များ ခဲတံ၊ ဖောင်တိန်နှင့် ဗလာစာအုပ်များ ထောက်ပံ့ခြင်း၊ ရပ်ရွာ၏သောက်သုံးရေ၊ ရေတွင်းရေကန်များတူးဖော်ခြင်း၊ ရပ်ရွာဆေးခန်းများ၊ ပြုပြင်တည်ဆောက်ခြင်း၊ အခြေခံဆေးဝါးများ ပံ့ပိုးပေးခြင်း၊ ရပ်ရွာယင်လုံအိမ်သာများ ပြုပြင်တည်ဆောက်ခြင်း စသည့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးရွာဒေသများတွင် သန့်ရှင်းသော ရေရရှိရေး အစရှိသော ကဏ္ဍများကို တိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်ပါမည်။

၁၀.၃ အန္တရာယ်ရှိစေသော ပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ

- စီမံကိန်းဧရိယာအတွင်းဘေးအန္တရာယ်ဖြစ်စေမည့် ပစ္စည်းများအား ကြိုတင်သတ်မှတ် အသိပေးထားခြင်း။
- မည်သည့်ပစ္စည်းအတွက်မည်သူမှာအဓိက တာဝန်ရှိသူဖြစ်ကြောင်း ကြိုတင်သတ်မှတ်ပေးထားခြင်း။
- အန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း ပြုလုပ်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် အပေါ်တွင် မည်မျှ သက်ရောက်မှုရှိနိုင်ကြောင်း ရှင်းလင်းအသိပေးထားခြင်း။
- လိုအပ်ချက်၏အနည်းဆုံးပမာဏကိုသာအသုံးပြုခြင်းဖြစ်အောင်စီမံဆောင်ရွက်ခြင်း။
- ကြိုတင်သိရှိနိုင်သောအာရုံခံစနစ်များ တပ်ဆင်ထားသည့်သိုလှောင်ရုံများ တည်ဆောက်သိမ်းဆည်းထားခြင်း။
- လုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်း။
- မမျှော်မှန်းနိုင်သော မတော်တဆမှု ဖြစ်စဉ်/ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျှော့ချပေးနိုင်မည့် တုံ့ပြန်မှုအစီအမံများ၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း ရှင်းလင်းလွယ်ကူစွာ စီမံထားရှိခြင်း။
- နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအား ရှောင်လွှဲနိုင်မည့် စောင့်ကြပ်ကြည့်ရှုရေးနှင့် စုံစမ်းစစ်ဆေးရေးအစီအစဉ်များ ထားရှိခြင်း။
- စီမံကိန်း နှင့် အလားတူလုပ်ငန်းများ၏ ပြည်တွင်း/ပြည်ပ ဖြစ်စဉ်/ဖြစ်ရပ်များကိုမှတ်တမ်းတင်ထားရှိခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အလားတူဖြစ်ပေါ်နိုင်သော အန္တရာယ်များကို ကြိုတင်မှန်းဆ ရှောင်လွှဲခြင်း။

၁၀.၄ လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ခြင်း ဆောင်ရွက်မှုများ

- မြေအောက်လိုဏ်ဂူ တူးဖော်ရာတွင် (၃)ဘီး၊ ဗိုးလုပ်ဒါနှင့် (၁၀)ဘီးတို့ကို အသုံးပြုသောကြောင့် အမြဲတစေစစ်ဆေးခြင်း၊ တာဝန်ထမ်းဆောင်နေစဉ်ဝန်ထမ်းများ၏ စိတ်ရောကိုယ်ပါ လုပ်ငန်းထဲ အချိန်ပြည့် စိတ်ဝင်စားစွာ တာဝန်ထမ်းဆောင်စေပါသည်။ ယာဉ်/ယန္တရားများ ပုံမှန် အလုပ်လုပ်နိုင်စေရန် စက်မှုကျွမ်းကျင်သူများမှ ပုံမှန်စစ်ဆေး၍ ကြွဲခိုင်ရေးပြုလုပ်စေပါသည်။
- မြေပြိုခြင်းကြောင့် မတော်တဆ ထိခိုက်မှု မရှိစေရေးအတွက် မိမိလုပ်ကိုင်နေသော မြေအမျိုးအစား၊ ကျောက်အမျိုးအစား၊ တည်ငြိမ်မှု အားနည်းသော/ကောင်းမွန်သော စသည့်အချက်များကို ခွဲခြားလေ့လာနိုင်သည့် တတ်ကျွမ်းသော ပညာရှင်များကို အနီးကပ်ကြီးကြပ်စေပါသည်။ မြေအမျိုးအစားအလိုက် လိုအပ်သော အထိန်းအထောက်များ တပ်ဆင် စေပါမည်။ တပ်ဆင်ထားသော ထောက်တိုင်များ၊ အကာများ နှင့် အမိုးများ၏ အခြေအနေကို အမြဲ လေ့လာစစ်ဆေးကြည့်ရှုစေပါသည်။
- အလင်းရောင် မလုံလောက်မှုကြောင့် မတော်တဆထိခိုက်မှု မရှိစေရေးအတွက် မြေပေါ်မှ အထောက်အပံ့ပစ္စည်းများ မဖြစ်မနေလိုအပ်ပါသည်။ မြေအောက်သို့ လုပ်ငန်းများ တစ်ဆထက် တစ်ဆတိုးချဲ့ကျယ်ပြန့်၍ နက်လာ သည်နှင့်အမျှ လေအလင်းရောင် ပို၍ပို၍ လိုအပ်လာပါသည်။ စနစ်တကျ တူးဖော်ထားသော ပင်မလိုဏ်ဂူ မှ တစ်ဆင့်အခြားလိုဏ်ဂူများသို့ လေပေးစက်များ တက်ဆင်ပြီး လေပေးပန်ကာများဖြင့် လေပိုက်ဖြင့် စနစ်တကျ သွယ်တန်း၍ လေပေးသွင်းပါသည်။
- မြေအောက်လိုဏ်ဂူအတွင်းအလင်းရောင် ရရှိရေးအတွက် လျှပ်စစ်မီးစက်များဖြင့် ဆက်သွယ်ထားရှိပါသည်။ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်အသုံးပြုရာတွင် လျှပ်စစ်ကျွမ်းကျင်သူ အသိအမှတ်ပြု လက်မှတ်ရသူများသာ စနစ်တကျ တာဝန်ပေးဆောင်ရွက်စေပါသည်။

၁၀.၅ ထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကုစားသည့်နည်းလမ်း

သတ္တုတူးဖော် ထုတ်လုပ်ရာမှ ထွက်ရှိလာမည့် သတ္တုကြောများနှင့် သတ္တုမပါဝင်သော စွန့်ပစ်ကျောက်များအား သတ်မှတ်သည့်နေရာများသို့ သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်များ၊ ကျောက်မှုန့်များ ထွက်ရှိသဖြင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုနှင့် လူတို့၏ ကျန်းမာရေးထိခိုက်နိုင်မှု လျော့ကျစေရန်စီမံကိန်းလုပ်ငန်းမစတင်မီနှင့် လုပ်ငန်းရပ်နားချိန်များတွင်ရေသယ်ယာဉ်ကြီးများဖြင့်ရေဖြန်းခြင်းများဆောင်ရွက်ထားပါ သည်။

၁၀.၆ မြေဆီလွှာနှင့်မြေပေါ်/မြေအောက်ရေများညစ်ညမ်းမှုမဖြစ်စေရန်ကုစား မည့်နည်းလမ်း

စီမံကိန်းကြောင့်ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုး/ရေညစ်များအား မြစ်ချောင်းများအတွင်း စီးဝင်မှုမရှိစေရန်နှင့် မြေအောက်ရေပျက်စီးမှုများမှ ကာကွယ်နိုင်ရန် ရေစစ်ကန်များ အဆင့်ဆင့် ပြုလုပ်ပြီး ရေအရည်အသွေး တိုင်းတာခြင်းများ ပြုလုပ်ပြီးမှသာလျှင် စွန့်ထုတ်ပါသည်။ စက်ယန္တရားများပြုပြင်ခြင်းနှင့် စက်သုံးဆီဖြည့်ခြင်းတို့မှ ယိုဖိတ်သည့် စက်ဆီ/ချောဆီများကြောင့် မြေဆီလွှာနှင့် မြေအောက်ရေများ ပျက်စီးစေနိုင်ပါသည်။ ထိုသို့ စက်ဆီ/ချောဆီများ ယိုစိမ့်ဖိတ်ကျပါက မြေဆီလွှာနှင့် မြေအောက်ရေများ မထိခိုက် စေရန် စက်ဆီ/ချောဆီများအား သိုလှောင်သည့်နေရာများကိုစနစ်တကျထားသို၍ မြေဆီလွှာအပေါ်သို့တိုက်ရိုက်စွန့်ပစ်ခြင်းမပြုစေပဲ ကွန်ကရစ်ခင်းထား၍ ဆီခံခွက်များလည်း ထားရှိပါသည်။

စီမံကိန်းဧရိယာအတွင်း ယာယီအဆောက်အဦးများ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများအတွက်လိုအပ်သည့် မြေနေရာများရှင်းလင်းရာတွင် မြေသားနှင့်မြေဆီလွှာများ ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပါသည်။ ထိုကြောင့်အသုံးမပြုတော့သည့်မြေနေ ရာများတွင်သစ်ပင်များ၊ အစားထိုးပြန်လည်စိုက်ပျိုးထားပါသည်။ စီမံကိန်းပိတ်သိမ်းသည့်အချိန်ကာလတွင်လည်း စီမံကိန်းမြေနေရာများအား သစ်ပင်များစိုက်ပျိုးခြင်းဖြင့် အပေါ်ယံမြေဆီလွှာ ထိန်းသိမ်းခြင်းများပြုလုပ်သွားရန် ရည်ရွယ်ထားပါသည်။

၁၀.၇ ဝန်းကျင်ဂေဟစနစ်အပေါ် ကုစားသည့်နည်းလမ်းများ

ဂေဟစနစ်ပျက်စီးမှုကို လျော့နည်းစေရန်အတွက် မြေအသုံးချမှု အနည်းဆုံးအသုံးပြုခြင်း၊ ဒေသတွင်း သစ်ပင်များ အစားထိုးစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောရိုင်းတိရိစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း စသည့် ဝန်းကျင်ဂေဟစနစ်ပျက်စီးမှုကို လျော့နည်းစေပါသည်။

၁၀.၈ လူမှုစီးပွားဘဝ အခြေအနေအပေါ် ကုစားသည့်နည်းလမ်းများ

စီမံကိန်းလုပ်ကွက်ဧရိယာသည် ပတ်ဝန်းကျင်ဒေသအတွင်း ကျေးရွာများနှင့် အနည်းဆုံး (၁.၅)မိုင် ကွာဝေးခြင်း၊ လူနေထိုင်မှု၊ လုပ်ငန်းခွင် လုပ်သားနှင့် အဆောက်အဦများနှင့် ဝေးကွာခြင်း စသည်တို့ကြောင့် ထိခိုက်မှုကို လျော့နည်းစေပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန် စေရန်ဒေသခံများအားအလုပ်အကိုင် ဦးစားပေးခန့်ထားပါသည်။

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

အမည်	ရာထူး	တာဝန်
ဦးခွန်ကြည်ရအောင်	ဒါရိုက်တာ	အဖွဲ့ခေါင်းဆောင်
ဦးခွန်ထွန်းကျော်	လုပ်ကွက်တာဝန်ခံ	ဒုအဖွဲ့ခေါင်းဆောင်
ဦးခွန်စိန်ထူးအောင်	လုပ်ကွက်တာဝန်ခံ-တွဲဖက်	အဖွဲ့ဝင်
ဦးကျော်နိုင်	မိုင်းနင်းအင်ဂျင်နီယာ	အဖွဲ့ဝင်
ဦးဖေသန်းမောင်	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
ဦးခွန်စိုးနိုင်	ဌာနေပြည်သူ့စစ်ခေါင်းဆောင်	အဖွဲ့ဝင်
ဦးမောင်ဝ	ကျေးရွာအုပ်ချုပ်ရေးမှူး	အဖွဲ့ဝင်

ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းအတွက် ရံပုံငွေလျာထားချက်

	ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှု (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေး (၂) ဆေးဝါးပံ့ပိုးမှု (ကျန်းမာရေး) (၃) ကျောင်းသုံးပစ္စည်းပံ့ပိုးမှု (ပညာရေး) (၄) လုပ်ငန်းခွင်ကာကွယ်ရေးအသုံးစရိတ် (၅) လမ်းရေမြောင်းဖြန်းခြင်း (အမှုန်အမွှား) (၆) မြေဆီလွှာထိန်း၊ သစ်တောထိန်းသိမ်းခြင်း (၇) လမ်းပြုပြင်ထိန်းသိမ်းခြင်း	 ၃ ၂ ၂ ၂ ၂ ၂ ၂
	ပေါင်း	၁၅ သိန်း

အခန်း(၁၁)

သတ္တုတွင်းပိတ်သိမ်းရေးအစီအစဉ်

မိုင်းပိတ်သိမ်းမည့်စီမံချက်					
စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	သတ္တုပိတ်သိမ်းရန် စီမံဆောင်ရွက်မည့်လုပ်ငန်းများ			မှတ်ချက်
		ပိတ်သိမ်းမှုအကြို ကာလ	ပိတ်သိမ်း မည့် ကာလ	ပိတ်သိမ်း ပြီး ကာလ	
၁။	ဘူမိ-ဓာတု-ရူပ ဆိုင်ရာအချက်အလက်များ လေ့လာခြင်း (က) အပေါ်ယံစွန့်ပစ်မြေစာ၏ ဘူမိ-ဓာတု၊ရူပဆိုင်ရာအချက်အလက်များ (ခ) လုပ်ကွက်အနီး ချောင်းရေအရည်အသွေး၊ (ဂ) မိုးကာလကျင်းအတွင်းမှ မိုးရေအရည်အသွေးနှင့် တောင်ကျချောင်းရေအရည်အသွေး	√	√	√	
၂။	စွန့်ပစ်မြေကျောက်စာများအားသယ်ယူပို့ဆောင်သည့်လမ်းများခင်းခြင်း၊ချိုင့်ခွက်ဖို့ခြင်းနှင့်မိုင်းပိတ်သိမ်းချိန်ဟင်းလင်းဖွင့်ကျင်းများအားမြေပြန်ဖို့၍ဒေသနှင့်သင့်လျော်သောအစားထိုးအပင်များစိုက်ပျိုးရန်	√	√		
၃။	တူးဖော်ပြီးကျင်းများအတွင်းစွန့်ပစ်မြေစာများကိုရွှေ့စားနောက်ပစ်စနစ်ဖြင့် (Backfilling)ပြုလုပ်ခြင်း၊	√	√		
၄။	တူးဖော်ပြီးကျင်းများအပေါ်မြေဆီလွှာများဖုံးအုပ်၍အပင်များပြန်လည်စိုက်ပျိုးခြင်း၊	√	√	√	
၅။	အသုံးမပြုသော မြေနေရာများမှ သဘာဝသစ်တောများအား ထိန်းသိမ်းခြင်း	√	√	√	
၆။	လုပ်ငန်းပိုင်းဆိုင်ရာ အဆောက်အဦများ ဖျက်သိမ်း		√	√	
၇။	အသုံးပြုပြီးမြေနေရာများအား သင့်လျော်သောမြေနေယာ အသုံးချမှုပြုလုပ်နိုင်ရေးအတွက်စီမံဆောင်ရွက်ခြင်း		√	√	
၈။	အသုံးချနေသည့်မြေနေရာများအတွက် အပင်များအစားထိုးစိုက်ပျိုးခြ င်း	√	√	√	
၉။	ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာစစ်ဆေးခြင်း၊	√	√	√	
၁၀။	လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊	√	√	√	
၁၁။	မြေထုအရည်အသွေးများ တိုင်းတာစစ်ဆေးခြင်း၊	√	√	√	
၁၂။	ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊	√	√	√	
၁၃။	သတ္တုတွင်းပိတ်သိမ်းမည့် လုပ်ငန်းအဆင့်ဆင့်အလိုက် ခန့်မှန်းကုန်ကျစရိတ်များ စိစစ်တွက်ချက်ထားမှု၊ ရန်ပုံငွေလျာထားမှု၊		√	√	

၁၁.၁ မိုင်းပိတ်သိမ်းမှုအစီအစဉ်နှင့် ရံပုံငွေလျာထားချက်

စီမံကိန်းလုပ်ငန်း၏ဓါတ်သတ္တုများ၏ ဖြစ်ထွန်းမှုအနေအထားပေါ်မူတည်၍ တူးဖော်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားဖြစ်ထုတ်လုပ်နိုင် သည့်စီမံကိန်းဆောင်ရွက်နိုင်မှုမရှိပါက လုပ်ငန်းဆောင်ရွက်မှုကိုဥပဒေ၊ နည်းဥပဒေ လုပ်ထုံး လုပ်နည်းများဖြင့်နိုင်ငံတော်သို့ ပြန်လည်အပ်နှံသွားပါမည်။ မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မိုင်းပိတ်သိမ်းခြင်းမပြုမီ အကြိုတည်ဆောက်ခြင်း၊ မိုင်းပိတ်သိမ်းသည့်ကာလနှင့် မိုင်းပိတ်သိမ်းပြီးကာလစသည့်ဖြင့် အချိန်ကာလများခွဲခြား သတ်မှတ်၍ စီမံဆောင်ရွက်မည်ဖြစ်ပါသည်။ တူးဖော်မှုပြီးစီးပါက မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရံပုံငွေ ကျပ်သိန်း(၂၀၀) ထားရှိပါမည်။

မိုင်းပိတ်သိမ်းခြင်း ရံပုံငွေ အသေးစိတ်သုံးစွဲမည့်အစီအစဉ်

စဉ်	သုံးစွဲမည့်အကြောင်းအရာရံပုံငွေလျာထားချက်	ကျပ်ငွေသိန်းပေါင်း	
၁	မြေအောက်မိုင်းတွင်းအတွင်း စွန့်ပစ်ခဲစာများပြန်ဖြည့်ခြင်း	၄၀	
၂	မြေညှိမြေဖို့ခြင်း မြေထိန်းနံရံတည်ဆောက်ခြင်း	၄၀	
၃	အဆောက်အဦများ လုပ်ငန်းသုံးပစ္စည်းများ ဖျက်သိမ်း ရွှေ့ပြောင်းခြင်း	၄၀	
၄	မြေပြုပြင်ခြင်း မြေဆီလွှာပြန်လည်ဖုံးအုပ်ခြင်း	၃၀	
၅	မြေဧရိယာ (၅)ဧကတွင် သစ်ပင်(၆၀၀)ကျော် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေ ရရှိရေးဆောင်ရွက်ခြင်း	၅၀	
	စုစုပေါင်း	၂၀၀	

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအတွက် အချိန်(၆)လခန့်ကြာမြင့်နိုင်ပြီး သတ်မှတ်ရံပုံငွေနှင့်မလုံလောက်ပါကထပ်မံဖြည့်တင်းဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ မိုင်းပိတ်သိမ်းခြင်းနှင့်စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့ ဖွဲ့စည်းထားပါသည်။

မိုင်းပိတ်သိမ်းခြင်းနှင့်စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့

စဉ်	အမည်	ရာထူး	ဆောင်ရွက်မည့်ကာလ
၁	ဦးခွန်ကြည်ရအောင်	အဖွဲ့ခေါင်းဆောင်	စီမံကိန်းကာလ
၂	ဦးခွန်ထွန်းကျော်	လုပ်ကွက်တာဝန်ခံ	စီမံကိန်းကာလ
၃	ဦးကျော်နိုင်	မိုင်းနှင်းအင်ဂျင်နီယာ	စီမံကိန်းကာလ
၄	ဦးတင့်အောင်	အကြီးတန်းဘူမိဗေဒပညာရှင်	စီမံကိန်းကာလ
၅	ဦးခွန်ဆုဗွေ	ဘူမိဗေဒပညာရှင်	စီမံကိန်းကာလ

၁၁.၂ မိုင်းပိတ်သိမ်းခြင်းရည်ရွယ်ချက်

မိုင်းပိတ်သိမ်းမှုဆောင်ရွက်ရခြင်းရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) စီမံကိန်းဆောင်ရွက်မှုကြောင့်လူမှုဝန်းကျင်သို့ဘေးအန္တရာယ်ထိခိုက်မှုမဖြစ်စေရန်

(ခ) မိုင်းပိတ်သိမ်းပြီးနောက်သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု သက်သာစေရန် နှင့်ပြန်လည်ကောင်းမွန်လာစေရန်

(ဂ) ဂေဟစနစ်ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်

(ဃ) နဂိုမူလရှိရင်းစွဲပတ်ဝန်းကျင်အခြေအနေ တဖြည်းဖြည်းပြန်လည်ဖြစ်ထွန်းလာရေးနှင့်မျက်စိပသာဒတင့်တယ်စေရန်

၁၁.၃ မိုင်းပိတ်သိမ်းပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများ

၁၁.၃.၁ စီမံကိန်းပိတ်သိမ်းခြင်း

- မိုးရာသီရေတိုက်စားမျောပါခြင်းမရှိစေရန် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများဖောက်လုပ်ခြင်း၊ နွေရာသီတွင်ဖုန်မှုန့်များလွင့်ပါခြင်းမရှိစေရန်အဖုံးအကာများ ဖုံးအုပ်ထားခြင်း၊ မြက်ခင်းများစိုက်ပျိုးထားခြင်းဖြင့် ထိန်းသိမ်းထားပါမည်။ အဆိုပါမြေဆီလွှာများအား မိုင်းပိတ်သိမ်းသည့်အချိန်တွင် နေရာတကျပြန်လည်ဖုံးအုပ်ခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုကိုကာကွယ်သွားပါမည်။
- တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသောကျင်းများ ချိုင့်များရှိပါက ပတ်ဝန်းကျင်မြေဆီလွှာ အနေအထားပေါ်မူတည်၍ မြေဖို့/မြေညှိခြင်း ဆောင်ရွက်ပါမည်။ ဆောင်ရွက်ပြီးသော မြေလွတ်/မြေလပ်နေရာများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအတွက် ပျိုးပင်များအစားထိုးစိုက်ပျိုးခြင်း၊ဖုံးအုပ်ပြီးသောနေရာပေါ်တွင် ဒေသနှင့်သင့်လျော်သော အပင်များ ပြန်လည်စိုက်ပျိုးခြင်းဆောင်ရွက်ပါမည်။
- မြေသားပြိုကျခြင်း၊ ပြတ်ရွေ့ခြင်းနှင့် တိုက်စားမှု ဖြစ်နိုင်သော ကျင်းဟောင်းနံရံများ၊ စပ်ကြားမြေနေရာများ၊ မြေစာပုံနံရံများအား သေချာစွာ စီစစ်၍ လှေကားထစ်များ ပြုလုပ်ခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ အမြစ်ရှည်သော မြက်ပင်များ စိုက်ပျိုးခြင်းဆောင်ရွက်ပါမည်။
- စီမံကိန်းဧရိယာအတွင်းမှ မြေနမူနာ၊ ရေနမူနာများရယူ၍ ဓာတ်ခွဲစမ်းသပ်ခြင်းများဆောင်ရွက်ပြီးချောင်းမြောင်းများရေစီးရေလာကောင်းမွန်စေရေး၊ ရေလမ်းကြောင်းများဖွင့်ထုတ်ခြင်းဆောင်ရွက်ပါမည်။

- လူ့အသုံးအဆောင် စွန့်ပစ်ပစ္စည်းများ၊ လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်စီးခြင်း၊ ကျင်းဟောင်းများတွင် မြေမြှုပ်ဖျက်စီးခြင်းကို အလေးထားဆောင်ရွက်ပါမည်။ယဉ်/စက်ယန္တရား၊ ပစ္စည်းကိရိယာအဟောင်းများအားစနစ်တကျ ပြန်လည်သိမ်းဆည်းခြင်း၊ စက်သုံးဆီနှင့် အင်ဂျင်ဝိုင်အဟောင်းများအား ယိုစီးစိမ့်ထွက်မှုမရှိစေရန်ဆောင်ရွက်ပါမည်။မြေအောက်လှိုဏ်ခေါင်းအတွင်းသို့ ဆင်းသည့် ဝင်ပေါက်၊ ထွက်ပေါက်အား ကွန်ကရစ်ဖြင့်ခိုင်ခံ့စွာပိတ်ဆို့ကာရန်သွားပါမည်။

၁၁.၃.၂ စီမံကိန်းပိတ်သိမ်းပြီးကာလ

- ကြိုတင်ရေးဆွဲထားသော စီမံချက်အရ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများ၊ ဆိုးကျိုးသက်ရောက်နိုင်မှုများကို ပြန်လည်စီစစ်သုံးသပ်၍ အနာဂတ်တွင် လျှော့ချဆောင်ရွက်ခြင်း၊ ကောင်းကျိုးဖြစ်ထွန်းမှုများကို ပိုမိုတိုးပွား တည်တံ့စေရန် ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံမှုအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်း ပြုလုပ်ပါမည်။ မိုင်းပိတ်သိမ်းပြီးချိန်တွင် စီမံကိန်း လုပ်ငန်းအတွက် ယာယီရယူသုံးပြုခဲ့သော လုပ်ကွက်ဧရိယာအား ပြန်လည် အပ်နှံနိုင်ရေး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သစ်တောဦးစီးဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားပါမည်။
- လုပ်ကွက်အတွင်း ဆောက်လုပ်ထားသော ယာယီလူနေအဆောင်များ ကောင်းမွန်ခြင်း မရှိပါက ဖျက်သိမ်းစေခြင်း၊ ကောင်းမွန်၍ အသုံးပြုနိုင်သော အဆောက်အဦများအား ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများအတွက် လွှဲပြောင်းပေးနိုင်ရေး ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။
- စီမံကိန်းဆောင်ရွက်နေဆဲကာလအတွင်း မိုင်းဖွံ့ဖြိုးတိုးတက်ရေးအဆင့်၊ ထုတ်လုပ်ရေး ဆောင်ရွက်ခြင်းအဆင့် ကာလများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အစီအမံများကို မိုင်းပိတ်သိမ်းပြီး ကာလအထိ အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်သွားပါမည်။
- မိုင်းပိတ်သိမ်းပြီးနောက် ကုမ္ပဏီ၏ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့များ ပူးပေါင်းပါဝင်သော အဖွဲ့ဖြင့် လုပ်ကွက်ဧရိယာမှ မြေပြိုတိုက်စားမှုအန္တရာယ်များ၊ လေထု၊ ရေထု ညစ်ညမ်းနိုင်သော ကိစ္စများဆိုးကျိုးသက်ရောက်နိုင်မှုများကို အနည်းဆုံး (၃)နှစ်ထိ စောင့်ကြပ်ကြည့်ရှုခြင်းဖြင့် ဆောင်ရွက်ပါမည်။

- စီမံကိန်းသက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အခြေအနေအပေါ် မူတည်ပြီး ပိတ်သိမ်းရေးစီမံချက်အား စီမံကိန်းအဆင့်လိုက်တွေ့ကြုံခဲ့ရသည့် အခြေအနေများပေါ် အခြေခံကာ ထုတ်လုပ်သည့် ထွက်ကုန်နှင့် အကျိုးအမြတ်ရရှိမှုအရ ရန်ပုံငွေသုံးစွဲနိုင်မှု၊ လူမှုစီးပွားအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာအခြေအနေများ၊ပေါင်းစပ်သုံးသပ်လျက်အခြေအနေနှင့်ကိုက်ညီအောင်ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အခန်း(၁၂)
စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း

၁၂.၁ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားခြင်း

သတ္တုတွင်းပိတ်သိမ်းပြီးကာလတွင် ပတ်ဝန်းကျင်အပေါ် ကြွင်းကျန်သက်ရောက်မှုများ ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်မှု ရှိ/ မရှိ အနည်းဆုံး(၃)နှစ်ကာလအထိ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်။ (၆)လ တစ်ကြိမ် မြေ၊ ရေ၊ လေ၊ အရည်အသွေး ဓာတ်ခွဲစမ်းသပ်ခြင်း၊ ဒေသအတွင်းဖြစ်ထွန်းသည့် သစ်ပင်များ စိုက်ပျိုးခြင်း ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ပါက ကုစားခြင်း စသည့် စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရံပုံငွေ သိန်း(၁၀၀) ထားရှိသုံးစွဲမည်ဖြစ် ပါသည်။

စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအတွက်ရံပုံငွေလျာထားချက်အသေးစိတ် သုံးစွဲမည့်အစီအစဉ်

စဉ်	အကြောင်းအရာ	ရံပုံငွေလျာထားချက်	မှတ်ချက်
၁	သစ်ပင်များရှင်သန်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ရေရရှိရေး ဆောင်ရွက် ခြင်း	၃,၀၀၀,၀၀၀	
၂	ဂေဟာစနစ်၊ စိမ်းလန်းစိုပြေရေး ဆောင်ရွက် ခြင်း	၃,၀၀၀,၀၀၀	
၃	မြေ၊ ရေ၊ လေ အရည်အသွေး (၆)လ တစ်ကြိမ် စစ်ဆေးခြင်း (၃)ကြိမ်	၅၀၀,၀၀၀	ကုမ္ပဏီမှ စက်ကရိယာများဖြင့် တိုင်းတာမည် ဖြစ်ပါသည်
၄	ဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက် ရေး ဆောင်ရွက်ခြင်း	၃,၅၀၀,၀၀၀	
	စုစုပေါင်း	၁၀,၀၀၀,၀၀၀	

မိုင်းပိတ်သိမ်းခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းဆောင်ရွက်မည့်အဖွဲ့သည် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ လျော့နည်းသက်သာစေရေး၊ သဘာဝ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များချမှတ် ဆောင်ရွက်ရာတွင် စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရန်နှင့် ထပ်မံကြုံတွေ့လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများကို ထိန်းသိမ်းကာကွယ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ သတ်မှတ်ထားသော ရံပုံငွေနှင့်လုံလောက်မရှိပါက ထပ်မံဖြည့်စွက် သုံးစွဲမည်ဖြစ်ပါသည်။

ဆူညံသံ

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်စက်/ယန္တရားများ၊ ယမ်းခွဲခြင်း များကြောင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည်ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းပြီးကာလ
နေရာ	သတ်မှတ်ထားသောဧရိယာအလိုက် ယမ်းခွဲသည့်လုပ်ငန်းခွင် Lattitude 21° 2' 3.00'N Longitude 97° 15' 27.22" E
အကြိမ်ရေတိုင်းတာ စစ်ဆေးမည့် Parameters	(၆)လ တစ်ကြိမ် နေ့အချိန်(70)dB ၊ ညအချိန် (0.02)Ft/ sec^2
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	တစ်လတစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	နေ့ချိန်

မြေပေါ်ရေ၊ မြေအောက်ရေအရည်အသွေး

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊ မိုင်းပိတ်သိမ်းပြီးကာလ၊
နေရာ	ရေချောင်း(Lattitude;21°2'47.90 " N Longitude; 97°15'12.45" E
အကြိမ်ရေ တိုင်းတာစစ်ဆေးမ ည့် Parameters	တစ်နှစ်လျှင် (၂) ကြိမ် Hardness, Turbidity, Fe(mg/lit) , Suspended Soild(mg/lit) , Lead (mg/lit) , Arsenie (mg/lit) , Total Bod (mg/lit) , COD (mg/lit)
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ

လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	အပတ်စဉ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု) လမ်းညွှန်ချက် စွန့်ထုတ်အရည်အသွေးအတိုင်းလိုက်နာဆောင်ရွက်ပါမည်။ ဓာတ်ခွဲနမူနာအား ဓာတ်ခွဲစမ်းသပ်ပါမည်။

လေထုအရည်အသွေး

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊
နေရာ	လုပ်ငန်းခွင်ဧရိယာ Lattitude 21° 2' 3. 00'N Longitude 97 ° 15' 27.22" E ပါမိုက် Lattitude 21° 2' 14. 19'N Longitude 97 ° 14' 40.87" E
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	(၆)လ တစ်ကြိမ် Parameters များမှာCarbon monoxide(CO), Hydrogen Cyanide (HCN), Nitrogen Dioxide (NO2), Nitrous Oxide(NO), Particulate Matters (PM10), Particulate Matters (PM2.5), Sulphur Dioxide(SO2), Temperature(°C), Humidity(%) တို့အား တိုင်းတာ စစ်ဆေး ပါသည်။
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်
သတ်မှတ်ချက်	အမျိုးသားပတ်ဝန်းကျင်အရည်အသွေး(ထုတ်လုပ်မှု) လမ်းညွှန်ချက်များနှင့် National Ambient Air Quality များနှင့် အညီထိန်းသိမ်းဆောင်ရွက်ပါမည်။

မြေထုအရည်အသွေး

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်စက်/ယန္တရားများ၊ မြေယာအသုံးပြုမှုများကြောင့် ပတ်ဝန်းကျင်မြေထုအပေါ်သက်ရောက်မှုအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည်ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊
နေရာ	စွန့်ပစ်စာပုံ Lattitude 21° 02' 25.19"N Longitude 97 ° 15' 21.59" E
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	လုပ်ငန်းဆောင်ရွက်စဉ်မိုင်းပိတ်သိမ်းကာလ Sample, PH Svil-water 1.2.5, Organic carbon, Total N, Available Nutrients K_2O- P
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန် (၆)လ တစ်ကြိမ် သတလ(၁) ECD သို့တင်ပြရန်။
သတ်မှတ်ချက်	စွန့်ပစ်မြေစာပုံများ တိုတ်စားပြိုကျမှု မရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေးနှင့် အသုံးပြုပြီးသောနေရာများ အစားထိုးစိုက်ပျိုးမှုအခြေအနေများ စစ်ဆေးမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှု

စီမံကိန်းမှအသုံးပြုသော ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ၊ သိုလှောင်ခြင်း စွန့်ထုတ် ခြင်းများကိုစနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိပစ္စည်းများကြောင့် ဝန်ထမ်းများ အန္တရာယ်ဖြစ်စေခြင်း၊ မြေထု၊ မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းခြင်း၊ ပတ်ဝန်းကျင်ရှိ ဒေသခံများအား အန္တရာယ်ဖြစ်စေခြင်း၊ သတ္တဝါနှင့်အပင်များ ဖြစ်ထွန်းမှုများအား ထိခိုက်စေခြင်းစသည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်တို့အား ထိခိုက်စေနိုင်မည်ဖြစ်ပါသည်။ ခနောက်စိမ်းတူးဖော်ရာတွင် ယမ်းအသုံးခြင်း၊ သန့်စင်ရာတွင် ဓာတုအသုံးပြုခြင်းနှင့် ယာဉ်နှင့်စက်များအသုံးပြုသည့်အတွက် စက်ဆီချောဆီ အဟောင်းများ ထွက်ရှိခြင်းတို့ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်သည့်ကာလ မိုင်းပိတ်သိမ်းသည့်ကာလ၊ မိုင်းပိတ်သိမ်းပြီးကာလ
နေရာ	ယမ်းတိုတ် ၊ ဓာတု သိုလှောင်နေရာ၊ ဆီသိုလှောင်ရုံ
အကြိမ်ရေ တိုင်းတာစစ်ဆေးမည့် Parameters	အပတ်စဉ်စစ်ဆေးပါမည်။ ထားသို၊ သုံးစွဲ၊ စွန့်ပစ်မှုအခြေအနေများ ဖိတ်စင်မှုအခြေအနေများနှင့် မီးဘေးအန္တရာယ်ကာကွယ်ထားရှိမှု အခြေအနေများကို စစ်ဆေးပါမည်။

တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့	စောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးအဖွဲ့
အစီရင်ခံခြင်း	(၁)လ တစ်ကြိမ် အုပ်ချုပ်မှုဒါရိုက်တာထံ တင်ပြရန်၊ (၆)လ တစ်ကြိမ် အမှတ်(၁) သတ္တုတွင်းလုပ်ငန်းသို့တင်ပြရန်။
သတ်မှတ်ချက်	မြေပေါ်ရေမြေအောက်ရေ၊မြေဆီလွှာများညစ်ညမ်းမှုမရှိစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအားထိခိုက်မှုမရှိစေရေး၊မီးအန္တရာယ်မဖြစ်စေရေးအတွက်စီမံဆောင်ရွက်ပါမည်

ဂေဟာစနစ်

ဂေဟာစနစ်ဖြစ်ထွန်းမှုမှာ ၎င်းဒေသ၏ မြေဆီလွှာအရည်အသွေး၊ ရာသီဥတုနှင့်ပင်လယ်ရေ မျက်နှာပြင်အမြင့်အပေါ်တွင် မူတည်၍ ဖြစ်ပေါ်ခြင်း ဖြစ်ပါသည်။ ခနောက်စိမ်းတူးဖော်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်းမှ ဂေဟာစနစ်ဖြစ်ထွန်းမှုအပေါ် တိုက်ရိုက်နှင့်သွယ်ဝိုက် ၍ ထိခိုက်မှုများ အား ဖြစ်ပေါ်စေနိုင်သည်။ ခနောက်စိမ်းစီမံကိန်းဧရိယာသည်ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုန်း ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေးအဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိရပါ သည်။ ဂေဟာစနစ်အား အဓိကထိခိုက်မှုဖြစ်စေသည့် အချက်များမှာ မြေယာအသုံးချမှုများ၊ သစ်တောသစ်ပင်ပြုန်းတီးမှုများ၊ ဒေသပေါက်ပင်များအစား အခြားဒေသမှ သစ်ပင်များ ဝင်ရောက်အစားထိုးပေါက်ရောက်စေခြင်း၊ မြေပေါ်ရေ၊မြေအောက်ရေ အရည်အသွေးများ ပြောင်းလဲစေခြင်း၊ဆူညံသံများ ဖြစ်ပေါ်စေခြင်းစသည့် အချက်များ ဖြစ်ပေါ်စေပါသည်။ အချို့သောထိခိုက်မှုများမှာ ရေကို ကာလအတွင်း ထိခိုက်စေခြင်းဖြစ်ပြီး အချို့မှာရေရှည် ဂေဟာစနစ်ထိခိုက်မှုမရှိရေးအတွက် လျော့ချမည့် အစီအမံများအဖြစ် မြေယာ အသုံးချမှုများ အနည်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း၊ သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း စသည့်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ထိခိုက်မှုရှိစေရေးအတွက် စောင့်ကြပ် ကြည့်ရှုစစ်ဆေး မည် ဖြစ်ပါသည်။

စစ်ဆေးမည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တုတွင်း ပိတ်သိမ်းသည့်ကာလများတွင် ဆောင်ရွက်ပါမည်။
နေရာ	ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ ပေါက်ရောက် နေသော ဧရိယာများ ၊ အစားထိုးစိုက်ပျိုးထားသောမြေနေရာများ၊
အကြိမ်အရေအတွက် နှင့်စစ်ဆေးမည့်အကြောင်းအရာများ	(၆)လ တစ်ကြိမ် စဉ်စစ်ဆေးမည် ဖြစ်ပါသည် ။ ထိန်းသိမ်းထားသော သဘာဝပေါက်ပင်များ ၊ ရေအရည်အသွေးများ၊ မြေယာအသုံးချမှု နှင့် ပြန်လည်ထူထောင်မှု အခြေအနေ ၊ အခြားသော မျိုးစိတ်များ အစားထိုးပေါက်ရောက်မှု အခြေအနေများ၊
တာဝန်ယူ မည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်	စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် အဖွဲ့

ရွက်မည့်အဖွဲ့	
အစီရင်ခံခြင်း	(၆) လတစ်ကြိမ် အမှတ်(၁) သတ္တုတွင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အုပ်ချုပ်မှု ဒါရိုက်တာ ထံတင်ပြရန်၊
သတ်မှတ်ချက်	တောတောင် ပြုန်းတီးမှု မရှိစေရေးနှင့် ရေစီးချောင်းရေများ ညစ်ညမ်းမှု မရှိစေရန်၊ တိမ်ကောမှုမရှိစေရန် ၊ စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုပတ်ဝန်းကျင်အခြေအနေ

ပါမိုက်ဒေသရှိ ခနောက်စိမ်းသတ္တု တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမ်းခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြု၍ ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်ခြင်းများတွင် စီမံကိန်းလုပ်ကွက်သည် အနီးဆုံးကျေးရွာနှင့် (၁)မိုင်ကျော်ခန့် ဝေးကွာသောကြောင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်မှုမရှိပါ။ ခနောက်စိမ်းသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်မှုကြောင့် ဒေသရှိလူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် လေထု၊ မြေထု၊ ရေထု ညစ်ညမ်းမှု အခြေအနေများနှင့် သယ်ယူပို့ဆောင်မှု လုပ်ငန်းမှ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေးအတွက် စောင့်ကြပ် ကြည့်ရှု စစ်ဆေးမည် ဖြစ်ပါသည်။

စစ်ဆေး မည့်ကာလ	လုပ်ငန်းအကောင်ထည်ဖော်ဆောင်ရွက်သည့်ကာလ၊ သတ္တုတွင်း ပိတ်သိမ်းသည့်ကာလများတွင် ဆောင်ရွက်ပါမည်။
စစ်ဆေးမည့် နယ်ပယ်	ကျန်းမာရေးဆိုင်ရာထိခိုက်မှု (ဆူညံသံ၊ တုန်ခါမှု ၊ ဖုန်မှုန့်ပျံ့လွင့်မှု ၊လေထုအရည်အသွေး) များအား စစ်ဆေးပါမည် ။ ဒေသအလုပ်သမားခန့်ထားရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျေးရွာလမ်းများတွင် စီမံကိန်းဆိုင်ရာ ယဉ်များကြောင့် ယဉ်အန္တရာယ်၊ ဆူညံ့သံ၊ ဖုန်မှုန့် ထွက်ရှိမှု မရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများအား ကျေးရွာအုပ်ချုပ်မှု တာဝန်ရှိသူများအပြင် ရပ်မိရပ်ဖများနှင့် ဆွေးနွေး စီမံဆောင်ရွက်မည့် ကိစ္စရပ်များ၊
စစ်ဆေးမည့် အကြိမ် Paramenters	ဆူညံသံများအား လုပ်ငန်းဆောင်ရွက်သည့် အချိန်များတွင် တိုင်းတာစစ်ဆေးမည် ဖြစ်ပြီး၊(၃)လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်ဖြစ်ပါသည်။ (၆) လတစ်ကြိမ် လေအရည်အသွေးအား စစ်ဆေးမည့် Parameters များမှာCarbon monoxide(CO), Hydrogen Cyanide (HCN), Nitrogen Dioxide (NO2), Nitrous Oxide(NO), Particulate Matters (PM10), Particulate Matters (PM2.5), Sulphur Dioxide(SO2), Temperature(°C), Humidity(%) တို့အား တိုင်းတာ စစ်ဆေး ပါသည်။ (၆)လတစ်ကြိမ်- pH, Fe(mg/lit), copper(mg/lit), lead(mg/lit), Zinc(mg/lit), Aresenic (mg/lit), Total supended soil sulphate

	(SO4=) (mg/lit), BOD (mg/lit), COD (mg/lit)
တာဝန်ယူမည့်အဖွဲ့	လုပ်ငန်းကြီးကြပ်မှုကော်မတီ
လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့	စောင့်ကြပ် ကြည့်ရှု စစ်ဆေးသည့်အဖွဲ့နှင့် မော်တော်ယဉ် ဌာနခွဲ
အစီရင်ခံခြင်း	(၃)လ တစ်ကြိမ် ဒါရိုက်တာအဖွဲ့ ထံတင်ပြရန်၊ (၆)လ တစ်ကြိမ်
သတ်မှတ်ချက်	စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် ကျေးရွာများအား ထိခိုက်မှု မရှိစေရန် ၊ကျေးရွာဒေသခံများနှင့် စီမံကိန်း အကြား ကောင်းမွန်သောအမြင်၊ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်၊

အခန်း(၁၃)
အကြံပြုတင်ပြချက်

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခနောက်စိမ်းစမ်းသပ်တိုင်းတာရေး လုပ်ကွက်သည်သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ အမျိုးအသားအဆင့်ပြည်နယ် အဆင့်သတ်မှတ်ကာကွယ်ထားသော ဇီဝမျိုးစုံ/မျိုးကွဲထိန်းသိမ်းရေးနယ်မြေများ၊ အများပြည်သူ ဆိုင်ရာသစ်တောသိပ္ပံပညာရပ်အတွက် ထိန်းသိမ်းထားသောနယ်မြေများနှင့် မျိုးတုန်း ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးတိရိစ္ဆာန်များထိန်းသိမ်းထားသော နယ်မြေများတွင် ပါဝင်မှုမရှိပါ။ ပါးမိုက်လုပ်ကွက်နှင့်အနီးဆုံး ပါးမိုက်ကျေးရွာမှာလုပ်ကွက်နှင့်(၁.၅)မိုင် ကျော်ခန့်ကွာဝေးပြီးအိမ်ခြေ(၄၀)ကျော်နှင့် လူဦးရေ(၁၈၃)ဦးခန့်သာရှိပါသည်။ စီမံကိန်း ဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်အား အနည်းငယ်ထိခိုက်မှုသာ ဖြစ်ပေါ်စေနိုင်ပြီး ထိခိုက်နိုင်မှုအတိုင်းအတာလျော့နည်းနိုင်သမျှ လျော့နည်းသက်သာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် (IEE)အစီရင်ခံစာပါအချက်အလက်များ အားလေးစားလိုက်နာ၍ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် အောင်တူးဖော်ရေးလုပ်ငန်းများ အားစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်းအကြံပြုပါသည်။

စမ်းသပ်တိုင်းတာမှုများအရပါ မိုင်းဒေသစီမံကိန်းလုပ်ကွက်တွင် ခနောက်စိမ်းသတ္တုရိုင်း တန်ချိန်မစ်ထရစ်တန်(၁၈၆၃၀)တွက်ချက်ရရှိခဲ့ပါသည်။ တွင်းထွက်သယံဇာတဟူသမျှသည် မြေပေါ်သို့တူးယူသယ်ထုတ်သန့်စင်၍ အသုံးချနိုင်၊ရောင်းဝယ်နိုင်မှသာ အဖိုးတန်တွင်းထွက် သယံဇာတဟုခေါ်ဆိုနိုင်ပါသည်။ မြေအောက်တွင်သဘာဝအတိုင်းရှိနေပါက တန်ဖိုးမဲ့ နေမည်သာဖြစ်ပါသည်။ လူသားများနေ့စဉ်သုံးစွဲသော ပစ္စည်းများတွင် သတ္တုပစ္စည်း တစ်ခုခုနှင့် ကင်းကွာ၍ မရနိုင်ပေ။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် ရှားပါးသတ္တုများအား (Rare earth minerals) တူးဖော်ရှာဖွေ၍ နည်းပညာမြင့်မားစွာဖြင့် သန့်စင်မှုပြုလုပ်ကာ လူမှုဘဝတွင်

လည်းကောင်း၊ သိပ္ပံပညာနယ်ပယ်တွင်လည်းကောင်း ထည့်သွင်းအသုံးပြုနေကြပါသည်။ သို့ဖြစ်သောကြောင့်ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် မိမိတို့နိုင်ငံအနေဖြင့်စက်မှုထုတ်ကုန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များကို နိုင်ငံတာကာသို့ထုတ်လုပ်မတင်ပို့နိုင်သေးသည့် ကာလတွင် သယံဇာတပေါ်ကြွယ်ဝမှုကို အရင်းအနှီးပြုကာတူးဖော်ထုတ်လုပ်ရောင်းချမှုများ ဆောင်ရွက်နေရဦးမည်ဖြစ်ပါသည်။ သတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးသည်လည်း အရေးကြီးပါသည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ဆောင်ရွက်သည့်အဖွဲ့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှု(Impacts)မှ ကာကွယ်ထိန်းသိမ်းလျော့ချနိုင်မည့် အစီအစဉ်များကိုပတ်ဝန်းကျင် ဆိုင်ရာကျွမ်းကျင်ပညာရှင်ရှုထောင့်မှ ရေးသားတင်ပြပြီးအလေးထားလိုက်နာဆောင်ရွက်ရန် အကြံပြုခြင်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ လည်းစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားပါက နိုင်ငံတော်အတွက်၊ ဒေသအတွက်၊ ကုမ္ပဏီ အတွက်ကောင်းကျိုးများရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုဖြစ်ပေါ်နိုင်မည့်အလားအလာ အလွန်နည်းသော စီမံကိန်းဒေသဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ခနောက်စိမ်းသတ္တုရိုင်း စမ်းသပ်တိုင်းတာမှုအား အလတ်စားထုတ်လုပ်မှုလုပ်ငန်းသို့ ခွင့်ပြုပေးသင့်ကြောင့် အကြံပြု တင်ပြအပ်ပါသည်။

အခန်း(၁၄)
နိဂုံး

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ မောက်မွန်းကျေးရွာအုပ်စု၊ ပါးမိုက်ဒေသတွင် ခနောက်စိန်းသတ္တုရိုင်းတူးဖော်မှု ဆောင်ရွက်ရာ၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ခနောက်စိမ်းသတ္တုများအား စနစ်တကျတူးဖော် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများနှင့်ဒေသခံများ အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ရရှိစေရုံမက နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာနှင့်နိုင်ငံခြားငွေများ ရရှိစေမည်ဖြစ်ပါသည်။ ကျေးရွာဒေသခံများ၏ ဖွံ့ဖြိုးတိုးတက်ရေး လူနေမှုအဆင့်အတန်းမြင့်မားရေး ကုမ္ပဏီမှ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဌာနမှ ချမှတ်ထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်ရာဌာနများမှ ညွှန်ကြား၍ လမ်းညွှန်ချက်များနှင့် အညီသတ္တုများ တူးဖော်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရည်မှန်းချက်ကို ဟန်ချက်ညီညီ ထိန်းသိမ်းလုပ်ဆောင်ရင်းလုပ်ငန်းများ တိုးတက်စေရန်ကြိုးပမ်းဆောင်ရွက်ပါမည်။

ဦးဇော်ဝင်းသန်း
အဖွဲ့ခေါင်းဆောင်
(ကြားကာလအကြံပေးပုဂ္ဂိုလ်လက်မှတ်ရ)

ဦးတင့်အောင်
(အကြီးတန်းဘူမိဗေဒပညာရှင်)

ဦးခွန်ဆုဗွေ
(ဘူမိဗေဒပညာရှင်)

ဦးကျော်နိုင်
(မိုင်းနင်းအင်ဂျင်နီယာ)

ဦးဇေသန်းမောင်
(ဘူမိဗေဒပညာရှင်)

ဦးကျော်မင်းဦး
(ရက္ခဗေဒသိပ္ပံဘွဲ့)

ဒေါ်နှင်းနှင်းလတ်
(စီးပွားရေးဘွဲ့)

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က)

ကတိကဝတ်ပြုသည့်အချက်များ

ကတိကဝတ်များ

ကောင်တန်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ် မောက်မွန်းကျေးရွာအုပ်စု၊ ပါမိုင်းကျေးရွာအနီး လိုင်ဟာများဒေသအတွင်း ခနောက်စိမ်းလုပ်ကွက်၏ ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အကျဉ်းချုပ်ထားသော ကတိကဝတ်ပြုချက်စာရင်းကို စီမံကိန်းဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ ဖြစ်နိုင်ချေရှိသော ထိခိုက်မှုများအား စီမံခန့်ခွဲရန် နှင့်လျော့ချဆောင်ရွက်ရအောင် အောက်ပါဖော်ပြပါ ဇယားအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားပါသည် ။

တည်ဆောက်ရေးကာလ ၊ လည်ပတ်ရေးကာလ ၊ ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းခြင်း ပြီးကာလများ တွင်ရှိ စီမံကိန်းလုပ်ငန်း ကဏ္ဍအားလုံးတွင် ကတိကဝတ်ပြုထားသည့်အတိုင်း အကောင်အထည်ဖော်၍ လိုက်နာဆောင်ရွက်ပါမည်။ သက်ဆိုင်သော ကတိကဝတ်များနှင့် မှတ်တမ်းပြုတင်ပြချက်များကို ပတ်ဝန်းကျင်လူမှုရေးနှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်စစ်ဆေးကြည့်ရှုမည့် အစီအစဉ်များဖြင့် အကောင်အထည်ဖော်သွားပါမည် ။

စီမံကိန်း၏ အဓိက ကတိကဝတ်ပြုချက်များ

စဉ်	ကတိပြုသည့် ရင်းမြစ်	ကတိကဝတ်များ	IEE ကိုးကားချက်
၁	ကတိကဝတ်	- စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများမှ ရရှိလာသောအပေါ်ယံ ဖယ်ရှားထားသည့် စွန့်ပစ်မြေစာများ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးကို စနစ်တကျ ဆောင်ရွက်ပါမည်။ - လုပ်ငန်းဆောင်ရွက်နေစဉ် တူးဖော်ပြီးကျင်းဟောင်းများတွင် မြေစာများ ပြန်လည်ဖြည့်တင်းခြင်း လုပ်ငန်းများကို ဆောင်ရွက် ပါမည်။ - မြေစာဖြည့်တင်းပြီး ကျင်းဟောင်းများအပေါ်တွင် မြေညှိ ၊ မြေဆွေးများဖုံးအုပ်၍ သစ်ပင်များ စိုက်ပျိုး ပါမည် ။ - မိုးတွင်းကာလတူးဖော်ထားသော ကျင်းများအတွင်း ဝင်ရောက် သောရေများကို ပြင်ပသို့မစွန့်ထုတ်မီ ၊ ရေနမူနာ ကောက်ယူ စစ်ဆေး၍ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်များ ၊ စွန့်ထုတ် ရည်အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှ ပြင်ပသို့ အနည် ထိုင်ကန်မှ တဆင့် စေလွှတ်ပါမည် ။ - ခနောက်စိမ်းများကို သယ်ယူပို့ဆောင်ရာတွင် ခနောက်စိမ်း မှုန့်များ နှင့်ဖုန်မှုန့် များပျံ့လွင့်မှုကြောင့် လူမှုဝန်းကျင် ထိခိုက်မှုမရှိစေရေး နှင့် လေထုညစ်ညမ်းမှုမရှိစေရေးတို့အတွက် ခနောက်စိမ်းလုပ်ကွက် အတွင်း၊ ခနောက်စိမ်း သယ်ယူသည့် လမ်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာသည့် ကိရိယာ များတပ်ဆင်၍ တိုင်းတာ စစ်ဆေးခြင်းကို မိုးရာသီမှအပ ၊ ကျန်ကာလများတွင် တိုင်းတာစစ် ဆေးရန်နှင့် သတ်မှတ်စံနှုန်းများထက် ကျော်လွန်ပါကဖုန်မှုန့် ပျံ့လွင့်မှု လျော့ချ ရေးအတွက် စီမံဆောင်ရွက်ပါမည် ။	အခန်း(၂) ၂.၁

		- စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ဝန်ထမ်း နေအိမ်များ ၊ ရုံးအဆောက်အဦးများနှင့် ဆက်စပ် ဒေသအတွင်း ဆူညံသံ အား (55-75)dB အတွင်း ရှိစေရေးအတွက် ဆောင်ရွက်ပါ မည်။ - ခနောက်စိမ်းလုပ်ကွက်ဧရိယာနှင့် ဆက်စပ်နယ်မြေ အတွင်း စိမ်းလန်းစိုပြေရေး ၊ ဂေဟာစနစ် ဖွံ့ဖြိုး ရေး နှင့် မြင်ကွင်း ရှုခင်းများ မျက်စိပသာဒ ဖြစ်စေ ရေး အတွက် သစ်ပင်များ အား စိုက်ပျိုးခြင်း၊ပြုစု စောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက် ထား ပါ မည်။ - ခနောက်စိမ်း - လုပ်ကွက်ဧရိယာနှင့် ဆက်စပ်လျက် ရှိသော ပတ်ဝန်းကျင် ကျေးရွာများ၏ဘာသာရေး၊ ပညာရေး၊ လမ်းပန်း ဆက်သွယ်ရေး နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါ သည်။ - ခနောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် ဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းစေ ရန် ကျန်းမာရေး ထိခိုက်မှုမရှိစေရန်အတွက် စနစ် တကျစီမံ ဆောင်ရွက် ပါမည် ။ - ခနောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းတွင် တာဝန်ထမ်း ဆောင်နေ သော ဝန်ထမ်းများ၏ သက်သာ ချောင်ချိရေး ကိစ္စရပ်များအား ဆောင်ရွက် ပေးပါမည်။ - ခနောက်စိမ်းတူးဖော်ခြင်းတွင် အသုံးပြုထားသော မြေ နေရာ များအား သင့်လျော်သော မြေယာအသုံးချမှု လုပ်ငန်း တစ်ရပ် ထူထောင် နိုင်သည် အထိ စီမံ ဆောင်ရွက်ပါမည်။ - လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင် ထိခိုက် မှုမရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် လုပ်ငန်းများကို လည်း ပုံမှန်ဆောင်ရွက် သွားပါမည်။	
၂	ဥပဒေမူ ဘောင်	အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)/** **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)** (ဥပဒေ)ပုဒ်မ ၇ ၊ ပုဒ်မ ၁၀ ၊ ပုဒ်မ ၊ပုဒ်မ ၁၄ ၊ ပုဒ်မ ၁၅ ၊ပုဒ်မ ၂၁ ၊ ပုဒ်မ ၂၂ ပုဒ်မ ၂၈ ၊ ပုဒ်မ ၃၁၊ ၃၂ (နည်းဥပဒေ)ပုဒ်မ ၃၀ ပုဒ်မ ၅၄၊ ၅၅၊ ပုဒ်မ ၆၇ ၊ ပုဒ်မ ၆၈ **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၅)** ပုဒ်မ ၄ ၊ပုဒ်မ ၅ ၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၁၃ (က) ၊ ပုဒ်မ ၂၃ (က) ၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄ ၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၃၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၁၀၆ ၊ ပုဒ်မ ၁၀၇၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၂၆(က) **မြန်မာ့သတ္တုတွင်းဥပဒေ(၁၉၉၄)+မြန်မာ့သတ္တုတွင်းဥပဒေအား ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)** ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၈ ၊ပုဒ်မ ၂၅ ၊ ပုဒ်မ ၂၇၊	အခန်း ၃

		ပုဒ်မ ၂၉၊ **မြန်မာ့သတ္တုတွင်းနည်းဥပဒေ (၂၀၁၈)** ပုဒ်မ ၈၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၈(ခ)၊ ပုဒ်မ ၁၉၊ ပုဒ်မ ၅၁၊ ၆၇၊ ၈၅၊ ပုဒ်မ ၅၃၊ ၈၇၊ ပုဒ်မ ၆၄(ဆ)၊ ပုဒ်မ ၁၀၆(င)၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၃၈ (စ) ပုဒ်မ ၁၄၁(က)(ခ)(စ)(ဇ) ၊ ပုဒ်မ ၁၄၃ (က)၊ (ခ)(ဂ)၊ ပုဒ်မ ၁၄၇(ဃ) ၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၅၃၊ ပုဒ်မ ၁၅၄ (ဂ)၊ ပုဒ်မ ၁၇၀ (ဂ) ၊ ပုဒ်မ ၁၇၂ (က) (ခ) ပုဒ်မ ၁၉၄(က)၊ ပုဒ်မ ၁၉၅ **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈)** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန** ပုဒ်မ ၃(က)၊ ပုဒ်မ ၄၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၆ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ ပုဒ်မ ၁၉ (ဂ)၊ ပုဒ်မ ၂၅ (က)၊ ပုဒ်မ ၂၇ (က) **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃- စက်မှုဝန်ကြီးဌာန)** ပုဒ်မ ၁၃၊ ပုဒ်မ ၁၅၊၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ၂၁၊ ၂၂၊ ပုဒ်မ ၂၃၊ ၂၄၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၃၊၃၄၊၃၅၊ ပုဒ်မ ၄၅ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၉)** **ပြည်ထောင်စုအစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန** ပုဒ်မ ၃၊ ပုဒ်မ ၄ (င)၊ ပုဒ်မ ၆ (က)(ခ)(ဂ)(ဃ)(င)၊ ပုဒ်မ ၈၊ ၉၊ ပုဒ်မ ၁၁ (က) (ခ) (ဂ)၊ ပုဒ်မ ၁၅ (က) (ခ) (ဂ)၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၄၊ ၂၅ ၊ ပုဒ်မ ၃၂ • လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ(၂၀၁၈) • လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ(၂၀၁၉) • သဘာဝဘေးအန္တာရယ်ကာကွယ်ရေးဥပဒေ(၂၀၁၃) • တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝနယ်မြေများကာကွယ်ရေးဥပဒေ(၁၉၉၄) • ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) • ရှေးဟောင်းပစ္စည်းများနှင့် ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒ (၂၀၁၅) • ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ဥပဒေ(၁၉၉၈) • မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ (၂၀၁၈)		

		• ဓာတုပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တာဆီးကာကွယ်ရေး ဥကဒေ(၂၀၁၃)
		• မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၉)
		• သစ်တောဥပဒေ(၂၀၁၈)
		  • မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)
		  • ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ(၂၀၁၃)
		  • ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)
		  • အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)
		  • အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)
		  • အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒ(၂၀၁၆)
		  • တောရိုင်းတိရိစ္ဆာန်နှင့်သဘာဝနယ်မြေများကာကွယ်ရေးဥပဒေ(၁၉၉၄)
		  • The Emer gency Provision Act (1950)
		  • လူမှုဖူလုံရေးအက်ဥပဒေ(၁၉၅၄)
		  • လူမှုဖူလုံရေးအက်ဥပဒေ(၂၀၁၂)
		  • မြေအောက်ရေအက်ဥပဒေ(၁၉၃၀)
		  • မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)
		  • ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာ ဥပဒေ (၂၀၁၈)
		  • မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)
		  • သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)
		  • ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းဆိုင်ရာ ဥပဒေ(၂၀၁၈)။
		  • ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တာရာယ်မှ ကာကွယ်ဥပဒေ (၂၀၁၃)	

၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် လူမှုရေး ဆိုင်ရာစံချိန်စံညွှန်းမ ျား	အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး ၊ ထုတ်လွှတ်မှု လမ်းညွှန်ချက်များ အတိုင်း စွန့်ထုတ် အရည် အဆင့်သတ်မှတ်ချက်များ ၊ လေထုအရည်အသွေး၊ ဆူညံသံ၊ လူမှုရေးနှင့်ဆိုင်ရာ လိုက်နာ ဆောင်ရွက် ရမည့် အချက်များ ၊ နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့် သဘော တူစာချုပ် များ ၊ နိုင်ငံတကာ မူဝါဒများအား လိုက်နာဆောင်ရွက်သွားပါမည် ။	၃.၅
၄	ဆူညံသံ	ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့် ဆူညံသံနှင့် တုန်ခါမှုများကို လျော့နည်းစေရန် အတွက်လုပ်ငန်းအတွက် ယာဉ်၊ ယန္တရားများ လိုအပ်ချက်များကို အနည်းဆုံး အရေအတွက်ဖြင့် အသုံးပြုခြင်း ၊စက်ကြီး များ လည်ပတ်ရာတွင် အသံထိန်းအကာအကွယ်များ တပ်ဆင်ခြင်း၊ ယမ်းခွဲရာတွင် Detonation ReLay များခံ၍ ယမ်းသုံးခွဲမှု ပမာဏအား ကန့်သတ်၍ တစ်ရက်တစ်ကြိမ်နှုန်း ယမ်းခွဲခြင်း တို့အား လိုက်နာဆောင် ရွက်ပါမည် ။	အခန်း(၇) ၇.၃.၁

၅	စွန့်ပစ်ရေ စီမံခန့်ခွဲမှု	ရေစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုကြောင့် မြေပေါ်ရေ၊မြေအောက် ရေ အရည်အသွေးအပေါ် ထိခိုက်မှု ထွက်ရှိမည့် အရင်းအမြစ်နှင့် လျော့နည်းစေရန် - စီမံကိန်း လုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပြစ် ရေများအား တိုက်ရိုက်စွန့်ပစ်ရေကန်များ၊ အနယ်ထိုင်ကန် များ အတွင်း သိုလှောင်၍ ဓာတ်ခွဲစမ်းသပ်ပြီး၊ အမျိုးသား ပတ်ဝန်းကျင် အရည် အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၏ စံချိန်စံညွှန်း နှင့် ကိုက်ညီမှစွန့်ပစ်မည်ဖြစ်ပါသည်။ မိုးရာသီတွင် မိုးရေ များဖြတ် သန်းစီးဆင်းမည့်ရေများ လုပ်ကွက်တွင်း အနည် အနစ်များပါဝင် နိုင်သဖြင့် ဖြတ်သန်းစီးဆင်းမည့်ရေများ အား ရေနုတ်မြောင်းများ ဖြင့် ရေစည်း၍ (၁၅×၁၀)ပေ၊ အနက်(၁၀)ပေရှိ အနည်ကန် များ အတွင်း အနယ်ထိုင်စေခြင်း၊ ရေနမူနာကောက်ယူ ဓာတ်ခွဲ စမ်းသပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက် ပါမည်။	အခန်း(၇) ၇.၃.၂
၆	ပတ်ဝန်း ကျင်လေထု စီမံခန့်ခွဲမှု	စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့်လေထု အရည် အသွေး ထိခိုက်မှုလျော့နည်းစေရန် မြေအောက် လိုဏ်ခေါင်း၊ ယမ်းပေါက်ဖောက် ရာတွင် လေထုအတွင်း လွင့်ပါ ပျံ့နှံ့ခြင်းမရှိစေရန် Drill Rock (လွန်ချောင်း)တွင် ရေဖြန်းစနစ် တပ်ဆင်ခြင်း၊ သယ်ယူပို့ဆောင်ရေး လမ်းများ တစ်လျှောက် အမှုန်အမွှာများ၊ ဖုန်မှုန်များ ထွက်ရှိမှု လျော့နည်းစေရန် တစ်ရက်တစ်ကြိမ် ရေဖြန်းခြင်း၊ ကြိတ်ခွဲရာတွင် လည်း အမှုန်အမွှား၊ ဖုန်မှုန့်များ ထွက်ရှိမှု လျော့နည်းစေရန် ရေဖြန်းကြိတ်ခွဲခြင်းများသည်တို့ကို လိုက်နာ ဆောင်ရွက် ပါမည်။	အခန်း(၇) ၇.၃.၃
၇	စွန့်ပြစ် ပစ္စည်း စီမံခန့်ခွဲမှု	- သတ္တုတူးဖော်ခြင်းထွက်ရှိလာသော စွန့်ပစ်မြေစာနှင့် စွန့်ပစ် ကျောက်များကို စုပုံမည့် မြေနေရာ ၊အမြင့် တို့အား ကြိုတင်ပြင် ဆင်ပုံစံပြု၍ စနစ်တကျစုပုံ ထားပြီး မိုင်းပိတ်သိမ်း ချိန်တွင် ပြန်လည်အသုံးပြုရန် စီမံဆောင်ရွက်ပါမည် ။ - စွန့်ပစ်မြေစာပုံနှင့် စွန့်ပစ်ကျောက်ပုံများပေါ် မိုးကာလ မိုးရာသွန်း မှုကြောင့် မိုးရေတိုက်စား၍ အနည်များ မျှောပါပြီး မြေထုညစ်ညမ်း မှုမရှိစေရန် မြေစာပုံ၏ ပတ် လည်တွင် မြောင်းများတူးဖော်ခြင်း ၊ မိုးရေတိုက်စား ၍ မြေစာပုံ ပြိုခြင်း မရှိစေရန် စီမံဆောင်ရွက်ပါမည် ။ - အမြုပ်ဖော်သန့်စင်ခြင်းလုပ်ငန်းမှ စွန့်ပစ်မြေစာများ၊စွန့်ပစ်ရေများ ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန်နှင့် အမြုပ်ဖော် သန့်စင်စက်ရုံမှ စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာကန်နှင့် အနည် ထိုင်ကန်များ တည်ဆောက်ခြင်း၊အနည်ထိုင်ကန်များမှ ရေကြည်များအား အမြုပ်ဖော်သန့်စင်မှု လုပ်ငန်း တွင်ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်မြေစာကန်နှင့် စွန့်ပစ်ရေကန်များ	အခန်း(၇) ၇.၃.၄

		တည်ဆောက်ရာ မြေ အောက် သို့ စွန့်ပစ်ရေစိမ့်ထွက်ခြင်း မရှိစေရေးအတွက် စီမံဆောင် ရွက်ခြင်း၊ စွန့်ပစ်မြေစာပြည့်သော စွန့်ပစ်ကန်များအား အပေါ်ယံ မြေစာများနှင့် မြေဆွေးများဖုံးအုပ်၍ သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း၊ လုပ်ငန်းများဆောင်ရွက်ပါမည်။ _ ခနောက်စိမ်း အောက်ဆိုဒ်ထုတ်ယူခြင်းလုပ်ငန်းမှ ဓာတ်ငွေ့ ထွက်ရှိမှုပမာဏ၊ SO_2 ဓာတ်ငွေ့ပါဝင်မှု(%) စသည့်ဖြင့် လည်ပတ်မှု အခြေအနေများ ပုံမှန်ဖြစ်စေရေးအတွက် လည်ပတ်မှု အချက် အလက်များ ပုံသေထား၍ ဆောင် ရွက်ခြင်း၊ လေထုအတွင်း စေလွှတ်မည့် ဓာတ်ငွေ့မှ SO_2 ပါဝင်မှုအား ၂၄ နာရီ ပျှမ်းမျှ (20)mg/m^3 အတွင်း ရှိစေရေးအတွက် ဆာလ်ဖာဒိုင် အောက်ဆိုဒ် ဓာတ်ငွေ့ လျှော့ချရေးကရိယာ (Desulphirization Unit) တပ်ဆင်ခြင်း၊ ဓာတ်ငွေ့ယိုစိမ့် ပျံ့လွင့်မှု(Fugitive Emissions) များမရှိစေရေးအတွက် ဓာတ်ငွေ့ဖြတ်သန်းသည့် ပိုက်လိုင်းနှင့် ကိရိယာများအား စနစ်တကျစီမံ ဆောင် ရွက် ခြင်း နှင့် စစ်ဆေး ကြည့်ရှုခြင်း၊ အမြှုပ်ဖော်သန့်စင်ရာတွင်အခြား မလိုအပ် သည့် ဆာလ်ဖိုဒ် သတ္တုများကို ဖယ်ထုတ်ရန်နှင့် ခနောက်စိမ်း ဆာလ်ဖိုဒ်၏ ဆာလ်ဖာ ပါဝင်မှုအား ကန့်သတ်ထားခြင်း၊ ဆာလ်ဖာပါဝင်မှုနည်း သော လောင်စာ အားအသုံးပြုခြင်း၊ လေထုတွင်းသို့ လွှတ်ထုတ်မည့် ဓာတ်ငွေ့ပမာဏ (m^3/hr) နှင့် SO_2ပါဝင်မှု (mg/m^3) တိုင်းတာစစ်ဆေးမည့် တိုင်းတာရေးကိရိယာ (Flow Meter & Gas Analyzer)များကို တပ်ဆင်ဆောင်ရွက်ခြင်း၊ လုပ်ကွက်အတွင်း ဝန်ထမ်းနေအိမ်များနှင့် ဆက်စပ်ဒေသလေထု အတွင်း အမှုန်အမွှား (PM_{10}, $PM_{2.5}$)ပါဝင်မှု၊ ပါဝင်မှုတို့အား တိုင်းတာ စစ်ဆေးခြင်း များဆောင်ရွက်ပါမည်။ သန့်စင်စက်ရုံတွင် လော်စာအဖြစ်အသုံးပြုသော ကျောက်မီးသွေး သိုလှောင်ရုံ ရှိရာနေရာ အမိုးမိုးခြင်းနှင့် စီးဆင်းရေသိုလှောင်သည့် နေရာအားစနစ်တကျ တည်ဆောက်ကာ ဆောင်ရွက်မည်ဖြစ်ပါသည်။	
၈	မြေထု ညစ်ညမ်းမှု	မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြု၍ ခနောက်စိမ်းအကြော အလိုက်၊ လားရာအတိုင်း တူးဖော်မည်ဖြစ်၍ စွန့်ပစ်ကျောက် ထွက် ရှိမှုမှာ နည်းပါးမည်ဖြစ်ပြီး စွန့်ပစ်ကျောက်များအား သတ္တုပိတ် သိမ်းမှုအကြိုကာလ အစီအစဉ်များအနေဖြင့် တူးဖော်ပြီးလိုဏ် ခေါင်းများအတွင်း ပြန်လည်	အခန်း(၇) ၇.၃.၅

		ဖြည့်ဆည်းပါမည်။ စွန့်ပစ်မြေစာပုံ များပေါ်တွင် မိုးကာလရွာသွန်းသော မိုးရေများကြောင့် မြေစာ အနည်များ တိုက်စား၍ မျောပါပြီး မြေထုညစ်ညမ်းမှု မရှိစေရေး အတွက် မြေစာပုံ ပတ်လည်တွင် မြောင်းများ တူးဖော်ခြင်းလုပ်ငန်း များအား ဆောင်ရွက်ပါမည်။	
၉	ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှု	ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးအတွက် ဘေးအန္တရာယ်ရှိ ပစ္စည်းများ နှင့် သုံးစွဲမှုပမာဏများ စာရင်းပြုစုထား ပါသည်။ ကျောက်ခွဲစက် နှင့် တူးဖော်ရေးလုပ်ငန်းများမှ အမဲဆီ၊ စက်ဆီ၊ ချော ဆီအဟောင်း များအား ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ ထုတ်ပြန်ခြင်း၊ ပညာပေး ခြင်း လုပ်ငန်းများ ဆောင်ရွက်ပါမည်။ အတင်/အချ ဧရိယာ၊ ပြုပြင် ထိန်းသိမ်းရေးဧရိယာများမှ စက်ဆီ/ချောဆီများ၊ အမဲဆီများနှင့် ဘေးအန္တရာယ် ဖြစ်စေသော ပစ္စည်းများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူ နိုင်သော ပစ္စည်းများဖြစ်သည့် လွှစာမှုန့်၊ သဲအစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပစ်ပါမည်။ စွန့်ပစ်စက်ဆီ ချောဆီများကို သီးသန့်ပီပါများတွင် ထည့်ပြီးမြေကတုတ်နှင့် ကုန်စည်တင်ရန် အခင်းပြားကို အမာခံပြုလုပ် ထားသော နေရာတွင်ထားသို၍ ဒုတိယအဆင့် ထိန်းချုပ်နိုင်သော ကိရိယာများတပ်ဆင်၍ ရာသီဥတုဒဏ်ခံနိုင်အောင် ပြင်ဆင်ပြီး ပေပါများကို ထားရှိမည်ဖြစ်ပါသည်။ ပေပါများတွင် ထည့်ထားသောပစ္စည်း အမည်စာရင်းကို မြင်သာအောင် ကပ်ထားပါမည်။ စက်ဆီ/ချောဆီများ ပြန်သုံးရန် မသင့်တော်ပါက မီးရှို့ဖျက်စီး ပစ်ပါမည်။ အသုံး မပြုတော့သော ယမ်းနှင့် ပေါက်ကွဲပစ္စည်းများသည် ယမ်းဖောက်ခွဲရန် တာဝန်ယူထားသော အဖွဲ့မှ ရှင်းလင်းပစ်ပါမည်။ ယိုဖိတ်မှု ရှင်းလင်းခြင်းနှင့် မီးသတ်ကိရိယာများကို အလွယ်တကူရရှိအောင် စီစဉ်ထားပါမည်။ ဝန်ထမ်းများကိုလည်း ၎င်းပစ္စည်းများ နှင့် အသုံးပြုပုံကို သင်တန်းပို့ချ ပေးထားပါမည်။ စွန့်ပစ်စက်ဆီ ချောဆီများကို စီမံကိန်းဒေသအတွင်းရှိ မည်သည့်မြေဆီလွှာနှင့် ရေကန်များပေါ်တွင် လုံးဝ စွန့်ထုတ်ခြင်းမပြုရန် သတ်မှတ် ဆောင်ရွက်ပါမည်။ ယမ်းနှင့်ဓာတုပစ္စည်းများ စွန့်ပစ်ရာတွင် မြေကျင်းများတူး၍ မိုးကာများ ထည့်သွင်းပြီး စနစ်တကျ ပြန်လည်ဖို့ထားရန် အမှတ်အသားများ ထားရှိမည်ဖြစ်ပါသည်။	အခန်း(၇) ၇.၃.၆

၁၀	ဂေဟစနစ်	မြေနေရာရှင်းလင်းမှု နည်းပါးစေရေးအတွက် မြေအောက်တူး ဖော်မှု နည်းစနစ်ကို အသုံးပြုဆောင်ရွက်ခြင်း၊ စွန့်ပစ်မြေစာများ စုပုံခြင်း၊ သတ္တုရိုင်းများ စုပုံခြင်း၊ အဆောက်အဦများ တည်ဆောက်ခြင်း၊ လုပ်ငန်း များတွင် မြေယာအသုံးချမှုအနည်းဆုံးဖြစ်စေရေး အတွက် စီမံဆောင်ရွက ခြင်း၊ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ခြင်း ၊ မြေယာအသုံးချမှုများအတွက် ဆုံးရှုံးသော သစ်ပင်များ အား အစားထိုး စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပါမည်။	အခန်း(၇) ၇.၃.၇
၁၁	ဇီဝမျိုးစုံ/မျိုးကွဲများ ဖြစ် ထွန်းမှုအား ထိခိုက်မှုနှင့် လျော့ချမည့်နည်းလမ်း များ	လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုး စိုက်ပျိုးခြင်း၊ဇီဝမျိုးစုံ/မျိုးကွဲများဖြစ်ထွန်းမှု ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းမပြုမီ လက်ရှိ ပတ်ဝန်းကျင်အခြေအနေတွင် ဇီဝမျိုးစုံ/မျိုးကွဲဖြစ်ထွန်းမှု အခြေအနေများ အား စစ်ဆေးရယူ၍ မှတ်တမ်းပြုစုထားမည်ဖြစ်ပါသည်။ ဇီဝမျိုးစုံ /မျိုးကွဲ များ ကျက်စားနိုင်ရန်အတွက် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်း၊ ရေကန်များ တူးဖော်ပေးခြင်းတို့ ဆောင်ရွက်ထား ပါမည်။	အခန်း(၇) ၇.၃.၇
